မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၅၅)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ်အစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ်အစည်းအဝေး၌ အမှာစကားပြောကြား

နိုင်ငံတော်အစိုးရအနေနဲ့ မသန်စွမ်းသူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အဓိကထား စီစဉ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၁

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ်အစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက မသန်စွမ်းသူများအနေဖြင့် မသန်စွမ်းမဟုတ်သူ အခြားနိုင်ငံသားများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိစေရေး ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အရေးကိစ္စတို့ကို ကမ္ဘာတစ်ဝန်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနဆန်းစစ်ချက်များအရ မသန်စွမ်းသူများသည် မညီမျှမှုအခြေအနေတို့ကို ဆက်လက်ကြုံတွေ့နေဆဲဖြစ်သည်ဟု သိရှိရပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းသူများသည် ပညာသင်ကြားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှု အားနည်းခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားရနိုင်ခြေပိုများသည်ကို တွေ့ရှိရပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❏

စီးတီးဘတ်စ်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်နေ

ရန်ကုန် ဇွန် ၁၁

မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယာဉ်အိုယာဉ်ဟောင်းများနေရာတွင် ယာဉ်သစ်များ အစားထိုးပြေးဆွဲနိုင်ရန်အတွက် စီးတီးဘတ်စ်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

"အခုလောလောဆယ်မှာတော့ ဒေဝူးစီးတီးဘတ်စ် BS 106 နဲ့ လက်စတာမီနီဘတ်စ် နှစ်မျိုးကို တပ်ဆင်ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ရှေ့ပြေးထုတ်လုပ်မှုအနေနဲ့ BS ငါးစီးနဲ့ လက်စတာငါးစီးကို စပြီးထုတ်နေပါပြီ။ ဒါက ကျွန်တော်တို့ရဲ့အင်ဂျင်နီယာတွေကို ကိုရီးယားပညာရှင်တွေကနေ အနီးကပ်ထုတ်လုပ်နိုင်အောင် သင်ကြားပေးနေတာ ဖြစ်ပါတယ်"ဟု Daewoo Bus Myanmar ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်ကျော်အောင်က ပြောကြားသည်။

အဆိုပါ မော်ဒယ်သစ်ကားနှစ်မျိုးမှာ ကိုရီးယားနိုင်ငံတွင် လက်ရှိထုတ်လုပ်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှလည်း ထုတ်လုပ်ခွင့်ရှိကာ နိုင်ငံတွင်းသာမက ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ကားများ ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံ၌

စာမျက်နှာ ၃ ကော်လံ ၅ ◆

ထိုင်းဘုရင်က ပရာယွတ် ချန်အိုချာကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည့် တော်ဝင်အမိန့်ထုတ်ပြန်

နိုင်ငံတကာသတင်း စာ » ၁၄

KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

စည်းကမ်းလိုက်နာမှု ဘေးရန်ကွာကြမည်

ဖျာပုံတွင် ယမန်နေ့နံနက်စောစောအချိန် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုက ထိတ်လန့်ဖွယ်ရာဖြစ်သည်။ ရင်နင့်ဖွယ်ရာဖြစ်သည်။ ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများကို ထိထိရောက်ရောက်၊ ကြပ်ကြပ်မတ်မတ်ကိုင်တွယ်ရန်၊ အရေးယူရန် လိုအပ်နေသည်ကို ညွှန်ပြနေသည်ဟုလည်း ရှုမြင်မိသည်။ ယာဉ်မောင်းတစ်ယောက်၏ စည်းကမ်းမဲ့မှု၊ ဆင်ခြင်တုံတရားမဲ့မှု၊ တာဝန်မဲ့မှု စသည့် အရင်းခံအကြောင်းများကြောင့်လည်း ယခုကဲ့သို့ ဖြစ်ရပ်ဆိုးပေါ်ပေါက်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် နှစ်ကုန်ပိုင်းအထိ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်စီးရေ ၇ ဒသမ ၂ သန်း ရှိနေသည်။ လမ်းများပေါ်တွင် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းသူ ၅၅ ဒသမ ၄၃ ရာခိုင်နှုန်းတို့မှာ ယာဉ်မောင်းလိုင်စင်မရှိကြဟုလည်း ဆိုသည်။ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်နေကြသူများမှာ ယာဉ်မောင်းသူ လူဦးရေ၏ ထက်ဝက်ကျော်ကျော်ဖြစ်နေသည့်အလျောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိနားလည်မှုမရှိဘဲ မောင်းနှင်နေသူများက အများစု ဖြစ်နေသည်ဟု ယူဆရမည်ဖြစ်သည်။ ဖျာပုံတွင် ဖြစ်ပေါ်ခဲ့သည့် အထက်ပါဖြစ်ရပ်တွင်လည်း မရပ်ရသည့်နေရာတွင် ရပ်ထားခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် မဖြစ်မနေရပ်ရပါလျှင်လည်း ယခုကဲ့သို့ အန္တရာယ်များမဖြစ်ပွားရေးအတွက် လုံလောက်သည့်အချက်ပြမီးများ၊ ရောင်ပြန်များ စသည်တို့ကို ပြသရန် ပျက်ကွက်ခြင်း၊ မော်တော်ယာဉ်၏ အလျားထက်ပိုရှည်သော အရာဝတ္ထုများကို သယ်ဆောင်လာရာတွင်လည်း သတ်မှတ်ထားသည့် ချိတ်ဆွဲရမည့် အရာများကို မချိတ်ဆွဲခြင်း စသည့်ပျက်ကွက်မှုများ ရှိကြောင်း သတင်းများတွင် တွေ့ရသည်။ ယင်းကဲ့သို့ပင် မြန်မာနိုင်ငံအနှံ့အပြားရှိ အဝေးပြေးလမ်းများထက် ညမှောင်မှောင်တွင် လမ်းပေါ်တက်ကာ ရပ်နားထားသော ကုန်တင်ယာဉ်များ၊ လူစီးယာဉ်များကြောင့် ယာဉ်တိုက်မှုဖြစ်ကာ လူ့အသက်သေဆုံးမှုများကို မကြာခဏ တွေ့မြင်ကြားသိနေရသည်။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများအတွင်း လူသေဆုံးမှုနှုန်းမှာ ယမန်နှစ်က မော်တော်ယာဉ် ၁၀၀၀၀ လျှင် လူသေဆုံးမှု ၇ ဒသမ ၁၈ နှုန်း ရှိသည်ဟုဆိုသည်။ ယာဉ်တိုက်မှု စုစုပေါင်း၏ ၉၈ ဒသမ ၀၂ ရာခိုင်နှုန်းမှာ လူကြောင့်ဖြစ်ရသည်ဟုလည်း ဆိုထားသည့်အတွက် မော်တော်ယာဉ်မောင်းသူတိုင်း၊ မော်တော်ကားလမ်းကို အသုံးပြုသူတိုင်း သတိမူကြဖို့ပင်ဖြစ်သည်။ ယာဉ်တိုက်မှုတိုင်းတွင် ယာဉ်မောင်းသူများ မဆင်မခြင်မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာမှု အားနည်းခြင်းတို့ကိုသာ အဓိကတွေ့ရကြောင်း ရဲစစ်ဆေးချက်တို့ကလည်း ဆိုထားသည်။ မဆင်မခြင်မောင်းနှင်မှုများ လျော့ကျလာပါမှ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတို့ကို သိရှိမှု၊ လိုက်နာမှုတို့ မြင့်မားအားကောင်းလာပါမှ မြန်မာနိုင်ငံတွင် ယာဉ်တိုက်မှုကြောင့် လူသေဆုံးဒဏ်ရာရမှုတို့ နိုင်ငံတကာထက် မြင့်မားသည့်နှုန်းသို့ ရောက်ရှိနေသည့် အခြေအနေကို လျော့ကျစေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယာဉ်တိုက်မှုများနှင့်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းကျဆင်းရေး၊ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေသည် အခြေခံနှစ်ဖြစ်သည့် ၂၀၁၃ ခုနှစ်အတွင်း သေဆုံးမှု၏ ထက်ဝက်သို့ လျှော့ချရေးဟူသော အဓိက ရည်မှန်းချက်များဖြင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ၂၀၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀) ကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည့်အလျောက် သက်ဆိုင်ရာတို့အနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်ကြရေး၊ ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူတိုင်း မိမိတို့၏ကိုယ်ပိုင်အသိစိတ်ဓာတ်များဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

သက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် သက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ ဆွေးနွေးပွဲ ၂၀၁၉ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ LIFT Fund ၏ အလှူရှင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Andrea Faulkner တို့က အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဦးသောင်းထွန်း သက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေဆွေးနွေးပွဲ ၂၀၁၉ ဖွင့်ပွဲအခမ်းအနား၌ ပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

LIFT Fund သည် Multi-Donor Trust Fund တစ်ခုဖြစ်ပြီး ၎င်း၏ ဌာနခွဲကို မြန်မာနိုင်ငံ၌ ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးကဏ္ဍ၊ သက်မွေးမှုကဏ္ဍ၊ အသေးစားချေးငွေကဏ္ဍ၊ အာဟာရပြည့်ဝရေးကဏ္ဍနှင့် ရွှေ့ပြောင်းသွားလာနေထိုင်မှုကဏ္ဍများတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀၉ သန်းဖြင့် ကျေးလက်နေပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများနှင့် ဆင်းရဲနွမ်းပါးသည့်လူထုအတွက် လူနေမှုဘဝ တိုးတက်မြင့်မားရေးကို အဓိကဦးတည် ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တောင်ငူခရိုင်အတွင်း ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၁

ကျေးလက်နေလူငယ်များ၊ ကျောင်းသားကျောင်းသူများ စာအုပ်စာပေနှင့် နီးစပ်ပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်အတွက် ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီက တောင်ငူခရိုင် အုတ်တွင်းမြို့ရှိ သစ်တောအခြေခံပညာ မူလတန်းလွန်ကျောင်း၊ ဟင်းငုတ်ပင်အထကခွဲနှင့် ထန်းတပင်မြို့နယ်ရှိ အခြေခံပညာကျောင်းနှစ်ကျောင်းတွင် ပြုလုပ်သည်။

သုံးဘီး မော်တော်ဆိုင်ကယ်များဖြင့် ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူများအား ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်း၊ ရုပ်ပုံစာအုပ်များဖြင့် ပုံပြင်ပြောခြင်း၊ ဘုတ်ပြားပြဇာတ်၊ စက္ကူပြဇာတ်များ အသုံးပြု၍ သရုပ်ပြပုံပြင်ပြောခြင်း၊ ကလေးရုပ်ပြစာအုပ်များကို ဖတ်ရှုစေခြင်း၊ ကလေးရုပ်ပြစာအုပ် ၁၀၀ စီ ငှားရမ်းပေးခြင်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ဆက်လက်ဆောင်ရွက်သွားမည်

ထိုသို့ တောင်ငူခရိုင်အတွင်း ဆောင်ရွက်ခြင်းကို ယမန်နေ့က တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များရှိ ကျောင်းနှစ်ကျောင်းစီတွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၂ ရက်တွင် ဖြူးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းနှစ်ကျောင်းစီတွင်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလေ့အထကောင်းများ ဖြစ်ပေါ်နိုင်

ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းကို သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် လှည့်လည်ဆောင်ရွက်ရာတွင် ကျောင်းတစ်ကျောင်းလျှင် ကလေးရုပ်ပြစာအုပ် ၁၀၀ ကို တစ်လတစ်ကြိမ် လဲလှယ်ငှားရမ်းပေးပြီး ဖတ်ရှုစေခြင်း၊ ရုပ်ပုံစာဖြင့် ပုံပြင်ပြောခြင်း၊ ဘုတ်ပြားပြဇာတ်၊ စက္ကူပြဇာတ်များ အသုံးပြု၍ သရုပ်ပြပုံပြင်ပြောခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ရာ ကလေးငယ်များ စာဖတ်စွမ်းရည် တိုးတက်မြင့်မားလာခြင်း၊ စာဖတ်သည့် အလေ့အထကောင်းများ ပိုမိုမြင့်တင်ပေးနိုင်ခြင်း၊ ဆရာ ဆရာမများအနေဖြင့် စာအုပ်များကို သင်ထောက်ကူပစ္စည်းအဖြစ် အသုံးချနိုင်ခြင်း၊ ပုံပြင်နားထောင်၍ ပြန်လည်ပြောဆိုတတ်ခြင်း၊ စာအုပ်များ ငှားရမ်းဖတ်ရှုလိုစိတ် အလေ့အထကောင်းများ ဖြစ်ပေါ်နိုင်ခြင်းများ ရရှိနိုင်သည်ဟု SVA မှ ဂျပန်နိုင်ငံသူ ဒါရိုက်တာ အကီနာကဟာရက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့သည် မြန်မာနိုင်ငံတွင် ကလေးများအတွက် စာအုပ်များထုတ်ဝေရန်၊ စာဖတ်စွမ်းရည် တိုးတက်လာစေရန်၊ စာတတ်မြောက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၄ ခုနှစ်မှစ၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ၁၄ မြို့နယ်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ရှစ်နယ်တွင် လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ဇွန်လမှစ၍ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်နယ်တွင် တစ်မြို့နယ်လျှင် အခြေခံပညာကျောင်း ၁၅ ကျောင်းစီ ရွေးချယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအား ရုပ်ပုံစာအုပ်များ ပုံပြင်ပြောနေစဉ်။

သတင်းစဉ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၁၁

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ကမမောင်းမြို့တွင် ၂ ဒသမ ၃၅ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဂွမြို့၊ မုဒုံမြို့နှင့် လောင်းလုံးမြို့တို့တွင် ၂ ဒသမ ၀၇ လက်မစီ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ လပွတ္တာမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ကလေးဝမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၈၆ လက်မစီနှင့် မအူပင်မြို့တွင် ၁ ဒသမ ၈၁ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

❑ *ရွှေဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) ကိုလည်းကောင်း၊ နည်းဥပဒေများ (၂၀၁၇) ကိုလည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေများတွင် ပါဝင်သည့် အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် စသည့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်

ထို့ပြင် အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို အထောက်အကူဖြစ်စေရန် ပညာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၊ သုတေသနဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့်ကလေးသူငယ်ရေးရာ ဆပ်ကော်မတီ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဆိုင်ရာ ဆပ်ကော်မတီတို့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေနဲ့ မသန်စွမ်းသူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အဓိကထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်နေရာတွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တစ်ရပ်ပေါ်ထွက်လာရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ပြီး မသန်စွမ်းမှတ်ပုံတင် ထုတ်ပေးခြင်းအားဖြင့် မသန်စွမ်းသူများအနေဖြင့်လူမှုရေးပြောင်းလဲမှု၊ လူမှုရေးပေါင်းစည်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြုသဘောဆောင်သည့် အမြင်များ မြို့ပြနှင့် ကျေးလက်ဒေသများတွင်ပါ သိရှိနားလည်စေရေးအတွက် အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

အမြန်ဆုံးသတ်မှတ်သွားရန်လို

မသန်စွမ်းသူများအတွက် မှတ်ပုံတင်ထုတ်ပေးရာတွင် မသန်စွမ်းမှုအဆင့်ကို (၃)ဆင့် ခွဲခြားသတ်မှတ်သွားမည်ဖြစ်ပြီး ပထမအဆင့် ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် UNICEF (မြန်မာ)တို့ ပူးပေါင်းရေးဆွဲထားသည့် မူကြမ်းကို အတည်ပြုဖို့လိုပါကြောင်း၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့အတွက် ခွဲခြားသတ်မှတ်မှုပုံစံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမြန်ဆုံးသတ်မှတ်သွားရန် လိုအပ်ပါကြောင်း၊ အဆင့်(၃) ဆင့်လုံးကို သတ်မှတ်ပြီးပါက ကနဦးစီမံကိန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်အနေဖြင့် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ မွန်ပြည်နယ်တို့တွင် မသန်စွမ်းအသင်းရုံးခွဲ (၉)ခု ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မသန်စွမ်းသူတွေအတွက် ဆောင်ရွက်သည့် နေရာတွင် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည့် သဘာဝဘေးနှင့် အခြားအရေးပေါ်

“ အနာဂတ်ကာလတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်၊ ယခုဆွေးနွေးပွဲမှ ဆွေးနွေးချက်၊ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းဆောင်ရွက် ”

အခြေအနေများ ဖြစ်ပါကြောင်း၊ ထိုသဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများကို ဆောင်ရွက်သည့် နေရာတွင် မသန်စွမ်းသူများကို ချန်လုပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်းအားဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို အမှန်တကယ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ မသန်စွမ်းမှုအလိုက် သီးသန့်လိုအပ်ချက်များ သိရှိနိုင်ရေးနှင့် ထိရောက်ပြီး ရေရှည်အကျိုးရှိနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် တိကျသည့် မသန်စွမ်းမှုဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ရှိထားရန် လိုပါကြောင်း။

ပူးပေါင်းဆောင်ရွက်ရန်လို

အချို့သော သတင်းအချက်အလက်များအရ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မသန်စွမ်းသူများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၂၅ မှု ဖြစ်ပွားခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေပါ ရည်ရွယ်ချက်နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူတွေရဲ့ ဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်းပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီ ယာယီဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဆိုင်ရာ ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မသန်စွမ်းသူကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ မဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်များက မသန်စွမ်းသူများ၏ အခွင့်အရေးများ ရရှိရေးတို့အတွက် ကဏ္ဍအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှုများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပညာပေးလုပ်ငန်းများ၊ အကြားအာရုံ မသန်စွမ်းသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများနှင့် အမြင်အာရုံမသန်စွမ်းသူများ ကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ မသန်စွမ်းမဲဆန္ဒရှင်များ မဲပေးနိုင်ရေးကိစ္စရပ်များနှင့် ဖြည့်ဆည်းပေးလိုသည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီတွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် အနာဂတ်ကာလတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်၊ ယခုဆွေးနွေးပွဲမှ ဆွေးနွေးချက်၊ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယသမ္မတသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဆိုင်ရာ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Saurabh Kumar အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် အိန္ဒိယနိုင်ငံသံအမတ်ကြီး **Mr. Saurabh Kumar** နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ညှိနှိုင်းတွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်နေမှု၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် IT နည်းပညာအသုံးပြုနိုင်ရေး အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

◆ *ရွှေဖုံးမှ*

ထုတ်လုပ်လျက်ရှိသော SKD အဆင့်ထက် များစွာမြင့်မားပြီး BS 106 မှာ CKD အဆင့်ဖြင့် လည်းကောင်း၊ လက်စတာ မီနီဘတ်စ်မှာ CKD အနိမ့်ဆုံးအဆင့်ဖြင့် တပ်ဆင်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်များ ထုတ်လုပ်တပ်ဆင်နိုင်ရန် မြန်မာအင်ဂျင်နီယာများကို ကိုရီးယားနိုင်ငံသို့ စေလွှတ်ကာ လေ့လာသင်ကြားစေခဲ့ပြီး ရှေ့ပြေးစမ်းသပ်ထုတ်လုပ်မှုများတွင် ကိုရီးယားအင်ဂျင်နီယာ ၂၁ ဦးက အနီးကပ်ကြီးကြပ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

Daewoo Bus Myanmar အနေဖြင့် တစ်နှစ်လျှင် အစီးရေ ၅၀၀ ခန့် ထုတ်လုပ်မည်ဖြစ်ပြီး ကားနှင့်ပတ်သက်၍ ဝန်ဆောင်မှုလုပ်ငန်းနေရာများကို ထောက်ကြန့်၊ မန္တလေး၊ နေပြည်တော်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ စီးတီးဘတ်စ်အမျိုးအစားဖြစ်သည့် BS 106 ကို စီအန်ဂျီနှင့် ဒီဇယ်နှစ်မျိုးလုံး ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် မော်ဒယ်သစ်ကားများအဖြစ် Express ကားများနှင့် Tour Bus များကိုလည်း ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကိုရီးယားနိုင်ငံရှိ ဒေဝူးကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း လုပ်ဆောင်ထားခြင်းဖြစ်ပြီး Daewoo Bus ကုမ္ပဏီမှ ၂၅ ရာခိုင်နှုန်း၊ Daewoo Bus Myanmar မှ ၇၅ ရာခိုင်နှုန်းဖြင့် စက်ရုံကို တည်ထောင်ထားခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ငါးသန်းမှ ခုနစ်သန်းအထိရှိပြီး လက်ရှိဝန်ထမ်း ဦးရေ ၁၀၀ ကျော်ရှိကာ ထပ်မံဖြည့်တင်းသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ Daewoo Bus Myanmar သည် ၂၀၁၇ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်-ပြည် လမ်းမကြီးဘေးရှိ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် (မြောက်)ရပ်ကွက်တွင် အကျယ် ၁၄ ဧကရှိ မြေကွက်ကို နိုင်ငံတော်အစိုးရထံမှ နှစ်ရှည်ငှားရမ်းကာ စက်ရုံတည်ဆောက်ထားခြင်းဖြစ်သည်။

ဒေဝူးကုမ္ပဏီသည် ကိုရီးယားနိုင်ငံတွင် ပထမဆုံးဘတ်စ်ကား ထုတ်လုပ်သော စက်ရုံတစ်ခုဖြစ်ပြီး နှစ်စဉ်ကားအစီးရေ ၁၅၀၀၀ ကျော် ထုတ်လုပ်လျက်ရှိကာ China, Costa Rica, Vietnam, Kazakhstan, Pakistan, Taiwan စသော ပြည်ပနိုင်ငံများတွင် SKD စနစ်ဖြင့် ထုတ်လုပ်နေခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတွင် ရှစ်နိုင်ငံမြောက်အဖြစ် စက်ရုံတည်ဆောက် ထုတ်လုပ်ခြင်းဖြစ်သည်။

ထင်ပေါ်ဝင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြင်သစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌ၊ ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌ၊ ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean- Marie Cambaceres အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် ပြင်သစ်- မြန်မာ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုခိုင်မာမှု မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြင်သစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ အခန်းကဏ္ဍများနှင့် နိုင်ငံအတွင်းတွင် နယ်ပယ်အသီးသီးရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုများအပြင် ကောင်စီအနေဖြင့် နိုင်ငံတကာလွှတ်တော်များမှ အတိုင်ပင်ခံကောင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြင်သစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌ၊ ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean- Marie Cambaceres အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် အစီရင်ခံစာ စတင်မိတ်ဆက်

နေပြည်တော် ဇွန် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် အစီရင်ခံစာစတင်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် အစီရင်ခံစာစတင်မိတ်ဆက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGOs, NGOs များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပြန်အလှန်ဆက်နွှယ်

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်အစီရင်ခံစာ စတင်မိတ်ဆက်ခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ကမ်းရိုးတန်းရေဝပ်ဒေသပျက်စီးခြင်း၊ ဒီရေတောနှင့် သန္တာကျောက်တန်းများပျက်စီးခြင်း၊ မြစ်ချောင်းများ တိမ်ကောခြင်းတို့သည် ရေနေသတ္တဝါမျိုးစိတ်များ၏ သားပေါက်ရာနေရာများကို အဓိကကျဆင်းစေသည့် အချက်များဖြစ်ကြောင်း၊ ငါးလုပ်ငန်း၏ ပြဿနာရပ်များသည် ငါးလုပ်ငန်းကဏ္ဍတစ်ခုတည်းအတွက် သာမကဘဲ အခြားသောကဏ္ဍရပ်များနှင့်လည်း အပြန်အလှန်ဆက်နွှယ်နေသကဲ့သို့ ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ပြဿနာရပ်များနှင့်ပါ ဆက်နွှယ်နေလျက်ရှိကြောင်း။

ငါးလုပ်ငန်းကဏ္ဍကို ခြိမ်းခြောက်

ငါးလုပ်ငန်းကို ဖျက်ဆီးနိုင်သောငါးဖမ်းဆီးမှုများ၊ လွဲမှားသည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုများ၊ မြေပြင်အခြေပြုသည့် ရေညစ်ညမ်းမှုများ၊ တရားမဝင်ငါးမွေးမြူမှုများ၊ အန္တရာယ်ဖြစ်စေသည့် မျိုးစိတ်များ၊ လူနေမှုထူထပ်လာမှုနှင့်အတူ ဖွံ့ဖြိုးလာမှုများ၊ ခရမ်းလွန်ရောင်ခြည်မြင့်မားလာမှုများ၊ ရာသီဥတုပြောင်းလဲမှုများနှင့် သမုဒ္ဒရာရေတို့တွင် အက်ဆစ်ဓာတ်မြင့်မားလာမှုများ စသည်တို့သည် ငါးလုပ်ငန်းကဏ္ဍကို ခြိမ်းခြောက်လျက်ရှိနေသည့် အန္တရာယ်များဖြစ်ကြောင်း။

ငါးသယံဇာတ လျော့ကျလာမှုနှင့်ပတ်သက်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြစ်စဉ်အကြောင်းအရာများကိုလေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ရာငါးလုပ်ငန်းကဏ္ဍကိုငါးအလွန်အကျွံ ဖမ်းဆီးမှုကသာ ခြိမ်းခြောက်ခြင်း မဟုတ်တော့ဘဲ ငါးထုတ်လုပ်မှု ကျဆင်းမှုကလည်း ခြိမ်းခြောက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

ထိုစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဂေဟစနစ်ကို အခြေခံသည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေရှည်ဖွံ့ဖြိုးမှုမူဝါဒများ ချမှတ်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

စီမံခန့်ခွဲရန်အလွန်အရေးကြီး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများကြွယ်ဝပြီး ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ အစုံအလင်ဆုံးတွေ့ရှိနိုင်သည့်နေရာတစ်ခုဖြစ်သည့်အတွက် နိုင်ငံ၏ သယံဇာတများကိုရေရှည်တည်တံ့စေသော နည်းလမ်းများနှင့် စီမံခန့်ခွဲရန် အလွန်အရေးကြီးကြောင်း။

ယခုအစီရင်ခံစာတွင် ဥပဒေကြောင်းအရ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေအနေများအရ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများ၊ စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ထားပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) ဆောင်ရွက်ခြင်းသည် ကြီးမားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုးသက်ရောက်မှုများကိုသတ်မှတ်ဖော်ထုတ်ပြီး စီမံခန့်ခွဲနိုင်ရန်အတွက် အရေးပါသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးစုပေါင်းပါဝင်မှုတို့ကိုလည်း ဟန်ချက်ညီစေမည် ဖြစ်ကြောင်း။

ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာစေနိုင်

သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ ပြည့်စုံလုံလောက်သည့် စီမံဆောင်ရွက်မှုများမရှိပါက သယံဇာတယိုယွင်းပျက်စီးခြင်း၊ ရေ၊ လေ၊ မြေညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ပြဿနာများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ မြို့ပြများလျင်မြန်စွာကြီးထွားလာခြင်းနှင့် စက်မှုလုပ်ငန်းများ တိုးတက်လာခြင်းတို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာစေနိုင်ပါကြောင်း။

ထို့ကြောင့် စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်ပြီး မကြာမီထုတ်ပြန်နိုင်ရန် စီစဉ်နေသည့် မြန်မာနိုင်ငံ အမျိုးသား စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များဖြစ်သော နိုင်ငံသားများ အားလုံးအတွက် ကောင်းမွန်သော စွန့်ပစ်ပစ္စည်းသိမ်းဆည်းသည့် ဝန်ဆောင်မှုစနစ်ဆောင်ရွက်ပေးခြင်း၊ မြို့ကြီးများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းနှင့် မီးရှို့ခြင်းများကို လျှော့ချပြီး ပတ်ဝန်းကျင်ကိုထိခိုက်မှုမဖြစ်စေသည့် စွန့်ပစ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား သတ်မှတ်ပြဋ္ဌာန်းခြင်း စသည့်အချက်များကို ရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် The World Bank Environment and Natural Resources Program မှ Regional Manager Mr.Christophe Crepin က မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် အစီရင်ခံစာ ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

ဘက်စုံထောင့်စုံမှရှုမြင်သုံးသပ်

ယနေ့ မိတ်ဆက်တင်ပြသည့် မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက် အစီရင်ခံစာတွင် သစ်တောကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ်နှင့် အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ ပလတ်စတစ်နှင့် လေထုညစ်ညမ်းခြင်း စသည့်ကဏ္ဍများ၏ အခြေအနေကို ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်ထားပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်လာစေရေးအတွက် လုပ်ဆောင်ရန်လိုအပ်သည့် သီးခြားလုပ်ငန်းစဉ်များ၊ အကြံပြုချက်များနှင့် လမ်းပြမြေပုံတို့ကို ဖော်ထုတ်တင်ပြထားသည်။

လိုအပ်ချက်များဖြည့်ဆည်း

အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ၏ ဦးတည်ရာ အလားအလာများကို ပိုမိုသိရှိနားလည်စေခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လိုက်နာဆောင်ရွက်စေခြင်းအပါအဝင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာစနစ် ပိုမိုအားကောင်းလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် လေထုညစ်ညမ်းမှုများကိုစောင့်ကြပ်ကြည့်ရှုမှု၊ စီမံခန့်ခွဲမှုများ၏ အရေးပါပုံတို့ကိုကောင်းစွာ သိရှိနားလည်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌနှင့် ပြင်သစ်လွှတ်တော်ကိုယ်စားလှယ်ဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌနှင့် ပြင်သစ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean-Marie Cambaceres အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံလွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ပြင်သစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ဖွဲ့စည်းမှု၊ ဆောင်ရွက်မှုများနှင့် အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြင်သစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကောင်စီ၏ ဥရောပနှင့် နိုင်ငံတကာရေးရာဥက္ကဋ္ဌနှင့် ပြင်သစ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean-Marie Cambaceres အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

RFID စနစ် အကောင်အထည်ဖော်ရေးအတွက် လမ်းဘေးမြေများအသုံးချခွင့်နှင့် လျှပ်စစ်မီးရရှိရေး၊ Infrastructure များ တည်ဆောက်ရေး၊ လုံခြုံရေး၊ အခြားTransport Facilities များနှင့် ချိတ်ဆက်ဆောင်ရွက်ရေး ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Radio Frequency Identification (RFID) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါစနစ် အကောင်အထည်ဖော်ရေးအတွက် လမ်းဘေးမြေများ အသုံးချခွင့်နှင့် လျှပ်စစ်မီးရရှိရေး၊ Infrastructure များ တည်ဆောက်ရေး၊ လုံခြုံရေး၊ အခြား Transport Facilities များနှင့် ချိတ်ဆက်ဆောင်ရွက်ရေးကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက RFID စနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ Consulting Agency ငှားရမ်းရေးစိစစ်ရွေးချယ်ဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက RFID စနစ်အကောင်အထည်ဖော်ရေး Conceptual Plan ပါကိစ္စရပ်များ၊ Consulting Agency နှင့် Contract Agreement ချုပ်ဆိုပြီး feasibility Study ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ ဝန်ကြီးဌာနများနှင့် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များ၊ RFID စနစ်အတွက် ပြည်တွင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ရေးကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ဝိုင်းဝန်းအကြံပြုဆွေးနွေး

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယာဉ်စီးရေ တိုးတက်မှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကိုဖြေရှင်းနိုင်ရန်၊ ယာဉ်များကို စစ်ဆေးကြပ်မတ်နိုင်ရန်၊ ဥပဒေကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် မော်တော်ယာဉ်များအား အလွယ်တကူစိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ရန်နှင့် တရားမဝင်မှတ်ပုံတင်မဲ့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား စစ်ဆေးထိန်းချုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် RFID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ တရားဝင်မှတ်ပုံတင်ထားသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အားလုံးကို သတ်မှတ်ကာလအတွင်း RFID Sticker (သို့မဟုတ်)RFID Tag များ တပ်ဆင်ပေးခြင်းဖြင့် မှတ်ပုံတင်မဲ့ (Without) ယာဉ်များ၊ ဆိုင်ကယ်များကို အလွယ်တကူစစ်ဆေးထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တစ်ပြိုင်တည်းတည်ဆောက်သွားမည်

Conceptual Plan အရ ပြည်ထောင်စုလမ်းမကြီးများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ကြီးများရှိ မြို့တွင်းအဓိကလမ်းဆုံများ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၏ အချက်အချာကျသော နေရာများတွင် RFID Reader and Antenna များကို တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်သွားမည်ဖြစ်ပြီး Main Data Center နှင့်Control Center များကိုလည်း တစ်ပြိုင်တည်း တည်ဆောက်သွားမည်ဖြစ်သည်။

RFID စနစ်အကောင်အထည်ဖော်ရေး အကြံပေးဝန်ဆောင်မှုလုပ်ငန်းအတွက် တင်ဒါအောင်မြင်ထားသည့် Moon Engineering Joint Venture Co.,Ltd နှင့် Contract စာချုပ်ကို လာမည့် ဇူလိုင်လပထမပတ်အတွင်း နှစ်ဖက် လက်မှတ်ရေးထိုးသွားမည်ဖြစ်ပြီးFeasibility Study ဆောင်ရွက်ခြင်း၊ တင်ဒါခေါ်ယူခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

RFID စနစ် အကောင်အထည်ဖော်ရေးအတွက် လမ်းဘေးမြေများအသုံးချခွင့်နှင့် လျှပ်စစ်မီးရရှိရေး၊ Infrastructure များ တည်ဆောက်ရေး၊ လုံခြုံရေး၊ အခြားTransport Facilities များနှင့် ချိတ်ဆက်ဆောင်ရွက်ရေးကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၁- နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှမိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

လားရှိုးခရိုင် သိန္နီမြို့နယ်ရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ မိုးစပါး၊ အစေ့ထုတ်ပြောင်းစိုက် တောင်သူများအား ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ဇွန် ၁၁ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကာကွယ်နည်းများကို ဆွေးနွေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

မောင်ကျော်ကြီး

ဗြိတိသျှကိုလိုနီခေတ် တောင်ငူမြို့၏ ပုံရိပ်လွှာများ

သောင်းကေတု

၁၈၅၂ ခုနှစ် ကုန်းဘောင်မင်းဆက် ပုဂံမင်းလက်ထက်တွင် ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်ပွားပြီး မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတို့ကို ဆုံးရှုံးခဲ့ရသည်။ ပဲခူးနယ်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ အကောင်းဆုံးကျွန်းတောကြီးများကို သိမ်းပိုက်နိုင်ရန်အတွက် စစ်တောင်းမြစ်ဝှမ်းတွင် ရေနီအထိ၊ ဧရာဝတီမြစ်ဝှမ်းတွင် သရက်၊ မြေထဲမြို့များအထိ သိမ်းယူခဲ့သည်။ မြန်မာဘုရင်လက်ထက် စစ်တမ်းများတွင် ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့၊ ပုသိမ်၃၂ မြို့၊ ကေတုမတီ ၅၂ မြို့ဟု ဖော်ပြသော မြို့၊ ရွာများ အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့ရပြီး ကေတုမတီ ၅၂ မြို့တွင် မြန်မာမင်းပိုင်နက်၌ ဧယျာသိမ်၊ (လော)တောင်ညို၊ ရန်အောင်မြင်၊ ပျဉ်းမနား(နင်းကြမ်း)၊ ဝါးနွယ်ကုန်း(လယ်ဝေး)၊ မင်းပြင်၊ ဝက္ကမူ၊ ကျောက်ချက်၊ ကျည်တောင်၊ လယ်မ၊ ချောင်းဂွ၊ တောင်ဝင်းစသော ၁၂ မြို့သာ ကျန်ခဲ့သည်။

ကေတုမတီတောင်ငူမြို့ကို သိမ်းယူပြီးမကြာမီ ၁၈၄၄ ခုနှစ်တွင် မြို့၏အရှေ့တောင်ထောင့်တွင် ခံတပ်တစ်ခုကို ဆောက်လုပ်ခဲ့ကြသည်။ မြို့အရှေ့တောင်ထောင့်တွင် တည်ထားသော သာရမဇ္ဈူမြို့ထောင့်စေတီကို ဖြိုဖျက်ပြီး အရှေ့ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုးပေါ်တွင် အုတ်ရိုးထပ်မြှင့်သည်။ မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် အုတ်တံတိုင်းအသစ် ကာရံသည်။ တောင်ငူမြို့သားများက မြို့လေးဟုခေါ်သော ခံတပ်ဖြစ်သည်။ ယခုတောင်ငူဘူတာဘက်တွင် အဝင်ဂိတ်ကြီးတစ်ပေါက်၊ အရှေ့ဘက်မြို့ရိုး တောင်ဘက်အစွန်ဆုံး တကောင်းတံခါးဝတွင် ဂိတ်ပေါက်တစ်ခု စုစုပေါင်းဂိတ်ပေါက် နှစ်ပေါက်ရှိသည်။

တောင်ငူမြို့ကို မြို့ကွက်သစ်ဖော်ထုတ်ပြီး လမ်းဖောက်သည်။ အရှေ့ဘက်မြို့ရိုး အလယ်တံခါး (အောင်နန်းတံခါး)မှ အနောက်ဘက်မြို့ရိုးစင်တံခါး၊ အရှေ့အနောက်တည့်တည့် လမ်းမတော်လမ်း (ယခု ဗိုလ်မှူးဖိုးကွန်းလမ်း)၊ တောင်ဘက်မြို့ရိုး ဒုတိယတံခါးဖြစ်သော ကုလားတံခါးမှ မြောက်ဘက်မြို့ရိုး ရန်အောင်မြင်တံခါးသို့ ဖောက်ထားသော ဘုရားလမ်းတို့မှာ မြို့ရိုးကို တိုးလျှိုပေါက်ဖောက်ထားသော လမ်းများဖြစ်သည်။ လမ်းအများစုမှာ အရှေ့အနောက်တည့်မတ်စွာ ထောင့်မှန်ကျကျ ဖောက်လုပ်ထားသည်။ မြန်မာမင်းများလက်ထက်က မြို့မှာမြို့ရိုးအတွင်းပိုင်းတွင်သာရှိပြီး ဗြိတိသျှခေတ်တွင် မြို့ရိုးအပြင်ဘက် အရှေ့ဘက်၊ အရှေ့တောင်ဘက်နှင့် တောင်ဘက်သို့ တိုးချဲ့လာခဲ့သည်။ စစ်တပ်ရေိယာ(Cantonment Area)၊ အရေးပိုင်ရုံး၊ သစ်တောရုံးများ၊ တရားရုံး မီးရထားဌာန၊ မိုင်ဒါကွင်း၊ အစိုးရနော်မံကျောင်း၊ သာသနာပြုကျောင်းများကို တိုးချဲ့မြို့ကွက်များတွင် တည်ဆောက်ခဲ့သည်။

ယခု(၁၉)ရပ်ကွက်နေရာသည် ယခင်က စစ်တပ်များ ထားရှိရာဖြစ်၍ တပ်မြေရပ်ကွက်ဟု ခေါ်သည်။ လမ်းအမည်များကို အင်္ဂလိပ်အမည်များ မှည့်ခဲ့ကြသည်။ ဥပမာ ဒင်နီယယ်လမ်း(ယခု မင်္ဂလာလမ်း)၊ ရောဂျာလမ်း(မင်းကြီးညိုလမ်း)၊ ဟတ်ဆင်လမ်း(သီတာလမ်း)၊ ကင်နီလမ်း(သုခလမ်း)၊ ဒါရင်လမ်း(ဒေါ်နလမ်း)၊ ပတ်တလေလမ်း(စာတိုက်လမ်း)၊စတီးလမ်း (ရန်ကုန်-မန္တလေးလမ်း)၊ မက္ကမံလမ်း (တပင်ရွှေထီးလမ်း)။

ထိုစဉ်က တောင်ငူမြို့သည် အင်္ဂလိပ်တို့အတွက် အရေးပါသော ရှေ့တန်းနယ်ခြားမြို့တစ်မြို့ဖြစ်သည်။ ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်းအရ တောင်ငူမြို့တွင် လူဦးရေ ၁၀၇၃၅ ဦးရှိပြီး နှစ်စဉ်လူဦးရေ တိုးပွားလျက်ရှိသည်။

ခုနှစ်	လူဦးရေ	တိုး/လျော့နှုန်း	မှတ်ချက်
၁၈၇၂	၁၀၇၃၅	+	စစ်တပ်ဦးရေများပြားလာ၍
၁၈၈၁	၁၇၁၉၁	+၆.၈ %	
၁၈၉၁	၁၉၂၃၂	+၁.၂ %	
၁၉၀၁	၁၆၂၄၆	- ၁.၆ %	
၁၉၁၁	၁၈၅၄၆	+၁.၅ %	
၁၉၂၁	၁၉၃၃၂	+၀.၄%	
၁၉၃၁	၂၃၂၂၁	+၂.၀%	
၁၉၄၁	၂၅၉၆၈	+၁.၂ %	
၁၉၅၃	၃၁၅၈၉	+၁.၈%	

အထက်မြန်မာနိုင်ငံကို မသိမ်းပိုက်မီ စစ်ဘက်ဆိုင်ရာလူဦးရေများပြားလာ၍ ၁၈၇၂- ၈၁ကြားတွင် လူဦးရေ ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီး အထက်မြန်မာနိုင်ငံသိမ်းယူအပြီးတွင် တပ်အင်အားပြောင်းရွှေ့သွား၍ ၁၈၉၁-၁၉၀၁ ကြားတွင် လူဦးရေလျော့နည်းသွားခြင်းဖြစ်ပါသည်။ နောက်ပိုင်းနှစ်များတွင် လူဦးရေမှန်မှန် တိုးတက်သွားသည်ကို တွေ့ရပါသည်။ ၁၉၁၁ ခုနှစ်တွင် သန်းခေါင်စာရင်းအရ တောင်ငူမြို့မှ၌ အိမ်ခြေ ၃၂၈၁ အိမ်၊ လူဦးရေ ကျား ၁၁၁၀၆၊ မ ၇၄၄၀ စုစုပေါင်း ၁၈၅၄၆ ဦး ရှိပါသည်။

တောင်ငူမြို့သည် တနင်္သာရီတိုင်းတွင် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရပြီးမှ ပဲခူးတိုင်းအတွင်း ပြန်လည်ပါဝင်လာခဲ့သည်။ ၁၈၇၄ ခုနှစ် နယ်မြေပိုင်းခြားပုံမှာ-

(၁) ရခိုင်၊ (၂)ပဲခူးနယ်၊ (၃) တနင်္သာရီနယ်ဟု သုံးနယ်ခွဲခြားပြီး ၎င်းနယ်များတွင်-

(၁) ရခိုင်= (က) စစ်တွေ စီရင်စု၊ (ခ) ရမ်းဗြဲစီရင်စု၊ (ဂ) သံတွဲစီရင်စု၊ (ဃ) ရခိုင်တောင်ရိုးစီရင်စု၊

(၂) ပဲခူးနယ် = (က) ရန်ကုန်စီရင်စု၊ (ခ) ပုသိမ်စီရင်စု၊ (ဂ) မြန်အောင်စီရင်စု၊ (ဃ) ပြည်စီရင်စု၊(င)သရက်စီရင်စု၊

(၃) တနင်္သာရီနယ်= (က) ကျိုက္ခမီစီရင်စု၊ (ခ) ထားဝယ်စီရင်စု၊ (ဂ) မြိတ်စီရင်စု၊ (ဃ) ရွှေကျင်စီရင်စု၊ (င) တောင်ငူစီရင်စု တို့ဖြစ်ကြပါသည်။ (၁၈၉၅ ခုနှစ်တွင် ရွှေကျင်ကို တောင်ငူစီရင်စုထဲသို့ ထည့်သွင်းသည်။) တစ်ခုစီအတွက် အရေးပိုင်တစ်ဦး၊ ၎င်း၏အောက်တွင် တရားသူကြီး၊ မြို့ပိုင်၊ နယ်ပိုင်၊ အခွန်ဝန်၊ မြို့သူကြီး၊ ကျေးရွာသူကြီး အဆင့်ဆင့်ခန့်ထားသည်။

အင်္ဂလိပ်-မြန်မာနယ်ခြားဖြစ်သော အာလံမြို့နှင့် တောင်ငူမြို့တွင်ရှိသော အကောက်ရုံးစာရင်းများအရ ၁၈၇၂ ဝင်ကုန်/ထွက်ကုန်တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်သည် -

ထွက်ကုန်		ဝင်ကုန်	
ဝါချည်	၂၂၃၆၈၅၅ ရူပီး	ဝါဂွမ်း	၁၂၈၀၁၃၄ ရူပီး
ငါးပိငါးခြောက်	၁၃၀၈၂၆၀ ။	ရှားစေး	၅၀၈၆၉၁ ။
အထည်အလိပ်	၄၅၂၀၂၂၃ ။	ထန်းလျက်၊ တင်လဲ	၇၁၇၄၀၅ ။
ဆန်စပါး	၆၂၂၃၃၆ ။	ပိုးထည်၊ ချည်ထည်	၈၉၉၅၇၀ ။
ဆား	၆၂၄၈၁၁ ။	နှမ်းဆီ	၈၀၀၃၃၄ ။
ပိုးစိမ်း	၁၀၇၄၄၆၈ ။	သစ်	၄၇၅၂၃၂ ။
အခြားကုန်များ	၂၉၂၉၉၇၃ ။	အခြားကုန်များ	၇၂၃၁၃၅၉ ။
	၁၃၃၁၀၉၂၆ ရူပီး		၁၁၉၁၀၇၂၅ ရူပီး

လမ်းပန်းဆက်သွယ်ရေး

ရှေးအခါက တောင်ငူမှ ရန်ကုန်သို့ ကုန်းလမ်းခရီးမှသွားလျှင် ရက် ၂၀ ခန့် သွားရသည်။ ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်း ဖွင့်လှစ်ပြီးနောက် ရန်ကုန်မှ တောင်ငူသို့ ရထားလမ်းဖောက်လုပ်ရန် စီစဉ်ခဲ့သည်။ ပဲခူး-တောင်ငူ မြေသားလမ်းပေါ်တွင် ရထားလမ်းပြုလုပ်ခဲ့ပြီး စစ်တောင်းမြစ်ဝှမ်း အစိုးရမီးရထားလမ်း (Rangon and Sittang vally state railway) ဟုခေါ်သည်။ ရူပီးငွေ ၁၃သန်း ကုန်ကျသည်။ ရန်ကုန်မှ ၉၃ မိုင်ဝေးသော ညောင်လေးပင်လမ်းပိုင်းကို ၁၈၈၄ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် လည်းကောင်း၊ ညောင်လေးပင်မှ ၇၄ မိုင်ဝေးသော တောင်ငူလမ်းပိုင်းကို ၁-၇-၁၈၈၅ ရက်နေ့တွင် လည်းကောင်း၊ ၁၈၈၆ ခုနှစ်တွင် မန္တလေးသို့ ဆက်လက်ဖောက်လုပ်ခဲ့ရာ ၁-၃-၁၈၈၉ ရက်နေ့တွင် ရန်ကုန်မှ ၃၈၅ ဒသမ ၅ မိုင်ဝေးသော မန္တလေးအထိ ရထားလမ်းပေါက်ခဲ့သည်။ ရထားဖြင့် ခရီးသည်ကုန်စည်သယ်ဆောင်မှု တိုးတက်လာပြီး ရထားလမ်းဘေးတွင် မြို့ ရွာများ ပေါ်ပေါက်လာခဲ့သည်။

၁၈၇၄ ခုနှစ်တွင် ပဲခူး-စစ်တောင်းတူးမြောင်းအရှည် ၃၇ မိုင်ကို ဖောက်လုပ်ခဲ့ရာ တောင်ငူမှာ သစ်ဖောင်များကို စစ်တောင်းမြစ်မှ မျှောချပြီး တူးမြောင်းမှတစ်ဆင့် ရန်ကုန်သို့ပို့ဆောင်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးလာပါသည်။ တောင်ငူ-သံတောင်လမ်း ၂၈ ဒသမ ၅) မိုင်ကို ၁၈၈၂ ခုနှစ် ဘုရင်ခံချုပ် သံတောင်သို့လာရောက်ပြီးနောက်တွင် ဖောက်လုပ်ခဲ့သည်။ သံတောင်တွင် ဗြိတိသျှစစ်တပ် အနားယူစခန်းပြုလုပ်ရန် ရွေးချယ်ခဲ့သည်။ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ဆောင်ရွက်ခဲ့ပြီး ရူပီးငွေ ၉၂၁၀၀၀ ကုန်ကျသည်။ ၁၉၀၅ ခုနှစ်တွင် စစ်တောင်းမြစ်ကူး တံတားကြီးကို ရူပီးငွေ ၃၈၀၀၀၀ အကုန်အကျခံပြီး ဆောက်လုပ်ခဲ့ပါသည်။

မြူနီစီပယ်ကော်မတီ-

၁၈၇၄ ခုနှစ်တွင် ရန်ကုန်-မန္တလေး-မော်လမြိုင်-စစ်တွေ-ပုသိမ်-ပြည်နှင့် တောင်ငူမြို့များတွင် မြူနီစီပယ်ဥပဒေပြဋ္ဌာန်း၍ ကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ တောင်ငူမြူနီစီပယ်အဖွဲ့တွင် အစိုးရအရာရှိကြီး သုံးဦး၊ ခန့်ထားသူခြောက်ဦး၊ ရွေးချယ်တင်မြှောက်သူ ခြောက်ဦး စုစုပေါင်း ၁၅ ဦးပါဝင်သည်။ အရေးပိုင်၊ ခရိုင်ဆရာဝန်ကြီးနှင့် PWD လမ်းလုပ်ငန်းဌာန အင်ဂျင်နီယာတို့မှာ အစိုးရခန့်ထားသူအရာရှိကြီး သုံးဦးဖြစ်သည်။ မြူနီစီပယ်အဖွဲ့တွင် အတွင်းရေးမှူးတစ်ဦး၊ အင်ဂျင်နီယာတစ်ဦးနှင့် စာရေး သုံးဦး ပါဝင်သည်။ ဖွားသေစာရင်း မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးသည်။

တောင်ငူမြူနီစီပယ်အဖွဲ့၏ (၁၉၁၁-၁၂) ရသုံးငွေစာရင်း

ရငွေ (၁၉၁၁-၁၂)		သုံးငွေ(၁၉၁၁-၁၂)	
(၁) အိမ်ခွန်၊ မြေခွန်	၂၀၂၁၉ ရူပီး	ပြုပြင်ထိန်းသိမ်းခြင်း	၃၃၁၁၄ ရူပီး
(၂) ပြုပြင်ထိန်းသိမ်းခွန်	၄၂၁၁၇ ။	ဆေးရုံဆေးပေးခန်း ထောက်ပံ့ငွေ	၁၆၁၃၈ ။
(၃) လျှပ်စစ်မီးပေးခြင်း	၁၄၇၈၁ ။	လမ်းခင်းခြင်း	၁၅၂၂၀ ။
(၄) ဈေးနှင့်သားသတ်ရုံ	၆၀၁၅၇ ။	ကျောင်းများထောက်ပံ့ငွေ	၁၀၉၄၈ ။
(၅) လမ်းတံတား ကူးတို့ဆိပ် အပေါင်ဆိုင်နှင့် အခြား	၃၂၂၆ ။		
စုစုပေါင်းရငွေ	၁၈၄၈၈၂ ။		၇၅၄၂၀ ရူပီး

ထိုစဉ်က မြူနီစီပယ်ကော်မတီဝင်လူကြီးများအမည်ဖြင့် မှည့်ခေါ်ထားသော လမ်းများမှာ ဦးမှုန်းလမ်း၊ ဦးပန်းဖြူလမ်း၊ ဦးမဲ့လမ်း၊ ဦးကာလမ်း(ဦးကာမှာ မြန်မာပညာရှိ အမတ်ကြီးဦးပေါ်ဦး၏ မြစ်ဖြစ်ပြီး နောင်တွင် တောင်ငူမဲဆန္ဒနယ်မှ အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသူ ဖြစ်ပါသည်)။

မြို့တွင်းလမ်းများကို ကတ္တရာလမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် စုစုပေါင်း ၂၄ မိုင်ကို ပြုပြင်ထိန်းသိမ်းခဲ့ကြောင်း တောင်ငူခရိုင် ဂေဇက်တီးယားတွင် ဖော်ပြထားပါသည်။

၁၉၀၆ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ရဲအတတ်သင်ကျောင်းကို တောင်ငူမြို့တွင် ပထမဆုံးဖွင့်လှစ်ခဲ့ပါသည်။ ၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့သို့ ပြောင်းရွှေ့သွားပါသည်။

ပညာရေး

မြန်မာမင်းများလက်ထက်က ဘုန်းတော်ကြီးကျောင်းများသည် မြန်မာတို့၏ အဓိကပညာဖြန့်ဝေရာ ဌာနများဖြစ်ခဲ့ပါသည်။ ၁၈၇၀ ပြည့်နှစ်တွင် တောင်ငူမြို့၏ ပညာရေးအခြေအနေမှာ ဘုန်းတော်ကြီးကျောင်း ၁၃၃ ကျောင်း၊ ကိုရင် ၁၇၆၄ ပါး၊ ကျောင်းသား ၄၇၃ ဦး စုစုပေါင်း ၂၂၃၇ ဦး ရှိပြီး လူကျောင်း ကိုးကျောင်း၊ ကျောင်းသား ၂၉၅ ဦး ရှိပါသည်။ နိုင်ငံခြားခရစ်ယာန်သာသနာပြုများ တောင်ငူမြို့သို့ ၁၈၅၃ ခုနှစ်တွင် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်ရှိလာပြီး အပြိုင်အဆိုင်သာသနာပြုခြင်းဖြင့် ခေတ်ပေါ်အနောက်တိုင်း စာပေသင်ကြားရေး ဖွံ့ဖြိုးတိုးတက်လာပါသည်။ ၁၈၅၃ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်နှစ်ခြင်းသာသနာပြုဆရာ Rev: F. Mason ထားဝယ်မှ ရောက်ရှိလာပြီး ကရင်လူမျိုးများအကြားတွင် သာသနာပြုခဲ့ပါသည်။ ပကူးကရင်၊ ဘွဲ့နှင့် မြန်မာ ဟု ၃ စုခွဲကာ သာသနာပြုသည်။ ၁၉၁၁ ခုနှစ်တွင် တောင်ငူခရိုင်၌ ဘုရားရှိခိုးကျောင်း ၁၈၇ ကျောင်း၊ စာသင်ကျောင်း ၈၉ ကျောင်း၊ ဘာသာဝင် ၁၈၅၁၆ ဦးရှိပါသည်။

စာမျက်နှာ ၇ သို့

တိုင်းရင်းဆေးရုံအုပ်ကြီးများနှင့် ဆေးရုံအုပ်များအတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

“တိုင်းရင်းဆေးရုံအုပ်ကြီးများနှင့် ဆေးရုံအုပ်များအတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်း (၁/၂၀၁၉)” ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားပရဆေးဥယျာဉ်(နေပြည် တော်)ရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးရုံအုပ်ကြီးများအနေဖြင့် လူနာများအား အရည်အသွေး ပြည့်ဝကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးနှင့် ဝန်ထမ်းများ လုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စေရေးတို့ကို စနစ်တကျ စီမံခန့်ခွဲရန်အတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များ ကောင်းမွန်မြင့်မားရေးသည် အရေးကြီးပါကြောင်း၊

လိုအပ်သည့်ဆေးဝါးများ ချိန်ညှိ

ဆေးရုံအုပ်ကြီးများအနေဖြင့် မိမိတို့ဆေးရုံများ၏ လုပ်ငန်းကိစ္စများကို မိမိ၏ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထား ဆောင်ရွက်သွားရန်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း မိမိ၏ ဆွေမျိုးရင်းချာများသဖွယ် ရင်းနှီးချစ်ခင်စွာဖြင့် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးကြစေရန် ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးရုံများတွင် ရောဂါအမျိုးအစားအလိုက် ဖြစ်ပွားမှု၊ ဆေးဝါးပစ္စည်းအမျိုးအစားအလိုက် အသုံးပြုမှု စသည့် စာရင်းဇယား သတင်းအချက်အလက်များကို စနစ်တကျထားရှိရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ တိုင်းရင်းဆေးစက်ရုံများအနေဖြင့် အဆိုပါစာရင်းဇယားများအရ လိုအပ်သည့်ဆေးဝါးများကို ချိန်ညှိ တွက်ဆထုတ်လုပ်နိုင်ခြင်း အပါအဝင် များစွာသောအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုသင်တန်းတွင် အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းပုံစံဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပြီး သင်တန်းပြီးဆုံးသည့်အခါ သင်တန်းတက်ရောက်ခဲ့သူများအား အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်၍ သင်တန်း၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ယခု သင်တန်းမှ အားနည်းချက်များကို မွမ်းမံပြင်ဆင်၍ နောင်ဆက်လက်ဆောင်ရွက်မည့်သင်တန်းများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းရင်းဆေးရုံအုပ်ကြီးများနှင့် ဆေးရုံအုပ်များအတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်း (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

လေ့လာရေးခရီး စီစဉ်ပေးမည်

တိုင်းရင်းဆေးရုံများတွင် ကုသမှုဆိုင်ရာ သုတေသနများ၊ clinical trial နှင့် အသုံးချသုတေသနများ တွဲဖက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အိမ်နီးချင်းနှင့် နိုင်ငံတကာနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်နိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်သူများကိုယ်စား ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး(မန္တလေး)၊ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (ပြည်) နှင့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (မော်လမြိုင်) တို့မှ ဆေးရုံအုပ်ကြီးနှင့် ဆေးရုံအုပ်များက သင်တန်းနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးအပ်ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက သင်တန်းပြုလုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့မှုများကို တင်ပြပြောကြားသည်။

ယခုသင်တန်းသည် တိုင်းရင်းဆေးရုံအုပ်များအတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုများကို သင်တန်းပို့ချဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် ဆေးရုံအုပ် ၂၄ ဦး တက်ရောက်လျက်ရှိကာ အလားတူသင်တန်းများကို ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကုသရေးဌာန ကြည့်ရှု

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ (မန္တလေး) သို့ သွားရောက်ခဲ့ပြီး အကြော၊ အရိုး၊ အဆစ်ရောဂါကုသရေးဌာနနှင့် အနာပေါက်ရောဂါကုသရေးဌာနတို့သို့ လှည့်လည်ကြည့်ရှုပြီး ရေရှည်ဆောင်ရွက်ရမည်များကို အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုရီးယား - မဲခေါင် ဇီဝမျိုးစုံမျိုးကွဲစင်တာ မြန်မာနိုင်ငံတွင် တည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

နေပြည်တော် ဇွန် ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေသည် ကိုရီးယားသမ္မတနိုင်ငံ Ministry of Environment ၏ ဒုတိယဝန်ကြီး Dr. Park Chunkyoo နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးညှိ့ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ကိုရီးယား-မဲခေါင် ဇီဝမျိုးစုံမျိုးကွဲစင်တာအား မြန်မာနိုင်ငံတွင် တည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသနနှင့် အသုံးဝင်ဇီဝအရင်းအမြစ်များဆိုင်ရာ သုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းကျင်းပမည့် အာဆီယံ-ကိုရီးယား ထိပ်သီးညီလာခံ၌ ကိုရီးယား-မဲခေါင် ဇီဝမျိုးစုံမျိုးကွဲစင်တာတည်ထောင်ရေးအား အစီအစဉ်တစ်ရပ်အနေဖြင့် ထည့်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ခြင်းဖလှယ်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ကိုရီးယား-မဲခေါင် ဇီဝမျိုးစုံမျိုးကွဲစင်တာ တည်ထောင်ခြင်းအားဖြင့် မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသနိုင်ငံများရှိ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး အသုံးဝင်ဇီဝအရင်းအမြစ်များနှင့် မျိုးရိုးဗီဇများအား ဖော်ထုတ်ထိန်းသိမ်းနိုင်မည်ဖြစ်သဖြင့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအား စီးပွားရေးတန်ဖိုးများအဖြစ် ပြောင်းလဲနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ကိုရီးယားသမ္မတနိုင်ငံ Ministry of Environment ၏ ဒုတိယဝန်ကြီး Dr. Park Chunkyoo နှင့် အဖွဲ့အား တွေ့ဆုံစဉ်။

စာမျက်နှာ ၆ မှ



ဒုတိယအဖွဲ့မှာ ရိုမန်ကက်သလစ်သာသနာပြုအဖွဲ့ဖြစ်ပြီး ၁၈၆၇ နှစ်တွင် တောင်ငူသို့ ရောက်ရှိသည်။ လိပ်သိုတွင် အခြေစိုက်ပြီး တောင်တန်းဒေသ ကရင်၊ ကရင်နီနှင့် ရှမ်းပြည်အထိ တိုးချဲ့စည်းရုံးသည်။ ၁၈၉၀ တွင် ဂိုဏ်းအုပ်ဘုန်းတော်ကြီး(Bishop) တစ်ပါး ခန့်အပ်ခြင်းခံရသည်။ ဘုရားရှိခိုးကျောင်းခြောက်ခု ဝတ်ပြုဆုတောင်းနေရာ ၁၆၄ ခုနှင့် စာသင်ကျောင်း ၂၈ ကျောင်း၊ သီလရှင်မိဘမဲ့ကျောင်းများရှိသည်။ ၁၉၁၁ ခုနှစ်တွင် ဘာသာဝင် ၉၉၄၀ ရှိပါသည်။ SPG အဖွဲ့သည် ၁၈၇၅ ခုနှစ်တွင် ရောက်ရှိလာသည်။ တောင်ငူခရိုင် အရှေ့မြောက်ပိုင်းရှိ ဘွဲကရင်၊ ပကူးနှင့် စကောကရင်များကြားတွင် သာသနာပြုခဲ့ပါသည်။ ဘုရားရှိခိုးကျောင်း ၅၁ ကျောင်း၊ စာသင်ကျောင်း ၂၃ ကျောင်းနှင့် ဘာသာဝင် ၄၀၄၃ ရှိကြောင်း ၁၉၁၁ ခုနှစ် သန်းခေါင်စာရင်းတွင် တွေ့ရှိရပါသည်။

တောင်ငူမြို့သည် ထိုအချိန်က ပညာရေးဗဟိုဌာနတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်။ တောင်ငူမြို့ပေါ်တွင် သာသနာပြုအဖွဲ့များမှ ဖွင့်လှစ်ထားသော ကျောင်းများမှာ-

၁။ SPG ကျောင်း (ဆေးရုံဟောင်းလမ်း မြို့ရိုးပေါ်ရှိ ယခု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနေရာ)၊

၂။ A.B.M အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့၏ BIXBY (ဈေးကြီးမြောက်ဘက်နဂါးရုံဘုရားနှင့် ပွဲစားလမ်းကြား) ကျောင်း၊

၃။ St Joseph Convent (Roman Catholic) အထက ၃ ၊ ယခုပညာရေးကောလိပ်၊

၄။ St Luke အထက်တန်းကျောင်း (ယခု အထက ၄)၊

၅။ St John Convent အလယ်တန်းကျောင်း (ယခုစစ်သားစုဆောင်းရေးနေရာ)၊

၆။ Bunker Memoreal High School (ယခု အထက ၆)၊

၇။ Paku Karen High School (ယခု အထက ၅)၊

၈။ St .Paul မူလတန်းကျောင်း (အရှေ့ဘက်ကမ်းခြသေ့်ဦး)၊

၉။ St. Anotony မူလတန်းကျောင်း၊ မိဘမဲ့ဂေဟာ (ရွှေဆံတော်ဘုရားအရှေ့ဘက်မုခ်)၊

၁၀။ St. Peter အထက်တန်းကျောင်း (မြစ်အရှေ့ဘက်ကမ်း)တို့ ဖြစ်သည်။

မြန်မာပြည်အရပ်ရပ်မှ ကျောင်းအိပ်ကျောင်းစား လာရောက်ပညာသင်ယူသူ အများအပြားရှိသည်။ အင်္ဂလိပ်စာပါမောက္ခ ဒေါ်သိန်းညွှန့်နှင့် ပထဝီဝင်ပါမောက္ခ ဒေါက်တာဒေါ်သင်းကြည်တို့မှာ St Joseph Convent ကျောင်းထွက်များ ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်အပြီးတွင် အမျိုးသားကျောင်းများပေါ်ပေါက်လာပါသည်။ တောင်ငူတွင် ရွှေဆံတော်ဘုရားမြောက်မုခ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ဦးသုမနကျောင်းတွင် ပထမဆုံးအမျိုးသားကျောင်းကို ဖွင့်လှစ်ခဲ့ပြီး ပထမဆုံးကျောင်းအုပ်ကြီးမှာ အရေးပိုင်ဟောင်း ဦးညီပုဖြစ်ပါသည်။ ထို့နောက် ဆရာကြီးဦးဖိုးကွန်း (ဗိုလ်မှူးဖိုးကွန်း) က ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် နန်းတော်ဟောင်းမြေကွက်ကို ရယူနိုင်ခဲ့ပြီး အမျိုးသားကျောင်း (ယခု အထက ၂) ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

Government Normal Teacher Training School အစိုးရ ဆရာဖြစ်သင် နော်မံကျောင်း ယခု အထက(၁) နေရာ စစ်တောင်းမြစ်ကမ်းပါးတွင် တည်ရှိသည်။ ၁၉၀၈ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးတွင် အစိုးရနော်မံကျောင်း ၁၂ ကျောင်းရှိသည်။ ဆရာများအတွက် ရှစ်ကျောင်းနှင့် ဆရာမများအတွက် လေးကျောင်းဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေနှင့် တောင်ငူတွင် ရှိသည်။ ၁၉၁၁ ခုနှစ်တွင် တောင်ငူအစိုးရနော်မံကျောင်း၌ ဆရာဖြစ်သင်တန်းသား ၃၈ ဦး တက်ရောက် သင်ကြားခဲ့ပါသည်။ အစိုးရနော်မံကျောင်းနှင့်အပြိုင် ဆရာတော် ဦးလက္ခဏ၏ ဗုဒ္ဓဘာသာဆရာဖြစ်အောင် နော်မံကျောင်းကို တောင်ငူမြို့ လေးကျွန်းကန်တော်ကြီးအနီး ကန်တော်ကျောင်းတွင် ၁၉၃၀ ခန့်က ဖွင့်လှစ်ခဲ့ပါသည်။ ထိုကျောင်းမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြ ဆရာမြောက်မြားစွာ မွေးထုတ်ခဲ့ပြီး တောင်ငူနယ်၏ပညာရေးကို ထွန်းတောက်စေခဲ့သည်။ ၁၉၃၀-၁၉၄၂ အတွင်း ဆရာဖြစ်သင်တန်းသား ၈၀၀ ကျော် မွေးထုတ်နိုင်ခဲ့သည်။ နိုင်ငံတစ်နံတစ်လျား ဒေသအနှံ့အပြား ရခိုင်၊ မွန်၊ ထီးလင်း၊ ဂန့်ဂေါ ၊ ရွှေဘိုကျွန်းလှ၊ ရေဝတီမြစ်ဝကျွန်းပေါ်ဒေသများမှ တက်ရောက်သင်ကြားခဲ့ကြသည်။ ဆရာတော် ဦးလက္ခဏသည် အမြော်အမြင်ကြီးစွာဖြင့် ဆရာ ဆရာမများ မွေးထုတ်သလို အခမဲ့ မူလတန်းကျောင်းများကို ဘုရားနှစ်ဆူ၊ ဗိုလ်ကတော်၊ ဆူးတပ်၊ ပိတောက်ကုန်း၊ စပါးကွယ်၊ ခုနစ်မိုင်ကျေးရွာများတွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ကျွန်တော်တို့ မူလတန်းကျောင်းနေစဉ် ကျောင်းအုပ်ဆရာကြီး၊ ဆရာမများမှာ ဆရာတော်ဦးလက္ခဏကျောင်းထွက်များပင် ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ အာရှမီဒီယာ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သောအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့၌ ဇွန် ၁၂ ရက် မှ ၁၄ ရက်အထိ Media Digitisation-Focusing on Developing Markets ဆောင်ပုဒ်ဖြင့် ကျင်းပမည့် အာရှမီဒီယာထိပ်သီးအစည်းအဝေး (၂၀၁၉) (Asia Media Summit 2019) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာတို့ လိုက်ပါသွားကြသည်။ **(ယာပုံ)**

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean-Marie Cambaceres အား လက်ခံတွေ့ဆုံပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သည် ပြင်သစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Jean-Marie Cambaceres နှင့် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကိစ္စ၊ လိုအပ်သည့်မူဝါဒများ၊ ဥပဒေနှင့် နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် သက်ဆိုင်ရာလွှတ်တော်အသီးသီးမှ အတည်ပြုနိုင်ရေး ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အဖြစ်မှန်ကိုသိရှိနိုင်ရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာအဆင့်ဆင့်မှ စဉ်ဆက်မပြတ် ဆောင်ရွက် နေမှု၊ နေရပ်စွန့်သူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ အသံ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အသံကို နားထောင်၍ ဆောင်ရွက်နေမှုများ၊ ပြင်သစ်နိုင်ငံ၏ လွှတ်တော်သုံးရပ်မှ တစ်ခု ဖြစ်သော အတိုင်ပင်ခံလွှတ်တော်၏ အခန်းကဏ္ဍနှင့် အဆိုပါ လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ်များ၊ သမ္မတမှ ခန့်အပ် ထားသော ကိုယ်စားလှယ်များမှ ပြည်သူအသံကို နားထောင်၍ အစိုးရဌာနများသို့ ဆွေးနွေးညှိနှိုင်းနေမှု၊ အဆိုပါစနစ်နှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံသို့ လာရောက်လေ့လာနိုင်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် သတင်းစာရှင်းလင်းပွဲကျင်းပ

ကူမင်း ဇွန် ၁၁

၂၀၁၉ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ပွဲတော် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကူမင်းမြို့ရှိ Haigeng Convention Center ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ပွဲတော် သတင်းစာရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

သတင်းစာရှင်းလင်းပွဲတွင် ရင်းနှီး မြှုပ်နှံကုန်သွယ်မှုဆွေးနွေးပွဲ အလုပ်အမှု ဆောင်ကော်မတီဥက္ကဋ္ဌ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး ကျန်းကိုဟွာက ကုန်စည်ပြပွဲသည် ရပ်ဝန်း နှင့် ပိုးလမ်းမကို အထောက်အကူပြုပေး နိုင်သည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာသမား များ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားပေးခဲ့ပြီး သတင်းစာရှင်းလင်းပွဲသို့ ဒေသတွင်း မီဒီယာများအပြင် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ သတင်း မီဒီယာသမားများ တက်ရောက်သတင်း ရယူခဲ့ကြသည်။

ထို့ပြင် တောင်အာရှနှင့် အရှေ့ တောင်အာရှနိုင်ငံများမှ သတင်းမီဒီယာ သမားများသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ယွီရှီးမြို့ Hilton Hotel ၌ ဒုတိယအကြိမ် တရုတ်-တောင်အာရှ ပြုလုပ်သည့် ဒုတိယအကြိမ် တရုတ်- တောင်အာရှ ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်သို့ တက်ရောက်သတင်းရယူခဲ့ကြ ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက် အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဇော်မင်းအောင်၊ စန္ဒာထွန်း

၂၀၁၉ ခုနှစ် မေလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၃၀၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၄၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော် ဇွန် ၁၁

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး အတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့်ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက် ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များ အတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှု မှာ ပုဂ္ဂလိကအနေဖြင့် ၂၂၁၁၇ ဦး၊ အစိုးရအလုပ်အကိုင်အနေဖြင့် ၁၉၀၂ ဦး ပေါင်း ၂၄၀၁၉ ဦးကို အလုပ်အကိုင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၈၂၃၇ ဦး၊ စင်ကာပူနိုင်ငံ သို့ ၃၇ ဦး၊ ကိုရီးယားနိုင်ငံသို့ ၃၇၇ ဦး၊ ထိုင်းနိုင်ငံသို့ ၂၀၉၇၇ ဦး၊ ဂျပန် နိုင်ငံသို့ ၆၅၈ ဦး၊ ယူအေအီးသို့ ၂၄ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၃၉ ဦး၊ ကာတာနိုင်ငံသို့ ၁၀ဦး၊ မကာအိုနိုင်ငံသို့ သုံးဦး စုစုပေါင်း ၃၀၃၂၆ ဦးကို စေလွှတ်၍ အလုပ်အကိုင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁၁

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး Mr. Dionisio da Costa Babo Soares ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရားဝင်ခရီးစဉ်အဖြစ် ယနေ့ည ၇ နာရီတွင် ဇန်ကောက်လေကြောင်းလိုင်းဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး Mr. Joao Freitas de Camara နှင့် တီမောလက်စ်တေသံရုံးတို့မှ တာဝန်ရှိသူများ က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြသည်။ **သတင်းစဉ်**

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Dionisio da Costa Babo Soares ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုစဉ်။

သတင်းစဉ်

ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် မြန်မာကျပ်ငွေ ၁၈၀၀၀ ဒသမ ၁၆ သန်း တန်ဖိုးရှိ ကျောက်စိမ်းအရိုင်းအတွဲ ၁၀၃၈ တွဲ ရောင်းချခဲ့ရ

နေပြည်တော် ဇွန် ၁၁
မြန်မာကျပ်ငွေဖြင့် ပြသရောင်းချသည့် ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ဆက်လက်ကျင်းပသည်။

ပြပွဲကျင်းပသည့် နံနက်ပိုင်းမှစတင်၍ ကျောက်စိမ်းအရိုင်းဝယ်ယူခွင့်ရရှိသူများ စာရင်းထုတ်ပြန်ကြေညာလျက်ရှိသည့် ကျောက်စိမ်းခန်းမအတွင်းနှင့် ကျောက်စိမ်းခန်းမအပြင်ဘက်ရှိ ကျောက်စိမ်းအရိုင်းပြကွက်များတွင် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက် ၁၀ နာရီတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် တာဝန်ရှိသူများနှင့်အတူ သတ်မှတ်ဇုန်များအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းပြကွက်များအား လေ့လာကြည့်ရှုပြီး ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် လေ့လာနေကြသည့် ကျောက်မျက်ရတနာကုန်သည်များအား ကြည့်ရှုအားပေးသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၀၅၀ တွဲထိ ပြသခဲ့ရာ မြန်မာကျပ်ငွေ ၁၈၀၀၀ ဒသမ ၁၆ သန်းတန်ဖိုးရှိ ကျောက်စိမ်းအရိုင်းအတွဲ ၁၀၃၈ တွဲ ရောင်းချခဲ့ရပြီး ဇွန် ၁၂ ရက်တွင် ကျောက်စိမ်းအရိုင်းအတွဲအမှတ် ၁၀၅၀ မှ ၂၁၀၀ ထိကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် အတွဲအမှတ် ၂၁၀၀ မှ ၃၁၀၈ တွဲအထိကို လည်းကောင်း ဆက်လက်ရောင်းချသွားမည်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ လေ့လာကြည့်ရှုစဉ်။ သတင်းစဉ်

"ကျောက်မျက်ရတနာတွေ ပြသရောင်းချတဲ့ပွဲမှာ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ ပြပွဲနဲ့ မြန်မာကျပ်ငွေနဲ့ ရောင်းချတဲ့ ပြပွဲဆိုပြီး ပြပွဲအမျိုးအစား နှစ်မျိုးရှိပါတယ်။ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ပြပွဲကတော့ နိုင်ငံခြားသားကျောက်မျက်ရတနာကုန်သည်တွေရဲ့ ဝယ်လိုအားကို ကြည့်ပြီး နိုင်ငံခြားငွေရရှိစေဖို့ ကျင်းပတာဖြစ်ပြီး မြန်မာကျပ်ငွေနဲ့ ရောင်းချတဲ့ပြပွဲကိုတော့ ပြည်တွင်းမှာရှိတဲ့ ကျောက်မျက်ရတနာ လုပ်ငန်းရှင်အငယ်တွေ ကျောက်ကုန်ကြမ်း ရရှိစေဖို့ဖြစ်ပြီး ရောင်းချတဲ့ ကုန်သည်တွေအတွက်လည်း မြန်မာကျပ်ငွေနဲ့ ပြသရောင်းချတဲ့နေရာ အခွင့်အလမ်းရရှိစေဖို့နဲ့ ငွေကြေးလည်ပတ်စေနိုင်ဖို့ ဖြစ်ပါတယ်။ ဒီလို ရည်ရွယ်ချက်တွေနဲ့ မြန်မာငွေနဲ့ ပြသရောင်းချပွဲတွေ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲ ဖြစ်ပေါ်လာပုံကို ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

"ပြပွဲမှာ ကျောက်စိမ်းအရိုင်းတွေနဲ့ ကျောက်မျက်ရတနာအရိုင်းတွေ ပါဝင်ပါတယ်။ ကျောက်မျက်ရတနာအရိုင်းတွေကို မိုးကုတ်မြို့က အများအားဖြင့် လာရောက်ဝယ်ယူကြပြီး ကျောက်စိမ်းအရိုင်းတွေကိုတော့ မန္တလေးမြို့မှာနေတဲ့ ကုန်သည်တွေ လာရောက်ဝယ်ယူကြတာ များပါတယ်၊ ပြပွဲစာရင်းအရ ကျောက်မျက်ရတနာကုန်သည် နှစ်ထောင်လောက် တက်ရောက်နေပါတယ်။ ရောင်းသူရော ဝယ်သူကိုပါ ရတနာကုန်သည်လို့ သတ်မှတ်ပြီး လက်ရှိဝယ်ယူသူ ၄၀၀ လောက် ရှိပါတယ်။ အာမခံစပေါ်ငွေ သွင်းသူတွေကို အမှန်တကယ်ဝယ်ယူမယ့် ရတနာ ကုန်သည်လို့သတ်မှတ်ပြီး ကျန်သူတွေက ပြသရောင်းချပွဲကို အထောက်အကူဖြစ်စေတဲ့သူတွေ ဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

" ဒီနေ့ကတော့ ကျောက်စိမ်းတွဲ ရောင်းချတဲ့ပထမနေ့ ဖြစ်ပါတယ်။ ဝယ်ယူခွင့်ရရှိသူတွေကို သေချာစွာစိစစ်ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချပေးခြင်းဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ဇုန်တွေမှာ အနီးစပ်ဆုံး ပုံသဏ္ဍာန်တူ၊ အမျိုးအစားတူ ကျောက်တွေကို အတွဲလိုက် ခင်းကျင်းပြသထားပါတယ်။ ကျောက်စိမ်းအရိုင်းအတွဲ ၃၁၀၈ တွဲ ပြသထားပါတယ်။ ကျောက်တွဲတစ်တွဲချင်းစီတိုင်းမှာ ကျောက်ရဲ့ တွဲအမှတ်၊ အလေးချိန်၊ အတုံးအရေအတွက်တွေကိုလည်း ဖော်ပြထားပါတယ်။ အဲဒါကိုကြည့်ပြီး အမြင့်ဆုံးပေးနိုင်တဲ့ ဈေးနှုန်းအဆိုပြုလွှာတွေကို တင်သွင်းရမှာ ဖြစ်ပါတယ်။ လုံလောက်တဲ့ အာမခံစပေါ်ငွေသွင်းထားပြီး ဈေးနှုန်းအများဆုံး ပေးတဲ့သူကို ဝယ်ယူခွင့်ထုတ်ပြန်ကြေညာပေးပါတယ်။ ကျောက်စိမ်းရဲ့ အခြေခံဈေးကို ကျပ် ၁၀ သိန်း သတ်မှတ်ထားပါတယ်။ အာမခံစပေါ်ငွေရဲ့၁၀ ဆ ဝယ်ယူခွင့်ပြုထားပါတယ်"ဟု အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက ပြောသည်။

အခွန် ကောက်ခံရရှိမှုများနှင့် ပတ်သက်၍လည်း ၎င်းက ဆက်လက်ရှင်းပြသည်။

"ပြည်ထောင်စု အခွန်အကောက် ဥပဒေအရ ကျောက်စိမ်းအရိုင်းတွေအပေါ်မှာ ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းတွေအပေါ် ၁၀ ရာခိုင်နှုန်း ပြဋ္ဌာန်းထားပါတယ်။ ကျောက်မျက်ရတနာဥပဒေအရ ဝန်ဆောင်ခအနေနဲ့ ကျောက်စိမ်းအရိုင်းထည်တွေအပေါ် ၃ ရာခိုင်နှုန်းနဲ့ အချောထည်အပေါ် ၁ ရာခိုင်နှုန်း ကောက်ယူပါတယ်"ဟု ပြောသည်။

ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရန် လေ့လာကြည့်ရှုလျက်ရှိသည့် ကျောက်မျက်ရတနာကုန်သည် ကိုအောင်သာထူးက "မန္တလေးကနေ လာရောက်ရခြင်းဖြစ်ပါတယ်။ မြန်မာကျပ်ငွေနဲ့ ပြသရောင်းချပေးတဲ့အတွက် အလွှာမျိုးစုံက လူတန်းစားမျိုးစုံ လာရောက်လေ့လာဝယ်ယူနိုင်တာပေါ့ဗျာ။ ကြမ်းခင်းဈေးကလည်း ကျပ် ၁၀ သိန်း သတ်မှတ်ထားတယ်ဆိုတော့ သူနိုင်တဲ့အတန်းနဲ့သူ ဝယ်ယူကြတယ်။ မြန်မာကျပ်ငွေနဲ့ဆိုတော့ လူတန်းစားမျိုးစုံ အဆင်ပြေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ကျောက်မျက်ရတနာဆိုတာ ဈေးကွက်အပေါ် မူတည်ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အကျိုးတူရောင်းဝယ်တဲ့နေရာမှာ ဝယ်ယူပြီးရင် အောင်နိုင်မယ်လို့ ယူဆရတဲ့ ကျောက်တွေကို တော်တော်များများတွေ့ရပါတယ်။ ကျောက်အရောင်းအဝယ်ဆိုတာကတော့ တစ်ဦးနဲ့တစ်ဦး အယူအဆမတူနိုင်ပါဘူး။ ကျောက်မျက်ရတနာ ကုန်သည်တွေအားလုံးကို အဆင်ပြေ ချောမွေ့စေချင်ပါတယ်။ မြန်မာ့ကျောက်မျက်ဈေးကွက် ပိုပြီးဦးမော့လာနိုင်စေချင်တယ်။ နိုင်ငံကို အခွန်မဆောင်ဘဲ ပြည်ပကို ခိုးထွက်နေတဲ့ လမ်းကြောင်းတွေကို တင်းတင်းကျပ်ကျပ်တားမြစ်စေချင်တယ်။ မန္တလေးမှာ ကျောက်မျက်ရတနာတွေ ရောင်းဝယ်တဲ့အခါ တရားဥပဒေနဲ့အညီ အာမခံပေးတဲ့ အဖွဲ့အစည်းတစ်ခု အခိုင်အမာရှိစေချင်တယ်။ ဒါမှလည်း မြန်မာ့ကျောက်မျက်ရတနာတွေဟာ ပိုပြီးတန်ဖိုးရှိလာမယ်၊ နိုင်ငံတော်လည်း အခွန်ငွေတွေ များများရမယ်၊ လူထုလူတန်းစားမျိုးစုံလည်း ပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်"ဟု ၎င်းဆိုသည်။

မင်းမင်းဇော်(ကလေးဝ)

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၁
ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၉) ပထမနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ကတိသစ္စာမပြုရသေးသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သူအောင်ဇော်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရန်ကုန်တိုင်းဒေသကြီး အဆင့် ဌာနအဖွဲ့အစည်းများမှ ရေးဆွဲတင်ပြချက်နှင့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် ဘတ်ဂျက်များအနေဖြင့်လည်း ကြိုတင်ပြုစုခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး အဖွဲ့အစည်းများအနေဖြင့် တင်ပြချက်များကိုလည်း မတ် ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အပြီးသတ်စုစည်းကာ စိစစ်ခဲ့ပြီးနောက် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့ခဲ့ကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် စိစစ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ရှင်းလင်းတင်ပြမှုနှင့် စပ်လျဉ်း၍ ဇွန် ၁၂ ရက်နံနက်တွင် ကျင်းပမည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၉) ဒုတိယနေ့တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသွားကြမည်ဖြစ်သည်။

သတင်းစဉ်

အကြိမ်(၃၀)မြောက် အာဆီယံ အလှကုန်ပစ္စည်းဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

နေပြည်တော် ဇွန် ၁၁
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ASEAN အဆင့် အစည်းအဝေးဖြစ်သော အကြိမ်(၃၀)မြောက် အာဆီယံ အလှကုန်ပစ္စည်းဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်ရှိ Hotel Max ၌ ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေး တတိယမြောက်နေ့ကို ဇွန် ၂၀ ရက် နံနက် ၈ နာရီတွင် အကြိမ် (၃၀)မြောက် အာဆီယံအလှကုန်ပစ္စည်းဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်မည် ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

မွှေးကြူဇင်

တာချီလိတ်မြို့နယ်၌ ကလေးစာပေပွဲတော်အတွက် ရေသန့်များလှူဒါန်းရန် ညှိနှိုင်းဆွေးနွေး

တာချီလိတ် ဇွန် ၁၁
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဇွန် ၂၅ နှင့် ၂၆ ရက်တွင် ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် သောက်ရေသန့်များ လှူဒါန်းရန် တာချီလိတ်မြို့ သောက်ရေသန့် လုပ်ငန်းရှင်များအသင်း၏ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက်က တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ကွန်မြူနတီစင်တာ၌ ပြုလုပ်ခဲ့သည်။

ယခုကျင်းပမည့် ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်မှာ ထိုင်း-မြန်မာနယ်စပ်၌ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်၍ ပွဲတော်သို့ လာရောက်ကြမည့် ကျောင်းသားလူငယ်များ၊ ပြည်သူများ၊ စာအုပ်စာပေချစ်မြတ်နိုးသူများဖြင့် စည်ကားများပြားမည်ဖြစ်သောကြောင့် သောက်ရေသန့်များ လုံလုံလောက်လောက် ရရှိစေရေးအတွက် ရေသန့်လုပ်ငန်းရှင်များနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့ ညှိနှိုင်းခြင်းဖြစ်ကြောင်း သိရသည်။ ကလေးစာပေပွဲတော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့က ပူးပေါင်းစီစဉ်ပြီး ဇွန် ၂၅ ရက်နှင့် ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မကာဟိုခမ်း အထကကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၁ - မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ ကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

ပြည်သူများ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးစွမ်းဆောင်မှုများမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများကို အပတ်စဉ်ဖော်ပြသွားပါမည်။

(စာတည်းအဖွဲ့)

တို့ပြည်သာယာဖို့ အဂတိလိုက်စားမှု ဖော်ထုတ်စို့

ရှင်မင်း

လက်ရှိ အဂတိလိုက်စားမှုအခြေအနေအပေါ် ပြည်သူများ၏ ထင်မြင်ချက်က "အရင်အတိုင်းပဲ" ဟု ဖြေဆိုသည့် ရာခိုင်နှုန်းက များပြားခဲ့သည်ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ပြည်သူလူထု၏ သဘောထားအမြင်၊ အတွေ့အကြုံနှင့် ခံယူချက်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတို့အပေါ် ကောက်ယူသည့် စစ်တမ်းအရ သိရှိရသည်။ တရားမျှတမှုလက်လှမ်းမီရေးအဖွဲ့က ပြည်သူလူထု၏ သဘောထားအမြင်၊ အတွေ့အကြုံနှင့် ခံယူချက်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတို့အပေါ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သတ်မှတ်ရွေးချယ်သော နေရာဒေသများ၌ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

အလားတူ အဂတိလိုက်စားသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်က အရေးယူဆောင်ရွက်မှုအပေါ် ပြည်သူများအမြင်က ထိရောက်စွာ အရေးယူမှု အားနည်းသည်ဟု ထင်မြင်မှုများပြားလျက်ရှိသည်။ သို့သော် ပြည်သူပါဝင်ပါက အပြည့်အဝအောင်မြင်နိုင်သည် ဟူသည့် သဘောထားထင်မြင်မှု ရာခိုင်နှုန်းကလည်း မြင့်မားလျက်ရှိသည်။

တိုင်ကြားစာအရေအတွက်များလာ

ပြည်သူပါဝင်ပါက အောင်မြင်နိုင်သည် ဟူသည့် သဘောထားကြောင့် ၂၀၁၈ ခုနှစ်အတွင်း ပြည်သူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာ ၁၀၅၄၃ စောင် ပေးပို့ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် ပေးပို့သည့် တိုင်ကြားစာအရေအတွက်သည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ငါးဆခန့် များပြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ ပါဝင်သည့် ၂၀၁၈ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို မေ ၉ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အမြစ်ဖြတ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားစေချင်

ပါဝင်ဆွေးနွေးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်က "အခုအစိုးရလက်ထက်မှာ အသစ်ဖွဲ့တဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တော်တော်လေး ထိထိရောက်ရောက်လုပ်နိုင်တဲ့အတွက် ပြည်သူအားလုံးက သဘောကျကြပါတယ်။ အားပေးကြပါတယ်။ ဒါပေမယ့် ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုကို အမြစ်ဖြတ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားစေချင်ပါတယ်" ဟု အကြံပြုပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုး

ထောက်ပြဆွေးနွေး

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများအရ အမှုတွဲများကို ဆိုင်ရာဌာနများသို့ ပြန်လွှဲပေးနေရခြင်းမျိုးသည် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်နှေးစေနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြ ဆွေးနွေးခဲ့ကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ နှစ်အလိုက် ပြည်သူများ တိုင်ကြားစာ ပေးပို့မှုမှာ ၂၀၁၇ ခုနှစ်တွင် ၂၀၁၄ စောင်၊ ၂၀၁၆ ခုနှစ်တွင် ၇၁၀၊ ၂၀၁၅ ခုနှစ်တွင် ၉၈၃ စောင်နှင့် ၂၀၁၄ ခုနှစ်တွင် ၉၆၈ စောင် ရှိခဲ့သည်။

အဓိကနှောင့်နှေးစေတာက အဂတိ

"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကနှောင့်နှေးစေတာက အဂတိပဲ။ ကျွန်မတို့နိုင်ငံက အဂတိလိုက်စားမှုက ကမ္ဘာ့အဆင့်မှာဆိုရင် အနီရောင်အဆင့်မှာ ရှိနေတုန်းပါပဲ။ စိုးရိမ်စရာကောင်းတဲ့အခြေအနေမှာ ရှိနေတုန်းဆိုတဲ့ သဘောတရားပါ။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်ထဲပါတဲ့အထိ အကျင့်ပျက် ခြစားမှုတွေရှိခဲ့လို့ နိုင်ငံလည်း ဖွံ့ဖြိုးမှုနည်းခဲ့တယ်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အဂတိလိုက်စားမှုတွေ မရှိသင့်ဘူး။ ဒါကြောင့် အဂတိတိုက်ဖျက်ရေးကို အခုထက်ပိုလုပ်စေချင်တယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရဲ့ အခန်းကဏ္ဍကို ပိုပြီးခိုင်မာ အားကောင်းစေချင်တယ်" ဟု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုးက ပြောသည်။

အသိပေးပြန်ကြား

ပြည်သူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ၂၀၁၈ ခုနှစ်အတွင်း ပေးပို့ခဲ့သည့် တိုင်ကြားစာများအပေါ် စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၄၆ စောင်၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၁၇၉၅ စောင်၊ ပြည်သူများထံ အကြံပြုချက်ဖြင့် အသိပေးပြန်ကြားသည့် တိုင်ကြားစာ ၅၂၆၈ စောင်၊ အရေးယူဆောင်ရွက်ပေး၍မရသော တိုင်ကြားစာ ၂၈၂၄ စောင်နှင့် စိစစ်ဆောင်ရွက်ဆဲ ၆၁၀ ရှိကြောင်း အစီရင်ခံစာအရ သိရှိရသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာ ခွန်ဝင်းသောင်း

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို

"ပြည်သူပါဝင်ပါက အောင်မြင်နိုင်သည် ဟူသည့် သဘောထားကြောင့် ၂၀၁၈ ခုနှစ်အတွင်း ပြည်သူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာ ၁၀၅၄၃ စောင် ပေးပို့ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် ပေးပို့သည့် တိုင်ကြားစာအရေအတွက်သည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ငါးဆခန့် များပြားခဲ့"

ဝိုင်းဝန်းဖော်ထုတ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်နေမှုကို အားရမိသော်လည်း လုပ်ထုံးလုပ်နည်းများအရ အမှုတွဲများကို ဆိုင်ရာ ဌာနများသို့ ပြန်လွှဲပေးနေရခြင်း၊ တိုင်ကြားမှုမရှိ၍ ဝင်ရောက်စစ်ဆေးအရေးယူမှုများ မလုပ်နိုင်သေးသောကြောင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းအချို့ အပြုံးမပျက်နှင့် ဆက်လက် အလွဲသုံးစားနေကြခြင်းကို ဝိုင်းဝန်းဖော်ထုတ်ကြမှသာ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင် ပါရှိသည့်

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

အဂတိတိုက်ဖျက်ရေးဆိုသည်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည် ဖြစ်သောကြောင့် အားလုံးက လက်ပိုက်ကြည့်မနေဘဲ ဆက်တိုက်မိအောင် တိုင်ကြားဖော်ထုတ်ပေးကြပါရန် တိုက်တွန်းကြောင်း ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာ ခွန်ဝင်းသောင်းက ကော်မရှင်၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆွေးနွေးခဲ့သည်။

နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International–TI) က သတ်မှတ်သည့် အဂတိလိုက်စားမှုအညွှန်းကိန်း (Corruption Perception Index- CPI) အရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ရမှတ် တစ်မှတ်နှင့် အဆင့် နှစ်ဆင့် ကျဆင်းသွားကြောင်း သိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ခလုတ်တံသင်းဖြစ်နေ

အဂတိလိုက်စားမှုသည် လက်ရှိအစိုးရအဖွဲ့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်တည်ဆောက်ရေးတို့

အတွက် ခလုတ်တံသင်းဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတက ၂၀၁၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် တွေ့ဆုံကာ မျက်နှာကြီးငယ်မလိုက်၊ ဆုကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်အာဏာ အရှိန်အဝါရှိသူများ၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုများအား တိကျခိုင်လုံသည့် အချက်အလက် အထောက်အထားများနှင့် တိုင်ကြားကြရန် အထူးလိုအပ်ကြောင်း နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအထိမ်းအမှတ် သဝဏ်လွှာတွင် ပါရှိသည်။

အဂတိကြောင့် လူမှန်နေရာမှန် မဖြစ်နိုင်

“ထင်သာမြင်သာရှိတဲ့ အဂတိလိုက်စားမှုတွေကို ဖော်ထုတ်အရေးယူနိုင်တယ်။ ဒါပေမယ့် ဖုံးကွယ်နေတဲ့ အဂတိလိုက်စားမှုတွေကို ဖော်ထုတ် အရေးမယူနိုင်သေးတာရှိတယ်။ အဂတိလိုက်စားမှုကြောင့် မြန်မာနိုင်ငံမှာ ဆုံးရှုံးမှု တစ်နှစ်ကို ဒေါ်လာသန်းနှစ်ထောင်ကျော်လောက်ရှိတယ်လို့ အဂတိလိုက်စားမှုကို စောင့်ကြည့်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက ပြောပါတယ်။ အဂတိလိုက်စားမှုကို လျော့နည်းကင်းစင်အောင် လုပ်နိုင်ရင် တိုင်းပြည်ဖွံ့ဖြိုးရေးကို အများကြီးဖြစ်စေမယ်။ အဂတိကြောင့် လေလွင့်ပြုန်းတီးမယ့် ငွေတွေကို ရင်းနှီးမြှုပ်နှံမှုတွေ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွေ ကဏ္ဍအားလုံးမှာ သုံးနိုင်တယ်။ အဂတိဆိုတဲ့နေရာမှာ ငွေကြေးကိစ္စ တစ်ခုတင်မဟုတ်ဘူး။ အဂတိကြောင့် လူမှန်နေရာမှန် မဖြစ်နိုင်တာမျိုးလည်း ရှိတယ်။ ဥပမာ ရာထူးတစ်ခုကို မမှန်တဲ့နည်းနဲ့ ရတယ်။ သူက မထိုက်တန်ဘဲ ရာထူးရရင် တာဝန်ထမ်းဆောင်တဲ့အခါ တိုင်းပြည်အတွက် ထိထိရောက်ရောက် မလုပ်နိုင်ဘူး။ ပြီးတော့ မမှန်တဲ့နည်းသုံးထားတဲ့အတွက် နောက်ထပ် မမှန်တဲ့နည်းကို ထပ်သုံးပြီး ငွေရှာမယ်၊ အလွဲသုံးစားတွေ လုပ်မယ်၊ ဒီလိုနဲ့ အဂတိက လုံးချာလိုက်နေမယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်က ပြောသည်။

ပြည်သူများသည် အဂတိလိုက်စားမှုအပေါ် တိတိကျကျ နားလည်သဘောပေါက်ခြင်း မရှိသော်လည်း အဂတိလိုက်စားမှုကို မလိုလားကြပေ။ အစိုးရဌာနများထံ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများအတွက် အချိန်မီမရရှိကြပါက လာဘ်ပေးရန် ဆန္ဒဖြစ်ပေါ်ခဲ့သော်လည်း ပြည်သူအင်အားဖြင့် တိုက်ဖျက်နိုင်သည်ဟူ၍ အပြည့်အဝယူဆမှုများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အတွက် ကြီးမားသည့် အထောက်အပံ့ဖြစ်စေကြောင်း ကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ရာထူးအာဏာကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ ဝန်ထမ်းများ ရာထူးတိုး၊ အပြောင်းအရွှေ့များ ပြုလုပ်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊ ဌာနတွင်း အဂတိလိုက်စားမှု လျှော့ချရေး လုပ်ငန်းစဉ်များအတွက် အပြန်အလှန်ထိန်းကျောင်းနိုင်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်မှု အားနည်းနေခြင်းတို့ကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

အဂတိလိုက်စားမှုသည် အများအားဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ဌာန၊ အဖွဲ့အစည်းများ၊ မြေယာ၊ ဓာတ်ပုံအထောက်အထား ထုတ်ယူရသည့် နေရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ဆက်စပ်နေသည့် နေရာများ လုပ်ပိုင်ခွင့်အာဏာရှိသည့် နေရာများ၊ ငွေကြေးကိုင်တွယ်သုံးစွဲမှု များပြားသည့် နေရာများတွင် အများဆုံးဖြစ်သည်ကို တွေ့ရပါကြောင်း လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက လွှတ်တော်တွင် ဆွေးနွေးခဲ့သည်။

အရေးယူဆောင်ရွက်

၂၀၁၈ ခုနှစ်အတွင်း အဂတိလိုက်စားမှုကြောင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ တစ်ဦး၊ အဆင့်မြင့်အရာရှိ ကိုးဦး၊ အရာထမ်း ၁၃ ဦး၊ အမှုထမ်း ၁၇ ဦး၊ ပြည်သူ့ဝန်ထမ်း ခြောက်ဦး စုစုပေါင်း ၄၆ ဦးကို စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၈ ခုနှစ်အတွင်း အဂတိလိုက်စားမှုကြောင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများရှိခဲ့ပြီး သိမ်းဆည်းရရှိမှုမှာ မြန်မာငွေကျပ် ၃၀ ဒသမ ၈၉၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၃ သန်း ရှိကြောင်း သိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်း

အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထို့ပြင် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပြီး ၂၀၁၈ ဇွန် ၂၁ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

အစိုးရဌာနများနှင့် အဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိသော တင်ဒါလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် စရိတ်ကျဉ်းကျဉ်းဖြင့် ရလဒ်ကောင်းရရှိနိုင်မည့် မှန်ကန်သော ယှဉ်ပြိုင်မှုပုံစံများ၊ တင်ဒါလုပ်ငန်းများအပေါ် သေချာစွာ ဆန်းစစ်လေ့လာ၍ အကဲဖြတ်နိုင်မည့် စွမ်းရည်၊ အဂတိလိုက်စားမှုနှင့် ငြိစွန်းနိုင်မည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြည့်စုံစွာပညာပေး လေ့ကျင့်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားသင့်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီရင်ခံစာက သုံးသပ်တင်ပြထားသည်။

လေလွင့်ဆုံးရှုံးနိုင်

ထို့ကြောင့် တင်ဒါလုပ်ထုံးလုပ်နည်းများအပေါ် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးနိုင်သည့် ဘဏ္ဍာနှင့် ရန်ပုံငွေအတိုင်းအဆ ဖြစ်စဉ်များကို ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ သုတေသနဆန်းစစ်ခြင်း၊ ပညာပေးသင်တန်းများနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်းတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိုးရဌာနများသို့ ပြည်သူများ ငွေကြေးလက်ဆောင်ပေးရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် အလုပ်ပြီးမြောက်စေရန် အခြားနည်းလမ်းမရှိတော့သဖြင့် ပေးရခြင်းဖြစ်ကြောင်း ဖြေဆိုသည့် ပြည်သူရာခိုင်နှုန်းက များပြားခဲ့သည်။

အလိုက်သင့် တိုးတက်လာမည်

အဂတိလိုက်စားမှုသည် ဆယ်စုနှစ်ပေါင်းများစွာ နယ်ပယ်အသီးသီးတွင် အမြစ်တွယ်နေသေးသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်း မပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရန် လိုအပ်လျက်ရှိသည်။ အဂတိလိုက်စားမှုပြုလုပ်သူများကို ဖော်ထုတ်အရေးယူနိုင်ရန်မှာလည်း အရေးကြီးပါသည်။ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အဂတိလိုက်စားမှုကို တွန်းလှန်မှသာ အစိုးရ၏ ပြည်သူလူထုလူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများသည် တိုးတက်မှုဆီသို့ ဦးတည်နိုင်မည်ဖြစ်သည်။ အဂတိလိုက်စားမှု လျော့နည်းကင်းစင်လာသည်နှင့်အမျှ ဖွံ့ဖြိုးမှုလည်း အလိုက်သင့် တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

“ပြည်သူများသည် အဂတိလိုက်စားမှုအပေါ် တိတိကျကျ နားလည်သဘောပေါက်ခြင်းမရှိသော်လည်း အဂတိလိုက်စားမှုကို မလိုလားကြပေ။ အစိုးရဌာနများထံ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများအတွက် အချိန်မီမရရှိကြပါက လာဘ်ပေးရန် ဆန္ဒဖြစ်ပေါ်ခဲ့သော်လည်း ပြည်သူအင်အားဖြင့် တိုက်ဖျက်နိုင်သည်ဟူ၍ အပြည့်အဝယူဆမှုများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အတွက် ကြီးမားသည့် အထောက်အပံ့ ဖြစ်စေ”

ဖိလစ်ပိုင်ဆီးဂိမ်း ရွှေရသည့်အားကစားသမားများအား နိုင်ငံတော်က ထိုက်တန်စွာချီးမြှင့်ပေးရန် အဆိုပြုထား

ဆီးဂိမ်းအတွက် ပဏာမရွေးချယ်ထားသော အလေးမအားကစားသမားများ မြားပစ်လေ့ကျင့်နေစဉ်။

ရန်ကုန် ဇွန် ၁၁

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိသည့် အားကစားသမားများအား ဆုကြေးငွေအဖြစ် ငွေကျပ်သိန်း ၃၀၀ အထိ ချီးမြှင့်ပေးရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အဆိုပြုထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ဆုငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ဆုငွေကျပ်သိန်း ၁၀၀ တို့ကို တစ်ဦးချင်း ဆုတံဆိပ်အတွက် ချီးမြှင့်ရန် အဆိုပြုထားပြီး အသင်းလိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိပါက ရွှေတံဆိပ်ဆုတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ဆုငွေကျပ် ၃၅ သိန်း ချီးမြှင့်နိုင်ရန် ဝန်ကြီးဌာနဘက်မှ အဆိုပြုချက် တင်ပြထားကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

ထို့အပြင် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးသည့် နည်းပြများအတွက်လည်း ရွှေဆုအတွက် ငွေကျပ်သိန်း ၁၀၀၊ ငွေဆုအတွက် ငွေကျပ်သိန်း ၅၀ နှင့် ကြေးဆုအတွက် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ပေးရန် လျာထားကြောင်း သိရသည်။

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသီဟန်က "ဝန်ကြီးဌာနက နိုင်ငံတော်ကို တင်ပြထားတာ သိရပါတယ်။ နိုင်ငံတော်က ခွင့်ပြုမယ်ဆိုရင် ကစားသမားတွေနဲ့ လေ့ကျင့်ပေးနေတဲ့ အဖွဲ့ချုပ်က တာဝန်ရှိသူတွေပါ ပိုပြီးအားရမယ်။ နောက်ပြီးတော့ ကစားသမားတွေ ရည်မှန်းချက်တွေနဲ့ သွားလို့ရမယ်။ ဒီလိုချီးမြှောက်မယ်ဆိုရင် သူတို့ အနားယူပြီးနောက်ပိုင်း မိသားစုတွေ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က အမှန်တကယ် ချီးမြှင့်မယ်ဆိုရင် အားကစားသမားများအတွက် အများကြီး အကျိုးရှိလာမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

"နိုင်ငံတော်က ပေးတာလည်း ကောင်းတယ်။ ဒါပေမယ့် ရွှေ၊ ငွေ၊ ကြေးကိုပေးတာ ပေးတာပေါ့။ ဒါပေမယ့် ရွှေငွေကြေးမရခင်မှာ သူတို့အတွက် အချိန်လိုတယ်။ ငွေလိုတယ်။ မှန်ကန်တဲ့ကြိုးစားအားထုတ်မှုလိုတယ်။ နည်းပြအတွက်လည်းလိုတယ်။ နည်းပြလည်းလိုတဲ့အခါကျတော့ ဒါတွေကို ရင်းနှီးမြှုပ်နှံဖို့အတွက်က ပံ့ပိုးဖို့လည်းလိုပါတယ်။ အဓိကပြိုင်ပွဲမှာ လေ့ကျင့်ဖို့အတွက် အားကစားပစ္စည်းတွေကို နိုင်ငံတော်က တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီမယ်ဆိုရင် ပိုကောင်းမှာပါ" ဟု မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ထူးအောင်က ပြောကြားသည်။ အဆိုပါ ဆုကြေးများမှာ နိုင်ငံတော်ဘက်မှ ချီးမြှင့်ပေးရန် လျာထားသည့် ပမာဏနှုန်းထားများဖြစ်ပြီး အားကစားအဖွဲ့ချုပ်များက အစီအစဉ်ဖြင့် ချီးမြှင့်မည့် ဆုကြေးများလည်းရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

မော်လမြိုင်နှင့် ထားဝယ်မြို့၌ ခြေစမ်းပွဲသွားရောက်ကစားမည့် မြန်မာအမျိုးသမီးအသင်း

ရန်ကုန် ဇွန် ၁၁

၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မော်လမြိုင်နှင့် ထားဝယ်မြို့၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် ဇွန် ၁၂ ရက် **(ယနေ့)** စတင်လေ့ကျင့်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၂၆ ရက်မှ ဇူလိုင် ၅ ရက်အထိ တစ်ပတ်ကျော်ကြာ ပြည်တွင်းခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်ပြီး မော်လမြိုင်နှင့် ထားဝယ်မြို့၌ ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် ဒေသခံလူငယ်အမျိုးသားအသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇူလိုင်နောက်ဆုံးပတ်တွင် ပြည်ပခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခင်ကလည်း ပြိုင်ပွဲများ၊ ခြေစစ်ပွဲများ မယှဉ်ပြိုင်မီ ပြည်တွင်းခြေစမ်း ခရီးစဉ်သွားရောက်ကာ ဒေသခံအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးဘက်သို့ ပထမဆုံး သွားရောက်ခြင်းလည်းဖြစ်သည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အမာခံကစားသမားများ အစုံအလင် ပါဝင်လာသလို ယူ-၁၆၊ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းများတွင် နာမည်ရလာသည့် တိုက်စစ်မှူး မြတ်နိုးခင်နှင့် နောက်ခံလူ ဖြူဖြူဝင်းတို့ကိုလည်း ရွေးချယ်ထားသည်။ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဩဂုတ်တွင် ကျင်းပမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ပြင်ဆင်ချိန် နှစ်လကျော် ရရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်-ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ- ဦးမြကိုမင်း၊ ဂိုး-ဇာဇာမြင့် (အား/ကာသိပ္ပံ)၊ မေဇင်နွယ်၊ သန္တာဦး (မြဝတီ)၊ ခိုင်ဇာဝင်း (အား/ကာ)၊ နောက်တန်း-အေးအေးမိုး၊ ခင်သန်းဝေ၊ ခိုင်သဇင် (မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (YREO)၊ အလယ်တန်း-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ သင်းသင်းယု၊ ခိုင်သဇင်ဦး (အား/ကာသိပ္ပံ)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ မေသူကျော် (မြဝတီ)၊ ရှေ့တန်း- ဝင်းသီဂီထွန်း (မြဝတီ)၊ ခင်မိုးဝေ၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ နုနု၊ ရီရီဦး (အား/ကာသိပ္ပံ) နှင့် မြတ်နိုးခင် (YREO) တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်း ဧပြီလက လေ့ကျင့်မှုပြုလုပ်စဉ်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

အနောက်တောင်မုတ်သုံလေဝင်ရောက်

နေပြည်တော် ဇွန် ၁၁

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ **မိုး/ဇလ**

ကျော့ဖုံးမှ

စင်ကာပူလက်ရွေးစင်အသင်းသည် ဇွန် ၈ ရက်က ဆော်လမွန်လက်ရွေးစင် အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးရက်အကြာတွင် ဒုတိယခြေစမ်းပွဲထပ်ကစားသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် စင်ကာပူအသင်း ဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၂၅ မိနစ်တွင် ဂါဘရီရယ်လ်က ဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ၆၇ မိနစ်တွင် တိုက်စစ်မှူး ကျော်ကိုကိုက အနိုင်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် အိမ်ရှင်စင်ကာပူအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း မြန်မာအသင်းက အကောင်းဆုံး ထိန်းချုပ်ကစားသွားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ကစားသည့် နိုင်ငံတကာခြေစမ်းပွဲများတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မတ်လအတွင်းက ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး နိုင်ပွဲပျောက်ဆုံးခဲ့မှုကို ယခုတတိယမြောက်ပွဲတွင် အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ညီမြတ်သော်တာ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပမည်

နေပြည်တော် ဇွန် ၁၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း (၄/၂၀၁၉) အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လစဉ်လုပ်ဆောင်ချက်များကို အများပြည်သူများ သိရှိနိုင်စေရန် ရှင်းလင်းမည်ဖြစ်ပါသဖြင့် မီဒီယာများ တက်ရောက်သတင်းရယူနိုင်ကြောင်း သိရသည်။ **သျှားထက်(ဓာတု)**

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

အမျိုးသမီးကမ္ဘာ့ဖလား အာဂျင်တီးနား သရေကျပြီး ကနေဒါအသင်း အနိုင်ရ

ယမန်နေ့က ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ အာဂျင်တီးနားနှင့် ဂျပန်၊ ကနေဒါနှင့် ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အာဂျင်တီးနားနှင့် ဂျပန်အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့ကာ ကနေဒါနှင့် ကင်မရွန်းအသင်းတို့ပွဲစဉ်တွင် ကနေဒါအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယူရို ၂၀၂၀ ခြေစစ်ပွဲ နာမည်ကြီးအသင်း အားလုံးနီးပါး နိုင်ပွဲကိုယ်စီရရှိ

ယူရို ၂၀၂၀ ခြေစစ်ပွဲများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး နာမည်ကြီးအသင်း အားလုံးနီးပါး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။ ချက်က မွန်တီနီဂရိုးအသင်းကို သုံးဂိုး-ဂိုး မရှိ၊ ယူကရိန်းက လူဇင်ဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆားဘီးယားအသင်းက လစ်သူရေးနီးယားအသင်းကို လေးဂိုး-တစ်ဂိုး၊ ဒိန်းမတ်က ဂျော်ဂျီယာအသင်းကို ငါးဂိုး-တစ်ဂိုး၊ စပိန်က ဆွီဒင်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ပိုလန်က အစ္စရေးအသင်းကို လေးဂိုး-ဂိုးမရှိ စသည်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မန်ယူ သို့မဟုတ် တော့တင်ဟမ် အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည့် ဗန်ဒီဘိခ်

အိုင်းယက်စ်နှင့် နယ်သာလန်ကွင်းလယ်ကစားသမား ဗန်ဒီဘိခ် (၂၂နှစ်) သည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုနေပြီး မန်ယူ သို့မဟုတ် တော့တင်ဟမ် အသင်းတစ်သင်းသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂျက်ဘတ်လန်းကို ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းရန် အက်စ်တွန်ဗီလာ ပြင်ဆင်

အက်စ်တွန်ဗီလာအသင်းသည် စတုတ်စီးတီးအသင်းမှ အင်္ဂလန်ဂိုးသမား ဂျက်ဘတ်လန်းကို ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

မန္တလေးတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မန္တလေး ဇွန် ၁၁

၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်နေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်းတွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဗိုလ်မှူးကြီး ကျော်ကျော်မင်းက ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးရေး ပြောကြားသည်။ ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမီးရှို့ပွဲတွင် ယခင်နှစ်ကထက်ပိုမို၍ ဖမ်းဆီးရမိဖျက်ဆီးနိုင်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆာလ်ဖျူရစ်အက်ဆစ်ကဲ့သို့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးဝင်ပစ္စည်းများအား သက်ဆိုင်ရာဌာနများမှ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြ (မန္တလေး)

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား လေးသိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၁

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဇွန် ၉ ရက်က စိတ်ကြွဆေးပြား ၃၉၉၅၅၀ နှင့် ဇွန် ၁၀ ရက်တွင် စိတ်ကြွဆေးပြား ၁၉၅၀၀၊ နှစ်ရက်အတွင်း စုစုပေါင်း စိတ်ကြွဆေးပြား ၄၁၉၀၅၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာအနီး မောင်တော-အငူမော် ကားလမ်းဘေးရှိ ရခိုင်မျိုးစောင့်အုပ်စု (Arakan Rakkhita Group-ARG) စိုက်ပျိုးရေးခြံရှိ ၎င်းအဖွဲ့ပိုင် စက်ပစ္စည်းများထားသည့် အဆောက်အဦအား ဇွန် ၉ ရက်က သတင်းအရ ဝင်ရောက်ရှာဖွေရာ ခြံတာဝန်ခံ ဟန်စိုး (ရခိုင်/ဗုဒ္ဓ)နှင့် အလုပ်သမားကြီးကြပ် ချစ်နေဝင်း (ရခိုင်/ဗုဒ္ဓ)တို့ (၂) ဦးအား တွေ့ရှိပြီး အဆောက်အဦအတွင်းရှိ UPG အိမ်သုတ် ဆေးပုံးခွံ (၆) ပုံးအတွင်း ထည့်ထားသည့် WY/R စာတန်းပါ စိတ်ကြွဆေးပြား (၃၉၉၅၅၀) (၁ ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် တန်ဖိုးငွေကျပ် ၇၉၉၁ သိန်း)နှင့် ဆိုင်ကယ် ၁ စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ မြောက်ဦးမြို့နယ်နေ ဝင်းထွန်း (ရခိုင်/ဗုဒ္ဓ)၊ ဖိုးသန်း (ရခိုင်/ဗုဒ္ဓ) နှင့် ညီလေး(ခ)ညွန့်လွင် (ခ)ကိုညီ (ရခိုင်/ဗုဒ္ဓ) တို့ (၃)ဦးအား ထပ်မံဖမ်းဆီးရမိပြီး သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ၎င်းတို့က စစ်တွေမြို့မှတစ်ဆင့် သယ်ဆောင်လာခြင်း ဖြစ်ကြောင်း။

ကွင်းဆက်တရားခံ ထပ်မံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးခြံပိုင်ရှင် ဦးဘအေး (ခ)ခိုင်ထူး (ရခိုင်/ဗုဒ္ဓ) အား ဇွန် (၁၀) ရက်တွင် မြောက်ဦးမြို့၌ ဖမ်းဆီးရမိခဲ့ပြီး ကနဦးစစ်ဆေးချက်များအရ ၎င်းသည် ၂၀၁၄ ခုနှစ်ခန့်က မောင်တောမြို့နယ် ကင်းချောင်းကျေးရွာနှင့် ဗောခိကုန်းကျေးရွာကြား မေယုတောင်ခြေတွင် ARG (ရခိုင်မျိုးစောင့်အုပ်စု) အား စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်ခန့်မှစ၍ အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်ဦးရေ ၂၆၀ ဦးခန့်ရှိကြောင်း၊ မြောက်ဦးမြို့၌လည်း ARG (ရခိုင်မျိုးစောင့်အုပ်စု)အား တည်ထောင်ထားကြောင်း သိရှိရပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ထို့အတူ ဇွန် ၁၀ ရက် ညနေ(၅)နာရီခွဲခန့်တွင် မောင်တောမြို့နယ် နယ်မြေ(၆) ကျီးကန်းပြင် စစ်ဆေးရေးဂိတ်၌ မောင်တောမြို့မှ ငန်းချောင်းကျေးရွာဘက်သို့ မောင်တောမြို့နယ် ငန်းချောင်းကျေးရွာနေ မူဟာမတ်အိစ္စမိုက် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY/R စာတန်းပါ စိတ်ကြွဆေးပြား ၁၉၅၀၀ (၁ ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် တန်ဖိုးကျပ် ၃၉၀ သိန်း) နှင့် ဖုန်း(၁)လုံးတို့အား ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများအား မောင်တောမြို့ (၃)ရပ်ကွက်နေ အမျိုးသား ၁ ဦး (စိစစ်ဆဲ) ထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်းသိရှိရသဖြင့် ပြင်ဖြူနယ်မြေရဲစခန်း မယ(ပ)၂၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်စစ်ဆေးပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ချစ်နေဝင်း၊ ညီလေး (ခ) ညွန့်လွင်၊ ဟန်စိုး၊ ဖိုးသန်း၊ ဝင်းထွန်းနှင့် ARG ဥက္ကဋ္ဌ ဘအေး(ခ)ခိုင်ထူး။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၉:၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဆုပန်ထွာ)
- ၁၁:၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၀ - မြို့ပြစုန်းပြူးများ
- ၁၄:၀၅ - လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း(ပထမပိုင်း)

ညပိုင်း

- ၁၆:၂၅ - သတ်မှတ်အမြန်နှုန်း
- ၁၇:၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင်
- ၁၇:၃၅ - MRTV Travelogue
- ၁၈:၂၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အနီးကွင်း"
- ၁၈:၅၅ - လျှပ်စစ်ဓာတ်အားကိုချွေတာ နိုင်သည့်နည်းလမ်းများ
- ၁၉:၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၂) ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင် ဒါရိုက်တာ-ဘိုသန့်
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "မြန်မာ့ပုလဲထုတ်လုပ်ပုံ အဆင့်ဆင့်နှင့်ရောင်းချခြင်း"
  - ဂီတသမား၊ ဂီတစကား "တော်လေးတော် သီချင်းများ" (အပိုင်း-၁) ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်
  - နိုင်ငံခြားဇာတ်လမ်းတွဲ "ယောကျ်ားတံခွန်" (အပိုင်း-၁၃)

ဘင်္ဂလားဒေ့ရှ်နိုင်ငံနေသူနှစ်ဦးထံမှ စိတ်ကြွဆေးပြား ၂၂၉၅၀၀ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၁

မောင်တောမြို့နယ် နှစ်နိုင်ငံ နယ်စပ်အနီး ဇီးပင်ချောင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးထံမှ စိတ်ကြွဆေးပြား နှစ်သိန်းကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နှစ်နိုင်ငံ နယ်စပ်အနီး ဇီးပင်ချောင်းအတွင်း ဇွန် ၁၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကင်းလှည့်ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်ကမ်းသို့ လှော်ခတ်နေသော လှေ တစ်စင်းကို တွေ့ရှိပြီး ဖမ်းဆီးခဲ့ရာ လှေပေါ်တွင် လဘာရေးရာ ဒုက္ခသည်စခန်း၊ တက္ကနဖ့်မြို့နယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံနေ ဂျဟတ်တူဆောင်း (ဖ) ရော်ရှီတာမောက်နှင့် ဂျဘူရာမန်(ဖ) မာမောက်ဟူဆိန်းတို့အား ဆာလာအိတ် နှစ်အိတ်ဖြင့် ထည့်လျက် WY/R စာတန်းပါ စိတ်ကြွဆေးပြား ၂၂၉၅၀၀ (တစ်ပြားလျှင်ကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေ ကျပ်သိန်း ၄၅၉၀) ကို သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

ဂျဘူရာမန်၊ ဂျဟတ်တူဆောင်းနှင့် သိမ်းဆည်းရမိသည့် လက်ခတ်လှေ။

ဖျာပုံတွင် ယာဉ်တိုက်မှုကြောင့် ဆရာဝန်သုံးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရ

ဖျာပုံ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ဇွန် ၁၁ ရက် နံနက် ၃ နာရီခွဲခန့်က ယာဉ်တိုက်မှုကြောင့် ဆရာဝန်သုံးဦး သေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဖျာပုံ-ကျိုက်လတ်-မအူပင်ကားလမ်းပေါ်ရှိ ချောင်းတွင်းတံတားခြေဆင်းကွေ့အနီး ဖျာပုံမြို့ဘက်သို့ ဦးတည်ရပ်တန့်ထားသော ကွန်ကရစ် တိုင်များတင်ဆောင်ထားသည့် ၁၀ ဘီးယာဉ်ကို လားရာတူ ယာဉ်မောင်း ဒေါက်တာဝေယံမျိုးထက် မောင်းနှင်၍ ဆရာဝန် ငါးဦးလိုက်ပါလာသော မစ်ဆူဘီရှီယာဉ်က နောက်မှ ဝင်တိုက်မိသည်။ **(အောက်ပုံ)** ယင်းသို့ တိုက်မိမှုကြောင့် ကွန်ကရစ်တိုင်အချို့ ကားနောက်ဖုံးထိ ထိုးဝင်ဖောက်ထွက်သွားပြီး ယာဉ်မောင်း ဒေါက်တာ ဝေယံမျိုးထက်၊ ဒေါက်တာ အေးမြတ်သူနှင့် ဒေါက်တာပန်ဂျာထွယ်တို့မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ ဒေါက်တာနေမျိုးစု၊ ဒေါက်တာ လှမျိုးသူနှင့် ဒေါက်တာ နှင်းအိစိုးတို့တွင် ဒဏ်ရာများရရှိသဖြင့် ဖျာပုံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ် (၈၀)ယာဉ်ထိန်းတပ်ဖွဲ့စု ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်ဇာနည်ထွန်းက တရားလိုပြုလုပ်ပြီး အမှုဖွင့်တရားစွဲဆိုနိုင်ရေး ဖျာပုံမြို့မ ရဲစခန်းနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သပြေထွန်း

ဖားကန့်မြို့နယ်သို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးကို အရေးယူ

ဖားကန့် ဇွန် ၁၁

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာသို့ ဇွန် ၁၀ ရက် ညပိုင်းက တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖားကန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မှူးရုံးမှ လဝကမှူး ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူများက ဖားကန့်မြို့နယ် လုံးခင်း ကျေးရွာ ကျောက်ဝိုင်းတွင် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဇွန် ၁၀ ရက် ည ၈ နာရီခွဲက သွားရောက်စစ်ဆေးရာ တရုတ်နိုင်ငံသား တွမ်ဇင်းဟောက် (၂၄ နှစ်) အား စစ်ဆေးတွေ့ရှိသဖြင့် မြို့နယ်ဦးစီး ဌာနမှူးရုံးသို့ ခေါ်ဆောင်စစ်ဆေးရာ ၎င်းသည် မြန်မာနိုင်ငံသို့ တရားဝင် ဝင်ရောက်ခဲ့သော်လည်း ဖားကန့်နယ်မြေသို့ တာဝန်ရှိသူများထံ ခွင့်ပြုချက်တစ်စုံတစ်ရာ တောင်းခံခြင်းမရှိဘဲ ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဖားကန့်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တွမ်ဇင်းဟောက်ကို လုံးခင်းနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

နယူးယောက်မြို့၌ ရဟတ်ယာဉ်တစ်စင်း ကန့်သတ်ဇုန်အတွင်း ပျက်ကျ

နယူးယောက်စီးတီး ဇွန် ၁၁

နယူးယောက်မြို့၌ ကန့်သတ်လေပိုင်နက်အတွင်း ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်မှူးသည် လေကြောင်းအာဏာပိုင်များထံမှ ခွင့်ပြုချက်မရရှိခဲ့ဘဲ ကန့်သတ် ဇုန်အတွင်း အဘယ့်ကြောင့် ပျံသန်းခဲ့ရသည်ကို အမေရိကန် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

ရဟတ်ယာဉ်သည် မန်ဟက်တန်ရှိ အထပ်မြင့်ရုံးအဆောက်အအုံတစ်ခု၏ အမိုးပေါ်သို့ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ မိုးမျှော်အဆောက်အအုံမှာ မီတာ ၂၃၀ ခန့်မြင့်ပြီး သမ္မတထရမ့်၏ နေအိမ်တည်ရှိရာ ထရမ့်မျှော်စင်အနီးရှိ စည်းကမ်းတင်းကျပ်စွာထုတ်ထားသည့် လေပိုင်နက်အတွင်း၌ တည်ရှိသည်။

ရဟတ်ယာဉ်ပေါ် တစ်ဦးတည်းမောင်းနှင်လာသူ ရဟတ်ယာဉ်မှူးမှာလည်း သေဆုံးသွားခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျခဲ့ရာအဆောက်အအုံကို ကယ်ဆယ်ရွှေ့ပြောင်းမှုများလုပ်ဆောင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူမရှိကြောင်း သိရသည်။ ယင်းဖြစ်ရပ်တွင် အကြမ်းဖက်မှုမြောက်သည့် အထောက်အထားများမတွေ့ရကြောင်းနှင့် ရဟတ်ယာဉ်မှူး၏ မှားယွင်းချွတ်ချော်မှုကြောင့် ပျက်ကျရသည်ဟု ယူဆကြောင်း မြို့တော်အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

ရဟတ်ယာဉ်သည် လေယာဉ်ကွင်းမှ ပျံသန်းထွက်ခွာလာပြီး ၁၁ မိနစ်အကြာတွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်မှူးမှာ လေယာဉ်မောင်း အတွေ့အကြုံအတော်အတန်ရှိသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားသူ တစ်ဦးဖြစ်ကြောင်း အေဘီစီရုပ်မြင်သံကြားသတင်းက ဖော်ပြသည်။

အေအက်ဖ်ပီ

ပျက်ကျရဟတ်ယာဉ်၏ အစိတ်အပိုင်းများကို တွေ့ရစဉ်။

ထိုင်းဘုရင်က ပရာယွတ် ချန်အိုချာကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည့် တော်ဝင်အမိန့်ထုတ်ပြန်

တော်ဝင်အမိန့်ခံယူပြီးနောက် ဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာကို တွေ့ရစဉ်။

ဗန်ကောက် ဇွန် ၁၁

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းသည် ထိုင်းဝန်ကြီးချုပ်အဖြစ် ပရာယွတ် ချန်အိုချာကို တရားဝင်ခန့်အပ်သည့် တော်ဝင်အမိန့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ပရာယွတ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကြောင်း တော်ဝင်ဂေဇက်က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်က လွှတ်တော်နှစ်ရပ်တွင် မဲပေးဆုံးဖြတ်မှုများ ပြုလုပ်ပြီးနောက် ပရာယွတ်သည် မဲအများဆုံး ရရှိခဲ့သည်။ လွှတ်တော် အမတ်ပေါင်း ၅၀၀ ခန့်က ပရာယွတ်ကို ထောက်ခံမဲပေးခဲ့ကြပြီး Future Forward ပါတီခေါင်းဆောင် သန်နာသွန်မှာ မဲအရေအတွက် ၂၄၄ မဲ ရရှိခဲ့သည်။

နန်းတော်မှ တော်ဝင်ကြေညာချက် ထုတ်ပြန်ပြီးနောက် ပရာယွတ်က ပြည်သူများ၏ဆန္ဒဖြစ်သည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသံကို နားထောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထို့အပြင် မညီမျှမှုများကို လျှော့ချကာ ပြည်သူများ၏ လူမှုစီးပွားအတွက် အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည့်အတွက်လည်း ထိုင်းဘုရင်မင်းမြတ်ကို ကျေးဇူးတင်ကြောင်း၊ လွှတ်တော်နှစ်ရပ်လုံးမှ အမတ်များကိုလည်း အခွင့်အရေးပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပရာယွတ်က ပြောကြားခဲ့သည်။

ဆင်ဟွာ၊ ဗန်ကောက်ပို့စ်

လူဝင်မှုကြီးကြပ်ရေးအတွက် အမေရိကန်နှင့် မက္ကဆီကိုတို့ နည်းလမ်းများပူးပေါင်းရှာဖွေသွားမည်

မက္ကဆီကိုစီးတီး ဇွန် ၁၁

မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အမေရိကန်သို့ဦးတည်လာသည့် လက်တင်အမေရိကမှ ရွှေ့ပြောင်းသွားလာသူ လူအုပ်ကြီးကိုရပ်တန့်ရန် နှစ်နိုင်ငံ သဘောတူညီမှု အလုပ်မဖြစ်ပါက ဒေသတွင်းလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နည်းဗျူဟာများကို ဆက်လက်ရှာဖွေသွားမည်ဟု မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး မာဆီလိုအီဘာရတ်က တနင်္လာနေ့တွင်ပြောကြားခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်က နှစ်နိုင်ငံဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းလာသူ အထောက်အထားမဲ့ လူအုပ်ကြီးကိုတားဆီးနိုင်ရန် မက္ကဆီကို၏ အစီအစဉ်မှာ မည်မျှအလုပ်ဖြစ်သည်ကို တိုင်းတာရန် ၄၅ ရက် အချိန် သတ်မှတ်ခဲ့ကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အကယ်၍အဆိုပါနည်းလမ်းမှ အသုံးမဝင်လျှင် ဂွါတီမာလာ၊ ပနားမား၊ ဘရာဇီးတို့အပါအဝင်အခြားသော နိုင်ငံများနှင့် ပူးပေါင်းကာ ဆွေးနွေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း မာဆီလိုအီဘာရက်က ပြောသည်။

တရားမဝင်ရွှေ့ပြောင်းသွားလာသူများကို ဟန့်တားရန် မက္ကဆီကိုနှင့် အမေရိကန်တို့သည်အချက်လေးချက်တွင် သဘောတူထားကြောင်း ၎င်းက ဆက်ပြောသည်။ ဆင်းရဲမွဲတေမှုနှင့် ရာဇဝတ်မှုများကြောင့် ဗဟိုအမေရိကမှ ထွက်ပြေးလာသူများသည်။

၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် ပိုမိုမြင့်တက်လာပြီး မက္ကဆီကိုနိုင်ငံကို ဖြတ်ပြီး အမေရိကန်သို့ ခြေကျင်အုပ်စုဖွဲ့ ရွှေ့ပြောင်းလာသည့် လူအုပ်ကြီးမှာလည်း များပြားလာခဲ့သည်။

ဆင်ဟွာ

တရုတ်တင်ပို့ကုန်များ အားလုံးကို အခွန်တိုးကောက်ရန် ထရမ့် ခြိမ်းခြောက်

ပေကျင်း ဇွန် ၁၁

တရုတ်နိုင်ငံမှ အမေရိကန်သို့ တင်ပို့လာသည့် ကုန်စည်များအားလုံးကို အခွန်တိုးမြှင့်ကောက်ခံရန် သမ္မတထရမ့်က ခြိမ်းခြောက်လိုက်ကြောင်း သိရသည်။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးမှုအတွင်း သမ္မတ ထရမ့်နှင့် ဆွေးနွေးဖက် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ သဘောတူညီချက်တစ်ခုမရရှိပါက ထိုသို့လုပ်ဆောင်မည်ဟု ထရမ့်က ပြောကြားလိုက်ခြင်းဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ယခုလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် စီစဉ်ထားသည်။

သဘောတူညီမှုရရှိအောင် မဆွေးနွေးနိုင်ခဲ့လျှင် သို့မဟုတ် သမ္မတရှီကျင့်ဖျင်နှင့်ဂျပန်၌ မျက်နှာချင်းဆိုင် ဆွေးနွေးခွင့်မရခဲ့လျှင် တရုတ်တင်ပို့ကုန်အားလုံးကို အခွန်တိုးကောက်မည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

ကနေဒါနိုင်ငံ၌ ပြန်လည်အသုံးမပြုနိုင်သည့် ပလတ်စတစ်ပစ္စည်းများ သုံးစွဲခြင်းကို ၂၀၂၁ ခုနှစ်တွင် ပိတ်ပင်မည်

ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းနေသည့် စေတနာ့ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

အော့တဝါ ဇွန် ၁၁

ကနေဒါနိုင်ငံတွင် ပြန်လည်အသုံးမပြုနိုင်သည့် ပလတ်စတစ်ပစ္စည်းများကို ၂၀၂၁ ခုနှစ်တွင် ပိတ်ပင်တားမြစ်သွားမည်ဟု ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက တနင်္လာနေ့တွင် ကြေညာခဲ့သည်။ ပလတ်စတစ်အိတ်များ သုံးစွဲမှုရပ်တန့်ရန်မှာ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး ကမ္ဘာ့သမုဒ္ဒရာများတွင်လည်း ပလတ်စတစ်အမှိုက်များကြောင့် ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၁ ခုနှစ် အစောပိုင်းတွင် ပလတ်စတစ်များ အသုံးပြုမှုကို ရပ်တန့်ရန် ကြေညာနိုင်သည့်အတွက် ဝမ်းသာမိကြောင်း၊ ပလတ်စတစ်အမှိုက်ကြောင့် ညစ်ညမ်းမှုကိုတိုက်ဖျက်ရန် ကနေဒါနိုင်ငံမှ ဦးဆောင်ပါဝင်ခွင့်ရကြောင်း ထရူးဒိုက ပြောသည်။

ကနေဒါနိုင်ငံတွင် ပလတ်စတစ်အသုံးပြုမှု ၁၀ ရာခိုင်နှုန်းမှာ လတ်တလောတွင် ပြန်လည်အသုံးချနိုင်အောင် လုပ်ဆောင်နိုင်ကြောင်း ၎င်းက ပြောသည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်းမှ ငှက်ပေါင်း တစ်သန်းခန့်နှင့် ရေနေသတ္တဝါ တစ်သိန်းကျော်မှာ ပလတ်စတစ်အမှိုက်များကို အစာအမှတ်ဖြင့် စားသုံးမိခြင်းနှင့်အခြားသော ကိစ္စရပ်များကြောင့် ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

ပြန်လည်အသုံးပြု၍ မရသော ပလတ်စတစ်အမှိုက် ၇၀ ရာခိုင်နှုန်းမှာ ပင်လယ်ပြင်ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုများ ဖြစ်စေခဲ့သည်။

ပလတ်စတစ်ပိုက်များ၊ ပလတ်စတစ်အိတ်၊ ပန်းကန်ပြား၊ ပလတ်စတစ်ဇွန်းများမှာ ပိတ်ပင်ထားသည့်အထဲတွင် ပါဝင်မည်ဖြစ်ပြီး အဆိုပါစာရင်းတွင် ပါဝင်သည့် ပစ္စည်းများမှာ ၂၀၂၁ ခုနှစ်တွင် သိပ္ပံဆိုင်ရာသုတေသနပြုမှုများဖြင့် ပြန်လည်သန့်စင်မှု ပြုလုပ်သွားမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအုပ်စုဖြစ်သည့် ဂရင်းပိစ်အဖွဲ့က အစိုးရ၏ကြေညာမှုမှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ရေးအတွက် ပထမခြေလှမ်းဖြစ်ကြောင်း ပြောသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ပါကစ္စတန်သမ္မတဟောင်းကို ငွေမည်းခဝါချမှုဖြင့် ဖမ်းဆီး

အစ္စလမ္မာဘတ် ဇွန် ၁၁

ပါကစ္စတန်သမ္မတဟောင်း အာဇစ်ဖ်အလီ ဇာတာရီကို ဒေါ်လာသန်းချီငွေမည်းခဝါချမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

ပါကစ္စတန်အောက်လွှတ်တော် လက်ရှိ လွှတ်တော်အမတ် ဇာတာရီကို ဒေါ်လာသန်းချီပြီး နိုင်ငံခြား ဘဏ်စာရင်းထဲသို့ လွှဲပြောင်းနိုင်ရေးအတွက် ဘဏ်စာရင်းအတု အများအပြား အသုံးပြုသည်ဆိုကာ စွပ်စွဲခဲ့ခြင်း ဖြစ်သည်။

ယခုအမှုတွင် ၎င်း၏ ညီမဖြစ်သူ ဖာရယ်တယ်လ်ပါလည်း ပါဝင်သည်ဟု စွပ်စွဲခံထားရသည်။ သမ္မတဟောင်း ဇာတာရီက အဂတိလိုက်စားမှုစွပ်စွဲချက်များသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုပ်တာဟု ပြောဆိုကာ ငြင်းပယ်လိုက်သည်။ ၎င်းသည် လွှတ်တော်ထဲတွင် တတိယအင်အားအကြီးဆုံး ပါတီဖြစ်သည့် ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)ကို ဦးဆောင်နေသူဖြစ်သည်။ ဇာတာရီ၏ ပါတီသည် ၂၀၀၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ၎င်းသည် ၂၀၁၃ ခုနှစ်ထိ သမ္မတ တာဝန်ထမ်းဆောင်ခဲ့သည်။ မြို့တော်အစ္စလမ္မာဘတ်ရှိ နေအိမ်တွင် ၎င်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးအာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

ဗြိတိန်ဝန်ကြီးချုပ်သစ်ကို ဇူလိုင်လမကုန်မီ ကြေညာမည်

လန်ဒန် ဇွန် ၁၁

ဗြိတိန်ဝန်ကြီးချုပ်သစ်အား ရွေးချယ်ရန် ယမန်နေ့က စတင်လိုက်ကြောင်း သတင်းရရှိသည်။ ဗြိတိန်ဝန်ကြီးချုပ်သစ်ရာထူးအတွက် စုစုပေါင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနေရာအတွက် ဆက်ခံမည့်သူစာရင်းကို ဇူလိုင်လမကုန်မီ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါယှဉ်ပြိုင်ပွဲတွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘောရစ်ဂျွန်ဆင်သည် အလားအလာကောင်း လျက်ရှိကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။

ထရီဆာမေသည် ၎င်း၏ နေရာအတွက် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်ပြီးသည်အထိ သူ့အနေဖြင့် ယာယီဝန်ကြီးချုပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်သစ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်သူများမှာ ဘောရစ်ဂျွန်ဆင်၊ နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်၊ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဆာဂျစ်ဂျာဗစ်၊ ဘရီးဇစ်ဝန်ကြီးဟောင်း ဒိုမီနစ်ရာ့ဘ်၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ရိုရီစတီးဝက်တ်၊ အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း အန်ဒရီယာလိဒ်ဆန်၊ ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ အက်စ်တာမက်ဗေးနှင့် အထက်လွှတ်တော်အမတ် မာ့ခ်ဟာပါတို့ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

နျူကလီးယားအရေး တတိယအကြိမ်ဆွေးနွေးပွဲ ပေါ်ပေါက်လာဦးမှာလား

ထွန်းသစ်စ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ဟာ လွန်ခဲ့တဲ့နှစ် ဒီလိုအချိန်မှာ ကမ္ဘာ့ကင်မရာ မီးရောင်စုံများကြား တဖျပ်ဖျပ်၊ တချက်ချက်နဲ့ မှတ်တမ်းတင် ဓာတ်ပုံတွေရိုက်နေတဲ့ အချိန်မှာ အချင်းချင်း တွေ့ဆုံကြ၊ ပြောင်းလဲတိုးတက်မှုတွေလုပ်ဖို့ ကတိတွေပေးခဲ့ကြနဲ့ နိုင်ငံတကာအရေးမှာ သက်ဝင်လှုပ်ရှားခဲ့တာဖြင့် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း ဒုတိယအကြိမ်မြောက် ဟန္နိုင်းမှာလုပ်ခဲ့တဲ့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေး သောင်မတင်ရေမကျပြီးဆုံးသွားပြီး အခုအခါမှာတော့ သူတို့ဟာ နှစ်နိုင်ငံအရေး စိတ်မအေးရဘဲ အပြန်အလှန်တုံ့ပြန်မှုတွေ ပြုလုပ်လာတာကို တွေ့ရပါတယ်။

ဒုတိယအကြိမ် ဟန္နိုင်းတွေ့ဆုံဆွေးနွေးပွဲတွင်တွေ့ရသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

အလှည့်အပြောင်းဖြစ်လာ

လွန်ခဲ့တဲ့နှစ် မေ ၁၂ ရက်က စင်ကာပူနိုင်ငံမှာ အမေရိကန်-မြောက်ကိုရီးယားတွေ့ဆုံဆွေးနွေးပွဲရဲ့အလားအလာဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေကို ကောင်းမွန်တဲ့ဘက်ကို စတင်ရောက်ရှိစေမယ့် အနေအထားကို ဖြစ်ပေါ်စေမယ်လို့ လေ့လာစောင့်ကြည့်သူတွေက ပြောခဲ့ပါတယ်။ ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းမှုကို ရှာဖွေတဲ့နေရာမှာတော့ တကယ့်ကို သံခင်းတမန်ခင်း ဖြစ်ပေါ်တိုးတက်မှုကလည်း အတိုင်းအတာတစ်ခုအထိ အရေးပါလာခဲ့ပါတယ်။

နှစ်နိုင်ငံ တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ် ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေ အပေါ်နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးသွားရမှာပဲ ဖြစ်တယ်လို့ ၁၉၉၄ ခုနှစ် နျူကလီးယားပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့တဲ့ အမေရိကန် ညှိနှိုင်းဆွေးနွေးရေး အကြီးအကဲဖြစ်သူ ရောဘတ်ကလေ့စီက ပြောခဲ့ပါတယ်။

စစ်အေးခေတ်ထဲက အပေါက်အလမ်းမတည့်ခဲ့တဲ့ ဒီနှစ်နိုင်ငံဟာ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နောက်ဆုံးမှာ အနည်းဆုံးတော့ အပေါက်အလမ်းတည့်ပြီး အစေးကပ်တဲ့အခွင့်အရေးတွေ ရရှိလာခဲ့ကြလို့ နိုင်ငံအများက ဝမ်းသာပီတိနဲ့ အသိအမှတ်ပြုခဲ့ကြပါတယ်။ ဒါဟာ ကမ္ဘာ့သမိုင်း စာမျက်နှာရဲ့ ကံကြမ္မာအဆိုးအကောင်းကို ဝေဖန်ပိုင်းခြားမယ့် အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့တယ်လို့လည်း လူအများက ပြောခဲ့ကြပါတယ်။

အံ့သြမင်သက်စေ

ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တဲ့ သမိုင်းဝင် အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ထိပ်သီးအစည်းအဝေးမှာ နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်သွားနိုင်ခဲ့ပါတယ်။ လျှော့ချည်တစ်ခါ တင်းချည်တစ်လှည့်နဲ့ အစုန်အဆန် အဝေ့အဝိုက်တွေကြားမှာ အကောင်အထည်ပေါ်လာတဲ့ သမိုင်းတွင်မယ့် အမေရိကန် မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ နည်းဗျူဟာကြွယ်တဲ့ သံတမန်ဆိုင်ရာ လုပ်ဆောင်မှုတွေဖြစ်လာလို့ တချို့နိုင်ငံခေါင်းဆောင်တွေကတောင် ချီးကျူးခဲ့ပါတယ်။

အနှစ်နှစ်အလလက ရည်မှန်းခဲ့တဲ့ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်ပေါ်လာပြီ။ မကြုံစဖူး ထူးကဲလှတဲ့ သမိုင်းဝင်မယ့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတတို့ရဲ့ တွေ့ဆုံမှုမှာ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ အတိတ်ကို အတိတ်မှာပဲထားခဲ့ဖို့ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့တယ်လို့ နှစ်နိုင်ငံ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိပါတယ်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ဟာ တစ်ဖက်နဲ့တစ်ဖက် လအတော်ကြာ ကျီစယ်မှုတွေ၊ အပြန်အလှန် ခြိမ်းခြောက်မှုတွေ၊ စကားလုံးစစ်ထိုးမှုတွေ ဒီမတိုင်ခင်က လုပ်ခဲ့ပါတယ်။ အဲဒီလို ဓာတ်မတည့်တဲ့ တစ်ဖက်နဲ့တစ်ဖက်ဟာ အခုတော့ သမိုင်းတွင်မယ့် ပြောင်းလဲမှုကြီးကို လုပ်ဆောင်နိုင်ခဲ့ပြီဆိုကာ ကမ္ဘာကြီးကိုတောင် အံ့သြမင်သက်စေခဲ့တာ မှတ်မိနေပါသေးတယ်။

ဟိုလိုလို ဒီလိုလိုပြီးဆုံးခဲ့

ပြီးတော့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ဟာ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမှာ ဖေဖော်ဝါရီ ၂၇ရက်နဲ့ ၂၈ရက်တွေမှာ တွေ့ဆုံခဲ့ပါတယ်။ အခု တစ်ကြိမ်တွေ့ဆုံမှုဟာ နှစ်နိုင်ငံခေါင်းဆောင်တွေကြား ဒုတိယအကြိမ် တွေ့ဆုံမှုဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကို ဦးစားပေးဆွေးနွေးသွားခဲ့ပါတယ်။

နှစ်နိုင်ငံ ခေါင်းဆောင်တွေကြား လွန်ခဲ့တဲ့နှစ်က ပထမဆုံးအကြိမ်တွေ့ဆုံမှုမှာတော့ မြောက်ကိုရီးယားနိုင်ငံမှာ လုံးဝ နျူကလီးယားကင်းစင်ရေးအတွက် ကတိပြုခဲ့ကြပါတယ်။ အခု တစ်ကြိမ်ထပ်မံတွေ့ဆုံမှုဟာ နှစ်နိုင်ငံကြား တကယ့်ကို တန်ဖိုးရှိတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မယ်လို့လည်း လေ့လာဆန်းစစ်သူတွေက ဆိုခဲ့ပါတယ်။ အဲဒီဆွေးနွေးမှုကိုတော့ နိုင်ငံတကာ လေ့လာဆန်းစစ်သူတွေက စောင့်ကြည့်နေခဲ့ပြီး ဘာတွေထပ်မံတိုးတက်ဖြစ်ပေါ်လာမလဲဆိုတာ စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြပါတယ်။

သို့သော်လည်း ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှာ အများထင်သလို ဖြစ်မလာခဲ့ဘဲ သူတို့နှစ်ဦးရဲ့ ဆွေးနွေးပွဲဟာ ပျက်ပြားခဲ့ရပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ တောင်းဆိုခဲ့သလို အမေရိကန်ဘက်ကလည်း ကိုရီးယားကျွန်းဆွယ်လုံးဝ နျူကလီးယားကင်းစင်မှသာ ချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးမယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီလိုနဲ့ နောက်ဆုံးမှာတော့ သူတို့နှစ်ဦးရဲ့ ဆွေးနွေးပွဲဟာ ဘာသဘောတူညီမှုမှ မရရှိဘဲ ဟိုလိုလို ဒီလိုလိုနဲ့ ပြီးဆုံးခဲ့ပါတယ်။

သို့သော်လည်း အရာရာတိုင်းဟာ ထင်တဲ့အတိုင်း၊ ပြောတဲ့အတိုင်း ဖြစ်လာမယ်လို့ လျှော့နံ့ဓားထစ်ပြောလို့မရပါဘူး။ နျူကလီးယားအိပ်မက်ကြီးမက်ခဲ့တဲ့ မြောက်ကိုရီးယားဟာ နျူကလီးယားကို စွန့်လွှတ်ဖို့ မလွယ်ကူသလို အမေရိကန်ကလည်း နျူကလီးယားလုံးဝကင်းစင်ဖို့ အားထုတ်လုပ်ဆောင်မှာပဲ ဖြစ်ပါတယ်။

ထပ်မံပေါ်ပေါက်လာဦးမှာလား

အကယ်၍သာ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုအဆင်ပြေမယ်ဆိုပါက ကမ္ဘာကြီးမှာ ထင်မှတ်မထားတာတွေ ဖြစ်လာမယ်ဆိုတာ ဧကန်မုချဖြစ်ပါတယ်။ နှစ်နိုင်ငံ သမိုင်းဝင်ထိပ်သီးအစည်းအဝေး ပြုလုပ်နိုင်ခဲ့တဲ့ အကျိုးရလဒ်ကြောင့် နျူကလီးယား ဒုံးကျည်ထိပ်ဖူး ၂၄ ခုထက်မနည်းပိုင်ဆိုင်ခဲ့တဲ့ မြောက်ကိုရီးယားဟာ အမေရိကန်ကို ချိန်ရွယ်ပစ်လွှတ်နိုင်မယ့် တိုက်ချင်းပစ်နျူကလီးယား ထိပ်ဖူးတပ် ဒုံးကျည်တည်ဆောက်တာကို ပိတ်သိမ်းလိုက်မယ်လို့ကြားသိရပါတယ်။ နျူကလီးယားစစ်ပွဲဖြစ်ပွားတာကို ရှောင်ရှားပြီး ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ကောင်းမွန်တဲ့ အလားအလာတွေ ရရှိမှာ မလွဲပါဘူး။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကတောင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ အခုလို အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့တာကို ချီးကျူးကြောင်း ပြောကြားခဲ့ပြီး ရှေ့လုပ်ငန်းစဉ်တွေကို ဆက်လက်အကောင်အထည်ဖော်ဖို့ တိုက်တွန်းခဲ့တာလေးတွေကို ဖတ်မှတ် လေ့လာခဲ့ရပါသေးတယ်။

အဲဒီလိုသာ ဖြစ်ခဲ့မယ်ဆိုပါက အာဆီယံစတော့ဈေးကွက်ဟာလည်း ဆက်လက်မြင့်တက်ဖို့ အလားအလာကောင်းတွေရှိနေတာကို တွေ့ခဲ့ရပြီး ဒေါ်လာဈေးမှာ ဆက်လက်ခိုင်မာလျက်ရှိပါတယ်။ အမေရိကန်သမ္မတ ထရမ့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ ဆယ်စုနှစ်ပေါင်းများစွာအကြာ ရှားရှားပါးပါး ပထမဆုံးအကြိမ် တွေ့ဆုံခဲ့နိုင်တာကြောင့် တောင်ကိုရီးယားစတော့ ဈေးကွက်နဲ့ ဝမ်တန်ဖိုးလည်း ပိုမိုခိုင်မာလာမယ့်ဘက်ကို ဦးတည်လျက်ရှိသလို ချေးငွေလက်မှတ်နဲ့ စာချုပ်စာတမ်းဈေးကွက်ဟာလည်း ပိုမိုတည်ငြိမ်လာမှာ ဖြစ်ပါတယ်။ ဒါတွေဟာကမ္ဘာကြီးအတွက် ကောင်းကျိုးတွေ ယူဆောင်လာတာပဲ ဖြစ်ပါတယ်။ သို့သော်လည်း အရာရာတိုင်းဟာ ထင်တဲ့အတိုင်း၊ ပြောတဲ့အတိုင်း ဖြစ်လာမယ်လို့ လျှော့နံ့ဓားထစ်ပြောလို့ မရပါဘူး။ နျူကလီးယားအိပ်မက်ကြီးမက်ခဲ့တဲ့ မြောက်ကိုရီးယားဟာ နျူကလီးယားကို စွန့်လွှတ်ဖို့ မလွယ်ကူသလို အမေရိကန်ကလည်း နျူကလီးယားလုံးဝကင်းစင်ဖို့ အားထုတ်လုပ်ဆောင်မှာပဲ ဖြစ်ပါတယ်။

အမေရိကန်နဲ့ မြောက်ကိုရီးယားအရေးဟာ တတိယဆွေးနွေးပွဲ ထပ်မံပေါ်ပေါက်လာမှာလား၊ ဒီထက်ပိုပြီး တင်းမာလာမှာလားဆိုတာ ထပ်ပြီး စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မြောက်ကိုရီးယားရဲ့ နျူကလီးယား စမ်းသပ်မှုတွေကို ထပ်မံ လေ့လာကြည့်မယ်ဆိုပါက အမေရိကန်အနေနဲ့ မြောက်ကိုရီးယားနဲ့ ကျိန်းသေထပ်မံညှိနှိုင်းမှု လိုအပ်ဦးမှာ ဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

အဘယသန္တိသုခ မဟာမုနိရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖူးမြော်ကြည်ညို

ပဲခူး ဇွန် ၁၁

ပဲခူးမြို့နယ် လှော်ကားကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်း ၃၁ မိုင်၊ ထာဝရငြိမ်းချမ်းရေး ဗုဒ္ဓတက္ကသိုလ်ပရိဝုဏ်အတွင်း ကိုးကွယ်ပူဇော်မည့် အဘယသန္တိသုခ မဟာမုနိရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား ယမန်နေ့က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သွားရောက်ဖူးမြော် ကြည်ညိုသည်။

ရှေးဦးစွာ အဘယသန္တိသုခ မဟာမုနိ ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား ယာယီစံကျောင်းသို့ ပင့်ဆောင်ခဲ့ကြပြီး နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်အား ရွတ်ပွားချီးမြှင့်တော်မူခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်တို့က သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်များထံမှ အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချအမျှဝေကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လှော်ကားကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်း ၃၁ မိုင်၊ ထာဝရငြိမ်းချမ်းရေး ဗုဒ္ဓတက္ကသိုလ်ပရိဝုဏ်အတွင်း ကိုးကွယ်ပူဇော်မည့် အဘယသန္တိသုခ မဟာမုနိရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အပြည်ပြည်ဆိုင်ရာဝိပဿနာရိပ်သာ မဟာကုသလာရာမကျောင်းတိုက် (မွေ့ဝံသကျောင်း) ဆရာတော်ဘဒ္ဒန္တကုသလ(အရှင်စင်တောက်) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အမှူးပြုသော တပည့်ဒါယကာ ဒါယိကာမများက တည်ထားကိုးကွယ်ရန် စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟိန်းထက် (ပဲခူး)

ချင်းပြည်နယ်စည်ပင်ဝန်ကြီးနှင့် SME အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ထန်တလန်၌ ကျင်းပ

ထန်တလန် ဇွန် ၁၁

ချင်းပြည်နယ် ထန်တလန်မြို့တွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ SME အဖွဲ့များနှင့် ဒေသခံပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်က ထန်တလန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက အမှာစကားပြောကြားပြီး SME အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဇေယျာညွှန့်နှင့် SME အဖွဲ့ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်တို့က ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရန် ချေးငွေများနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ချေးမည့်ငွေပမာဏ၊ ပြန်ဆပ်ရမည့်အချိန်ကာလနှင့် ပေးဆပ်ရမည့်အတိုးနှုန်း စသည်များကို တက်ရောက်လာသော ဒေသခံပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ SMEအဖွဲ့ဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထူးချွန်ဆုရအားကစားသမားများအား တိုင်းဒေသကြီးအဆင့် ဂုဏ်ပြုပွဲကျင်းပ

မုံရွာ ဇွန် ၁၁

၂၀၁၈ ခုနှစ်အတွင်းက တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားအသင်းများမှ ထူးချွန်ဆုရအားကစားအသင်းများနှင့် အုပ်ချုပ်သူနည်းပြများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မြို့တော်ခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

ထူးချွန်ဆုရအားကစားသမားများအား တိုင်းဒေသကြီးအဆင့် ဂုဏ်ပြုပွဲကို မုံရွာမြို့မြို့တော်ခန်းမ၌ ကျင်းပစဉ်။

၂၀၁၈ ခုနှစ်အတွင်းက တိုင်းဒေသကြီး/ပြည်နယ်အားကစားနည်း ၃၂ မျိုးကို ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးမှ အားကစားနည်း ၂၁ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းအားကစားနည်းများမှ အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တံခွန်စိုက်ဆုဖလား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ တံခွန်စိုက်ဆုဖလားနှင့် အသက် ၂၅ နှစ်အောက် အမျိုးသားပြေးခုန်ပစ် တံခွန်စိုက်ဆုဖလား၊ ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၄၁ ဆု၊ ကြေးတံဆိပ်ဆု ၄၉ ဆုတို့ကို ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ချီးမြှင့်ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး (ဇေယျာတိုင်း)

ကျုံပျော်မြို့နယ်၌ ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ ကျောင်းဆောင်သစ် ဖွင့်လှစ်

ကျုံပျော် ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူသည် ကျုံပျော်မြို့နယ် အဝိုင်းနင်းကြမ်းအုပ်စု ဇရပ်ဆိပ်ကျေးရွာတွင် ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ ကျောင်းဆောင်သစ်အား ဆောက်လုပ်လှူဒါန်းပြီး ယနေ့နံနက်က တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဆရာကြီး ဦးဖြူဝင်း၊ ခရိုင်ပညာရေးမှူး ဆရာကြီး ဦးအောင် သန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ယခင်ကျောင်းဆောင်သည် လွန်စွာဟောင်းနွမ်းနေခဲ့ကြောင်း၊ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာပါ ပြောင်းလဲလာအောင် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခင်ကျောင်းဆောင်ဟောင်းကိုပါ သစ်လွင်အောင်ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း၊ ကျေးရွာ၏ နောင်လာနောက်သားများ ပညာရေးဖွံ့ဖြိုးတိုးတက်လာအောင်၊ ရပ်ရွာတိုးတက်လာအောင် လှူဒါန်းပေးခြင်းဖြစ်ပြီး ကျေးရွာပြည်သူများအား အသိအမြင်ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ စည်းကမ်းကောင်းမွန်ပြီး အတတ်ပညာကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအောင်မြင်ရန်အတွက် သိမှုပိုင်းဆိုင်ရာများ ဖွံ့ဖြိုးလာအောင် အမှားအမှန်ဝေဖန်ပိုင်းခြားတတ်အောင်၊ မူလတန်းက စတင်ပြောင်းလဲပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

နေဝင်းမြင့်(ပြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇွန် ၁၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၉ ရက်က တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲသို့ တောင်ကြီးမြို့နယ်အသင်းနှင့် လားရှိုးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကြည့်ရှုအားပေးကြရာ တောင်ကြီးမြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုရရှိသော တောင်ကြီး မြို့နယ်အသင်းအား ဆုတံဆိပ်၊ ငွေကျပ်ငါးသိန်း၊ ပထမတံခွန်စိုက်ဆုဖလား၊ ဒုတိယဆုရရှိသော လားရှိုးမြို့နယ်အသင်းအား ဆုတံဆိပ်နှင့်ငွေကျပ်သုံးသိန်း၊ ပူးတွဲတတိယဆုရရှိသော သိန်းနီမြို့နယ်အသင်းနှင့် ကလောမြို့နယ်အသင်းတို့အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းငါးသောင်းစီနှင့် ပွဲစဉ်တစ်လျှောက်လုံး အကောင်းဆုံးဆုရရှိသော တောင်ကြီးမြို့နယ်အသင်းမှ ကျောနံပါတ် ၅ မောင်မျိုးဇော်ခိုင်အား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်းတို့ကို ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က ချီးမြှင့်ကြသည်။ **(အောက်ဝဲပုံ)**

ပြိုင်ပွဲတွင်ဆုရရှိသူများနှင့် အကောင်းဆုံးအားကစားသမားများအား ရွေးချယ်၍ နေပြည်တော်တွင် ဇွန် ၂၅ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ရှမ်းပြည်နယ်ကိုယ်စားပြု လက်ရွေးစင်အသင်းအနေဖြင့် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များသည် ပြည်နယ် လေ့ကျင့်ရေးအားကစားရုံအတွင်းရှိ ဘတ်စကက်ဘောပြိုင်ပွဲကွင်း ပါကေးပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြည်နယ်ဘောလုံးအားကစားကွင်း ပြုပြင်ပြီးစီးမှုအခြေအနေများ လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

ရန်ကုန်တိုင်းဒေသကြီးတွင် မိုးရာသီပျိုးပင် ၅၅၀၀၀၀ စိုက်ပျိုးရန်လျာထား

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်ရေးနှင့်ပြောင်းလဲလာသော ရာသီဥတုကို ကာကွယ်နိုင်ရန် မိုးရာသီတိုင်းတွင် ပျိုးပင်များကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၅၅၀၀၀၀ စိုက်ပျိုးရန်လျာထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ သစ်ပင်စိုက်ပျိုးရေးနေ့အဖြစ် ဇွန် ၈ ရက်ကို သတ်မှတ်ကာ မိုးရာသီသစ်ပင်စိုက်ပွဲများကိုကျင်းပခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ သစ်တောဦးစီးဌာန ရုံးစိုက်ရာ မြို့နယ် ၁၀ မြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာမြို့နယ်များမှ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပြည်သူတို့ စုပေါင်း၍ ပျိုးပင်ပေါင်း ၇၈၉၁ ပင်ကို စိုက်ပျိုးခဲ့သည်။

ယခုနှစ်မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်တောဦးစီးဌာနရုံးစိုက်ရာမြို့နယ်များဖြစ်သော တိုက်ကြီးမြို့နယ် တောင်လှိုင်ရိုးမကြိုးဝိုင်းရှိအကွက်အမှတ်(၁၃)(ဖူးကြီး- ဖောင်ကြီးကားလမ်းဘေး)၊ မှော်ဘီမြို့နယ် မှော်ဘီကြိုးဝိုင်းအကွက်အမှတ်(၃၁)အတွင်း လှည်းကူးမြို့နယ်ရှိ ငါးဆူတောင် အခြေခံပညာမူလတန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းဝင်း၊ အင်းစိန်မြို့နယ် ရွှေပြည်သာမြို့ဦးစေတီတော်ကျောင်းဝင်း၊ကော့မှူးမြို့နယ် မြို့မနိမ္မိတာရုံကျောင်းတိုက်၊ ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာအနီး (ထန်းတပင်-ကျူတောလမ်း ဝဲ/ယာ)၊ သန်လျင်ဘန့်ဘွေးကုန်း ရေလှောင်တမံကြိုးဝင်းအတွင်း၊ စမ်းချောင်းမြို့နယ် ဗားဂရာလမ်းရှိ ကျွန်းတောဘုန်းတော်ကြီးကျောင်းရှေ့၊ သဃ်န်းကျွန်းမြို့နယ် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ရတနာလမ်းတစ်လျှောက်တို့တွင် တိုင်းဒေသကြီး မိုးရာသီသစ်ပင်စိုက်ပျိုးရေးနေ့၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သန်းထိုက်

ဈေးကွက်ဝင်ဒေသမျိုးရင်း ငါးဖယ်မျိုးစိတ် ငါးမွေးတောင်သူတို့ထံဖြန့်ဝေနိုင်ရန် သားဖောက်သုတေသနပြုလျက်ရှိ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရှိ လှော်ကားငါးလုပ်ငန်းစခန်းသည် ၁၉၅၅ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ ပထမဆုံး ငါးသားဖောက်စခန်းတစ်ခုဖြစ်ပြီး ယနေ့အချိန်တွင် ငါးတောင်သူတို့လိုအပ်သော ဈေးကွက်ဝင် ငါးမျိုးစိတ်တို့ကို သားဖောက်ထုတ်လုပ်ပေးလျက်ရှိရာ စီးပွားဖြစ် ဈေးကွက်ဝင်ဒေသမျိုးရင်းဖြစ်သော ငါးဖယ်မျိုးစိတ်အား ငါးမွေးတောင်သူတို့ထံ လုံလောက်စွာဖြန့်ဝေနိုင်ရန် သားဖောက်သုတေသနပြုလျက်ရှိကြောင်း သိရသည်။

"ရာသီချိန် ဝင်လာပြီဆိုတော့ ဒီလကုန်ရင် ငါးသားပေါက် မျိုးစုံရပါပြီ။ ငါးတန်တစ်မျိုးပဲ ဩဂုတ်လမှာ ဖောက်မှာပါ။ သုတေသနဆောင်ရွက်နေတာက ဒေသရင်း ငါးမျိုးစိတ်ဖြစ်တဲ့ ငါးဖယ်မျိုးစိတ်ကို တောင်သူတွေအတွက် လိုသလောက်ဖြန့်ဖြူးပေးနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ အခုမျိုးငါးကို အစာကျွေးနေပြီးတော့ ဥတည်နေပါပြီ။ တစ်လအတွင်း ဥတည်အောင် ဆောင်ရွက်ထားပြီးတော့ သုံးနှစ်သားငါးတွေကို စုဆောင်းပြီး ဆေးထိုးသားဖောက်နိုင်အောင်ကြိုးစားနေပါတယ်။ ကြိုက်တဲ့အချိန် ထုတ်ရောင်းလို့ရတဲ့ တစ်ပိဿာကျပ် ၈၀၀၀ ဈေးရှိတဲ့ ငါးဖယ်မျိုးစိတ်ဖြစ်တာကြောင့် ငါးမွေးတောင်သူတွေ စီးပွားဖြစ် အထူးစိတ်ဝင်စားနေတဲ့ငါးလည်း ဖြစ်ပါတယ်"ဟု လှော်ကားငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းနိုင်က ပြောသည်။

လှော်ကားငါးလုပ်ငန်းစခန်းရှိ ငါးသားဖောက်စခန်းတစ်ခုကို တွေ့ရစဉ်။

မြန်မာပြည်တစ်ဝန်းမှ ငါးတောင်သူတို့လိုအပ်သော ဈေးကွက်ဝင်ငါးမျိုးစိတ်များဖြစ်သော ငါးခေါင်းပွ၊ ငါးမုန့်၊ ငါးမြစ်ချင်း၊ငါးကြင်းဖြူ အပါအဝင် ငါးမျိုးစိတ် ၁၉ မျိုးကို သားဖောက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဈေးကွက်ဝင် ငါးဖယ်ကို ငါးမြစ်ချင်း၊ ငါးတန် ငါးကန်တွင် ရောမွေးနိုင်သောကြောင့် သီးခြားငါးကန်ဖြင့် မွေးမြူရန် မလို၍ ငါးတောင်သူများ အထူးစိတ်ဝင်စားလျက်ရှိသည့် ငါးမျိုးစိတ်ဖြစ်သည်။

လှော်ကား ငါးလုပ်ငန်းစခန်းတွင် အထီး၊ အမငါးဖယ်ကောင်ရေ ၁၀၀ မှ အမမျိုးစိတ်များကို တစ်ကောင်လျှင် ဥမည်မျှကပ်နိုင်ကြောင်းနှင့် ဥအရွယ်အစား၊ အကောင်ပေါက်ရန် ကြာချိန်၊ ငါးတစ်ကောင်၏ ကြီးထွားနိုင်မှုနှင့် အရွယ်အစားတို့ကို ပထမဆုံး စတင်သုတေသနပြု သားဖောက်လျက်ရှိသည်။ ငါးကြင်းဖြူ ၆၀ သားတစ်ကောင်လျှင် ဥ ၈၀၀၀၀ ဥတတ်ပြီး ငါးတန် ၆၀ သားတစ်ကောင်လျှင် ဥတစ်သိန်းနှစ်သောင်း ဥတတ်ကာ ငါးဖယ်တစ်ကောင်လျှင် ဥမည်မျှဥနိုင်ကြောင်းကို ယခုမှ စတင်၍ သုတေသနပြု သားဖောက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ငါးကဏ္ဍဖွံ့ဖြိုးစေရန်၊ မိုးရာသီတွင် ငါးရစ် ငါးသန်များကို ဖမ်းဆီးခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ သတိပေးထုတ်ပြန်ထားခြင်းဖြစ်သည်။

ဒေသရင်းမျိုးစိတ်ဖြစ်သော ငါးဖယ်သည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင်သောကြောင့် ငါးသားဖောက်ခြင်းနှင့် သုတေသနလုပ်ငန်းအောင်မြင်ပါက နိုင်ငံခြားဝင်ငွေ ရရှိနိုင်မည့် ဈေးကွက်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ငါးမွေးတောင်သူတို့၏ လူမှုစီးပွားများ ပိုမိုတိုးတက်စေမည်ဖြစ်သည်။ လှော်ကားငါးလုပ်ငန်းစခန်းမှ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှလွဲ၍ ကျန်သောတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ငါးမျိုးစိတ်၁၉ မျိုးကို ဖြန့်ဝေပေးလျက်ရှိပြီး ရွှေဘို၊ မန္တလေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အများဆုံး မှာယူမွေးမြူလျက်ရှိသည်။

ထို့ကြောင့် တိုးချဲ့ထုတ်လုပ်နိုင်ရန် ဈေးကွက်ဝင် ဒေသရင်း မျိုးစိတ်ငါးဖယ်ကို လှော်ကားငါးလုပ်ငန်းစခန်းမှ သုတေသနပြု၍ သားဖောက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၆-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၅၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၈၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၅၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၈၅/၉၃၀ ကျပ်	၉၄၅/၉၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၉၅/၉၄၅ ကျပ်	၉၆၀/၉၇၅ ကျပ်
အောက်တိန်း ၉၂	၇၇၀/၈၃၅ ကျပ်	၈၇၅/၈၉၀ ကျပ်
အောက်တိန်း ၉၅	၈၅၀/၉၁၀ ကျပ်	၉၄၀/၉၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၃ ・ ၂
ဥရောပ	တစ်ယူရို	ကျပ် ၁၇၃၄ ・ ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၃ ・ ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၄၈ ・ ၀
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၁၁ ・ ၁
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၆ ・ ၄
တရုတ်	တစ်ယွမ်	ကျပ် ၂၂၁ ・ ၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ ・ ၀၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၉ ・ ၇၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ ・ ၁၆
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၉၉၂

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

မြစ်သာမြစ်ကူး လူကူးကြိုးတံတား (မြေနီ - ပန်းထိပ်)ဖွင့်

ဂန့်ဂေါ ဇွန် ၁၁

ဂန့်ဂေါမြို့နယ် မြေနီရွာနှင့် ပန်းထိပ်ကျေးရွာကို ဆက်သွယ်သွားလာနိုင်သည့် မြေနီ- ပန်းထိပ် ကျေးရွာကူး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သည့် မြစ်သာမြစ်လူကူးကြိုးတံတားဖွင့်ပွဲကို ယနေ့နံနက်က ကြိုးတံတားအနီးရှိကွင်းပြင်၌ ပြုလုပ်သည်။

အဆိုပါကြိုးတံတားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြကာ ကြိုးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။ **(အောက်ဝဲပုံ)**

မြစ်သာမြစ်ကူး (မြေနီ-ပန်းထိပ်)

လူကူးကြိုးတံတား ဆောက်လုပ်ထားသဖြင့် "မြေနီနဲ့ ပန်းထိပ်ကျေးရွာများသာမက ခေါက်ချူ၊ ဝက်ချိုပါ၊ ရွာသာ၊ ပေါ်လယ်စတဲ့ ကျေးရွာများမှ ပြည်သူတွေပါ ဖြတ်သန်းသွားလာမှု လွယ်ကူသွားပါပြီ။ ထီးလင်း - ဂန့်ဂေါ ကားလမ်းကို ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်လို့ ကျေးရွာရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ် "ဟု မြေနီကျေးရွာမှ ရပ်မိရပ်ဖ ဦးမြင့်အောင်က ပြောသည်။

အဆိုပါ ကြိုးတံတားသည် အရှည်ပေ ၇၉၀၊ အကျယ် ၇ ပေ၊ အမြင့်ပေ ၂၀ ရှိပြီး ကြိုးတံတားဆောက်လုပ်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သံကြိုးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ထားသည့်အပြင် မြေနီကျေးရွာနေ ပြည်သူများက ငွေကျပ် ၂၈၀ သိန်း ငါးသောင်း ကုန်ကျမှုဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ စတင်ဆောက်လုပ်ခဲ့ကာ ၂၀၁၉ ခုနှစ် မေ ၂၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

ရေကြည်မြို့နယ်၌ ကူးစက်ရောဂါကာကွယ်ရေးနှင့် မွေးမြူရေးပညာပေး

ရေကြည် ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှကြီးမှူးကျင်းပသော ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူရေးပညာပေးဟောပြောပွဲကို ယနေ့နံနက်က ကြို့ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မိုးသူဇာက ကျေးရွာအတွင်းရှိ တိရစ္ဆာန်များ ရာသီဥတုအကူးအပြောင်းတွင် ကူးစက်ရောဂါဖြစ်ပွားမှု လျော့နည်းစေရန် ရည်ရွယ်၍ ကျင်းပခဲ့ကြောင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တိရစ္ဆာန်များကို ရောဂါမဖြစ်ခင် ကြိုတင် ကာကွယ်ဆေးများထိုးရန်နှင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် ပြောကြားခဲ့သည်။

တက်ရောက်

ထို့နောက် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖတစ်ဦးက ယခုကဲ့သို့ ၎င်းတို့ကျေးရွာတွင် တိရစ္ဆာန်နှင့်ပတ်သက်သော အသိပညာဗဟုသုတများကို လာရောက်ဟောပြောပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အဆိုပါ ဟောပြောပွဲသို့ ကျေးရွာအတွင်းရှိ ရွာသူရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်သူဟန် (ပြန်/ဆက်)

မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအကြောင်း အသိပညာပေး

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မြင့်စိုးက နဝဒေးရပ်ကွက် ချမ်းမြေ့မွှာရုံ၌ ဇွန် ၉ ရက်က ဒေသခံများအား မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျော်လှိုင်သင်း (နေပြည်တော်)

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

တောင်ကိုရီးယားမှ Asia Model Star Award ဆုကို မြန်မာမော်ဒယ်လ် ဟန်တီ ရရှိ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Olympic Hall ၌ယခုလ ၉ ရက်က ကျင်းပပြုလုပ်ခဲ့သည့် Asia Model Awards ဆုပေးပွဲ အခမ်းအနားကြီးတွင် မြန်မာနိုင်ငံမှ ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်က Asia Special Award ဆုနှင့် မော်ဒယ်လ် ဟန်တီက Asia Model Star Award ဆုတို့ကို ရရှိခဲ့ပြီး အခြားသော ကိုရီးယားနှင့် အာရှနိုင်ငံအသီးသီးမှ နာမည်ကြီး အနုပညာရှင်များနှင့်အတူ ဆုများ လက်ခံရရှိခဲ့ကြောင်း သိရသည်။

မော်ဒယ်လ် ဟန်တီက ဆုရရှိသည့် အတွေ့အကြုံနှင့်ပတ်သက်၍ "၁၅ နှစ်သမီးအရွယ်ကတည်းက ဆရာဂျွန်လွင် (Stars & Models)ဆီမှာ သင်တန်းတက်ခဲ့တယ်၊ ဆရာ့ရဲ့ နည်းစနစ်တကျ သင်ကြားပို့ချမှုတွေနဲ့ မော်ဒယ်လောကမှာ ဟန်သီ ဆိုပြီး ရပ်တည်ခဲ့တယ်၊ အဲဒီနောက်ပိုင်း အလှမယ်အဖြစ်နဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပရိသတ်တွေရဲ့ အသိအမှတ်ပြုခံရတဲ့ ကောင်မလေးတစ်ဦး ဖြစ်လာတယ်၊ နောက်ပိုင်းမှာ ဟန်သီဆိုတဲ့ နာမည်လေးကို ပြောင်းလဲပြီး ဟန်တီ ဆိုတဲ့ အနုပညာနာမည်အသစ်နဲ့ အနုပညာ အလုပ်တွေကို လုပ်ကိုင်နေတာပေါ့နော်၊ အခုလောလောဆယ် ကြော်ငြာလေးတွေ ရိုက်ဖြစ်နေတယ်၊ အခုဆိုလည်း ကိုရီးယားနိုင်ငံက ချီးမြှင့်တဲ့ဆုကို ရရှိခဲ့ပြီး အဲဒီမှာကျင်းပတဲ့ ပွဲတွေမှာလည်း ဒိုင်အဖြစ်နဲ့ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်၊ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် သွားရောက်ရတာပါ။ ကိုယ့်ကို အသိအမှတ်ပြုကြလို့လည်း အတိုင်းမသိဝမ်းသာရပါတယ်"ဟု ဟန်တီက ပြောသည်။

မော်ဒယ်လ် ဟန်တီအနေဖြင့် ယခုနှစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော Asia Model Award ဆုပေးပွဲတွင် Asia Model Star Award ဆုကို ရရှိခဲ့သလို Face of Asia 2019 ပြိုင်ပွဲတွင်လည်း ဟန်တီက ဒိုင်အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟန်တီသည် ၂၀၁၂ ခုနှစ်က Face of Myanmar 2012 မော်ဒယ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုရရှိခဲ့ပြီး ထိုနှစ်က Face of Asia 2012 ပြိုင်ပွဲ တွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးကြောင်းသိရသည်။

ကိုလင်း

သရုပ်ဆောင် ထူးအောင်က သဘာဝကျသည့် ဇာတ်ကောင်စရိုက်ကို ပိုကြိုက်ကြောင်း ပြောကြား

အကြင်နာမြစ်ဖျား ရုပ်သံဇာတ်လမ်းတွဲတွင် လတ်တလော ပါဝင်သရုပ်ဆောင်ထားပြီး ရုပ်ရှင်ဇာတ်ကားများတွင်ပါ နေရာတစ်ခုရလာသည့် မော်ဒယ် သရုပ်ဆောင်ထူးအောင် အနေဖြင့် ဇွန် ၃ ရက်က စတင် ရုံတင်ပြသခဲ့သည့် Lady Boy ရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း လူကြမ်းတစ်ယောက်အဖြစ် ပါဝင်ခဲ့သည်။ လူကြမ်းသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ခြင်းနှင့်ပတ်သက်၍ ထူးအောင်က ၄င်းအနေဖြင့် ကာရိုက်တာကို ကန့်သတ်ထားခြင်းမရှိကြောင်းနှင့် သဘာဝကျပြီး စိန်ခေါ်မှုရှိသည့် ဇာတ်ကောင်စရိုက်များကို ပိုကြိုက်ကြောင်း ပြောကြားသည်။

"ကျွန်တော်က မော်ဒယ်နဲ့ စခဲ့တာဆိုတော့ မော်ဒယ်ထူးအောင်အနေနဲ့ ပရိသတ်က စသိခဲ့ပါတယ်။ အဲဒီတုန်းကတည်းက ပရိသတ်တွေက အားပေးခဲ့ကြတယ်၊ အခု သရုပ်ဆောင်အလုပ်ကို လုပ်ဖြစ်နေပြီဆိုတော့လည်း ပရိသတ်အားပေးရကျိုးနပ်အောင် ကြိုးစားမှာပါ၊ အဲဒီအတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေကို လုပ်ရပါတယ်၊ ကျွန်တော်က သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်တယ်၊ ဒါကြောင့် ကာရိုက်တာကန့်သတ်တာမျိုးမလုပ်ဘူး။ အကုန်လုပ်နိုင်အောင် ကြိုးစားမယ်၊ ကျွန်တော့်အနေနဲ့ဆိုရင်တော့ သဘာဝကျတဲ့ ကာရိုက်တာမျိုး၊ စိန်ခေါ်မှုဖြစ်တဲ့ ကာရိုက်တာမျိုးကို ပိုပြီး သဘောကျတယ်၊ ကာရိုက်တာအတွက် ပြုပြင်ပြောင်းလဲရမယ် ဆိုတာမျိုးတွေကို ပိုပြီးသဘောကျတယ်"ဟု ထူးအောင်က ပြောသည်။

Lady Boy ရုပ်ရှင်ဇာတ်ကားကြီးတွင် ပြည်ပအနုပညာရှင်များနှင့် လက်တွဲလုပ်ကိုင်ခွင့်ရခဲ့ရာ ထိုအတွေ့အကြုံများနှင့်ပတ်သက်၍လည်း ထူးအောင်က "သူတို့အလုပ်လုပ်တာ စနစ်ကျတယ်၊ သူတို့အနုပညာကြေးယူထားတာနဲ့ တန်အောင်လည်း တာဝန်ယူတတ်တယ်၊ သရုပ်ဆောင်တွေဆိုရင်လည်း သရုပ်ဆောင်တာဝန်ကို အပြည့်အဝယူတယ်၊ လူကြမ်းတွေဆိုလည်း အစမ်းသရုပ်ဆောင်မှုကို အပြည့်အဝ လုပ်ပေးတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဖိုက်တင်လုပ်တာတွေက ကောင်းပါတယ်၊ သူတို့ထက်တောင် ပိုကောင်းသေးတယ်၊ စနစ်မကျတာပဲရှိတယ်၊ စနစ်ကျသွားရင် ကျွန်တော်တို့ဆီက လူတွေက အေးဆေးပဲ"ဟု ဆက်ပြောပြသည်။

ထူးအောင်အနေဖြင့် လက်ရှိအချိန်တွင် ပရိသတ်၏ ဝေဖန်အကြံပြုချက်များကိုလည်း အလေးထား၍ တကယ်လိုအပ်သည့်အချက်များဖြစ်လျှင် ကြိုးစားပြင်ဆင်ပြီး ပရိသတ်အားလုံးက လက်ခံသော အနုပညာရှင်တစ်ယောက် ဖြစ်လာရန် ကြိုးစားလျက် ရှိကြောင်းလည်း ထူးအောင်က ဆက်ပြောသည်။

ကိုလင်း

ရုပ်ရှင်ရိုက်ကူးမှုများနှင့် ခဏတာ ဝေးကွာခဲ့ခြင်းအတွက် ဖွေးဖွေးက ပရိသတ်ကိုတောင်းပန်

ရွှေကြာ ရုပ်ရှင်ကားကြီး နှင့် အကယ်ဒမီရပြီးနောက်ပိုင်း ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုများ နည်းပါးသွားသည့်အပေါ် ပရိသတ်အချို့က ဝေဖန်မှုအမျိုးမျိုးပေးနေကြခြင်းနှင့် ပတ်သက်၍ သရုပ်ဆောင် အကယ်ဒမီဖွေးဖွေးက ကားရိုက်နည်းသွားရခြင်းအကြောင်း ရင်းကို ရှင်းပြပြီး တောင်းပန်စကားဆိုခဲ့သည်။

"ဒီနှစ်ကတော့ ဖွေးရဲ့ Relax Year လို့ ပြောရမှာပါ၊ ကားအက်ဆီးဒင့်ဖြစ်ပြီး ဖွေးရဲ့လက်ကို ထိခိုက်သွားလို့ ကျန်းမာရေးကြောင့် ရုပ်ရှင်ကားရိုက်တွေ နားထားရပါတယ်။ ဒါပေမယ့် ဇွန်လကစပြီး ပွဲတက်တွေ ပြန်တက်ဖြစ်မယ်၊ ဓာတ်ပုံတွေပြန်ရိုက်ဖြစ်မယ်၊ ကြော်ငြာတွေလည်း ပြန်ရိုက်မှာပါ၊ ရုပ်ရှင်ကားတွေပဲ နားထားတာပါ၊ ဖွေးကို အားလုံးက ချစ်ခင်ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဖွေးလည်း ပရိသတ်ကိုလွမ်းနေပါပြီ၊ ဒါကြောင့် ကျန်တဲ့အနုပညာအလုပ်တွေတော့ လုပ်ဖြစ်နေမယ်၊ ဖွေး တွေ့ကြုံရတာတွေကို ပရိသတ်တွေကို မျှဝေပေးသွားမယ်"ဟု ဆိုသည် ။

ဖွေးဖွေးအနေဖြင့် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အလျောက် အနုပညာ အလုပ်များ ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကာ လတ်တလောတွင် သရုပ်ဆောင်အလုပ်ထက် ကြော်ငြာများရိုက်ကူးခြင်းနှင့် ဖွင့်ပွဲများသို့ တက်ရောက်ခြင်းကိုသာ အဓိကထား လုပ်ဖြစ်နေကြောင်း သိရသည်။

ကိုလင်း

ထိုင်းဒါရိုက်တာနှင့်အတူ သရဲကားသစ်တစ်ကား ရိုက်ကူးနေသည့် သရုပ်ဆောင် ပက်ထရစ်ရှာနှင့် တွေ့ဆုံမေးမြန်းခြင်း

ပရိသတ်နှင့် အနည်းငယ်ဝေးကွာသွားခဲ့သည့် သရုပ်ဆောင် ပက်ထရစ်ရှာကို မကြာမီ ရုံတင်ပြသတော့မည့် **'ကောင်းကင်တစ်ခု အလိုရှိသည်'** ရုပ်ရှင်ဇာတ်ကားတွင် ပရိသတ်များ ပြန်လည်၍ တွေ့မြင်ရမည်ဖြစ်ပြီး ပက်ထရစ်ရှာအနေဖြင့် လက်ရှိတွင် ထိုင်းဒါရိုက်တာနှင့်လည်း ဇာတ်ကားတစ်ကား ရိုက်ကူးလျက်ရှိကြောင်း သိရသည်။ ယခု ရုံတင်တော့မည့် ဇာတ်ကားတွင် ပါဝင်ခဲ့ပုံနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့် ပတ်သက်၍ ပက်ထရစ်ရှာနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။ကောင်းကင်တစ်ခု အလိုရှိသည် ရုပ်ရှင်ဇာတ်ကားကြီးက ရိုက်ကူးထားတာ ကြာပြီလို့သိရတယ်၊ အဲဒီအကြောင်း ပြောပါဦး။

ဖြေ။ ။ဒီဇာတ်ကားကို ရိုက်ထားတာ လွန်ခဲ့တဲ့ ၃ နှစ်ကျော်လောက်ကပါ။ ဒီကားကို ရုံမတင်တော့ဘူးလို့တောင် ထင်ခဲ့တာလေ။ အတတ်နိုင်ဆုံးတော့ ဖက်ရှင်ကို ဘယ်ခေတ်မှာဖြစ်ဖြစ် မရိုးသွားအောင် ရိုးရိုးလေးပဲ ဝတ်ဆင်ထားပါတယ်။ ကြည့်လို့ အဆင်ပြေအောင် ဝတ်ဆင်ထားပါတယ်။

မေး။ ။ကာရိုက်တာပိုင်းကရော။

ဖြေ။ ။ဒီထဲမှာ ကာရိုက်တာက ရပ်ကွက်ထဲမှာနေတယ်၊ အလစ်သုတ်တဲ့ ကောင်မလေး တစ်ယောက်ပုံစံ၊ နောက်တစ်နေ့ဘာဖြစ်မလဲဆိုတဲ့အတွေး သူ့မှာမရှိဘူး။ ရည်မှန်းချက်မဲ့နေတဲ့သူပေါ့။ နောက် ကိုယ်နဲ့ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းနဲ့ ချစ်သူတွေပြန်ဖြစ်ကြတယ်ပေါ့၊ အဲလို ပုံစံမျိုးပါ၊

မေး။ ။ကိုအောင်ရဲလင်းနဲ့ တွဲဖက်ရိုက်ကူးရတာ အဆင်ပြေလား။

ဖြေ။ ။ကိုအောင်ရဲလင်းနဲ့ တွဲဖက်အလုပ်လုပ်ရတာ အဆင်ပြေပါတယ်။ ဖိအားပေးတာ မရှိပါဘူး။ ကိုယ့်ညီမတစ်ယောက်လို လိုအပ်တာတွေ သင်ပေးပါတယ်။ ပေါ့ပေါ့ပါးပါး ရိုက်ကူးရတာ ပျော်ပါတယ်။

မေး။ ။ဒီဇာတ်ကားမှာ ဆတ်ဆတ်ထိမခံပုံစံ သရုပ်ဆောင်ထားတာဆိုတော့ ဒီလိုကာရိုက်တာတွေ ရိုက်ဖူးလား။

ဖြေ။ ။ဆတ်ဆတ်ထိမခံ ဂျစ်ကန်ကန်ကောင်မလေးအနေနဲ့တော့ ဒါက ပထမဆုံးပါ။ အရင်ကားတွေမှာ ဂျစ်ကန်ကန်နဲ့ စွာတဲ့ပုံစံမျိုးတော့ ညီမ သရုပ်ဆောင်ဖူးပါတယ်။

မေး။ ။ဒီဇာတ်ကားက ဘယ်လိုပုံစံဖြစ်မလဲ။

ဖြေ။ ။အချစ်ကားဆိုပေမယ့် အတွဲ တစ်တွဲနဲ့တစ်တွဲ ပုံစံက မတူပါဘူး။ နှစ်တွဲလုံးမှာ စိတ်ညစ်စရာတွေ ရှိတယ်။ တစ်ဖက်က အတွဲက ကောင်မလေးက သူဌေးသမီးဆိုပေမယ့် မာန်မာနတွေရှိတယ်။

တစ်ခုခုဆိုရင် စိတ်ဆိုးမယ်။ လွယ်လွယ်ဆုံးဖြတ်တတ်တယ်။ နှစ်တွဲလုံးကတော့ ချစ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အတူတူရှိနေချိန်မှာ ချစ်ချစ်ခင်ခင်နေကြပါ၊ ရန်မဖြစ်ကြဖို့ပေါ့။ လူဆိုတာ ဘယ်တော့ဘာဖြစ်မလဲ ကြိုမသိတဲ့အတွက် အတူရှိနေချိန်မှာ ချစ်ခင်စွာ ပျော်ရွှင်စွာနဲ့ နေထိုင်ပါဆိုတာကို ပြတာပါ။

မေး။ ။လက်ရှိ ထိုင်းဒါရိုက်တာနဲ့ ရိုက်ကူးနေတဲ့ ဇာတ်ကားအကြောင်း ပြောပါဦး။

ဖြေ။ ။မဖဲဝါက သရဲကားပါ။ သရဲကားဆိုပေမယ့် ဟာသနဲ့ ကြောက်ဖို့ကောင်းတာကို ရောထားတာပါ။ ထိုင်းတွေနဲ့ ရိုက်ကူးရလို့ အတွေ့အကြုံသစ်တွေလည်း ရပါတယ်၊

သရဲကားမို့ မဖဲဝါဆိုတဲ့ သရဲနာမည် ပေးထားတာပါ။ ညီမက ဒီဇာတ်ကားမှာ သူဌေးသမီး လေယာဉ်မယ်လေးတစ်ယောက်ပါ။ ကိုယ့်ချစ်သူကတော့ ထိုင်းကပေါ့။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

အမီတာဘချမ်း၏ တွစ်တာအကောင့် ဖောက်ထွင်းခံရ

ရှာဟစ်ကာပူးရဲ့ဆိုရှယ်မီဒီယာအကောင့်ကို ဟက်ကာသမားများက ဖောက်ထွင်းပြီးတဲ့နောက် နောက်ထပ်ပစ်မှတ်တစ်ခုက ဘောလိဝုဒ် မင်းသားကြီးအမီတာဘချမ်းရဲ့အကောင့်ဟာ ဟက်ကာသမားတွေရဲ့ပစ်မှတ်ဖြစ်လာပါတယ်။ အမီတာဘချမ်းရဲ့တွစ်တာ အကောင့်မှာ ပုံမှန်မဟုတ်တဲ့စာသားတွေတင်ထားတာကိုတွေ့ရတဲ့အခါ သူ့ရဲ့ပရိသတ်တွေနဲ့ အကောင့်ကိုဖော်လိုလုပ်ထားသူတွေ အားလုံးအံ့အားသင့်ကုန်ပါတယ်။

တွစ်တာအကောင့်မှာ တင်ထားတဲ့ပုံကလည်း ပါကစ္စတန်ဝန်ကြီးချုပ်ပုံ ပြောင်းသွားပြီး ပါကစ္စတန်နဲ့ပတ်သက်တဲ့စာသားတွေ တင်ထားတာကို တွေ့ရတယ်။ အဲဒီလိုဖြစ်သွားတဲ့အတွက် အမီတာဘချမ်းကိုယ်တိုင်ရော သူ့ပရိသတ်အားလုံးပါ စိုးရိမ်ခဲ့ရပါတယ်။ ဒါပေမယ့်နောက်ပိုင်းမှာတော့ အမီတာဘချမ်းရဲ့အဖွဲ့သားတွေဟာ သူ့ရဲ့အကောင့်ကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပြီလို့သိရပါတယ်။

နောက်ပြီး တွစ်တာအသုံးပြုသူတွေထံ နိုင်ငံအချို့ကြားမှာ အပြည်ပြည်ဆိုင်ရာစစ်ပွဲတွေဖြစ်နေပြီလို့ သတိပေးထားတဲ့ စာတွေ အမီတာဘချမ်းရဲ့ အကောင့်ကနေရောက်လာတော့ အသုံးပြုသူတွေလည်းထိတ်လန့်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့လအနည်းငယ်ကလည်း အမီတာဘချမ်းရဲ့သားဖြစ်သူ အဘီရှက်ဘချမ်းရဲ့တွစ်တာအကောင့်လည်း ဟက်ကာသမားတွေရဲ့ လက်ထဲရောက်သွားပြီး ဆီးရီးယားစစ်ပွဲ အကြောင်းအရာတွေ ဖြန့်ဝေတာမျိုးဖြစ်ခဲ့ဖူးပါတယ်။

ဘောလိဝုဒ်လိုက်ဖ် ဒေါ့ကွန်း

ဘောလိဝုဒ်မင်းသားကြီး အမီတာဘချမ်း။

ဒစ္စနေးရုပ်ရှင် Frozen 2 ပိုစတာထွက်ရှိ

အောင်မြင်ကျော်ကြားခဲ့တဲ့ ဒစ္စနေးအန်နီမေးရှင်းရုပ်ရှင် Frozen ဇာတ်ကားရဲ့နောက်ဆက်တွဲ Frozen 2 ကို ပရိသတ်တွေ စောင့်မျှော်နေခဲ့တာကြာပြီဖြစ်ပြီး အခုအခါမှာ Frozen 2 ရဲ့ပိုစတာထွက်ရှိလာခဲ့ပါပြီ။ အဲဒီပိုစတာထဲမှာ အန်နာရော အယ်လ်ဆာပါ ပါဝင်ခဲ့ပြီး ဇာတ်ကားနမူနာကို ဇွန် ၁၂ ရက် နံနက်ပိုင်းမှာ ပြသမယ်လို့ သိရပါတယ်။

Frozen 2 ကိုရိုက်ကူးတဲ့ဒါရိုက်တာကတော့ ဂျက်နီဖာလီနဲ့ ခရစ်ဘက်တို့ဖြစ်ပါတယ်။ အသံနဲ့သရုပ်ဆောင်ကြသူတွေကတော့ အင်ဒီနာမန်ဇယ်၊ ခရစ္စတန်ဘယ်၊ ဂျွန်နသန်ဂေါ့ဖ်နဲ့ ဂျိုဇ့်ဂက်တို့ပဲဖြစ်ပါတယ်။ ဒီဇာတ်ကားတစ်ကားလုံးရဲ့ သီချင်းရေးစပ်သူကတော့ အော်စကာဆုရှင်တေးရေးဆရာ ခရစ္စတန် အန်ဒရာဆင်လိုပက်ဇ်နဲ့ ရောဘတ်လိုပက်ဇ်တို့ပဲဖြစ်ပါတယ်။ Frozen 2 ဇာတ်ကားဟာ ၂၀၁၉ နိုဝင်ဘာလမှာ ရုံတင်ပြသမယ်လို့ သတ်မှတ်ထားပါတယ်။ ပထမဇာတ်ကားမှာအောင်မြင်ခဲ့တဲ့အတွက် အခု ဒုတိယကားကိုလည်း ပရိသတ်တွေက အများကြီးမျှော်လင့်ထားတာကြောင့် သူတို့အလွန်ဂရုစိုက်ရတယ်လို့ ဒါရိုက်တာ ဂျနီဖာက ပြောပါတယ်။

ဘောလိဝုဒ် လိုက်ဖ် ဒေါ့ကွန်း

အသစ်ထွက်ရှိလာသည့် Frozen 2 ပိုစတာ။

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၇)

တရားရုံးနှင့် သတင်းမီဒီယာ

ဦးဟန်ညွန့် (ဥပဒေ)

သတင်းထောက်မောင်မှန်ကန်

ကျွန်တော့်တပည့် သတင်းထောက်မောင်မှန်ကန်တစ်ယောက် ကျွန်တော့်ရုံးခန်းသို့ မမျှော်လင့်ဘဲရောက်ရှိလာလေသည်။ ရောက်မဆိုက်ပင် တရားရုံးများအကြောင်း၊ ကြုံဖူးသမျှဖြစ်အင်ကို ဇာတ်စုံခင်း၍ ရှင်းနေလေတော့သည်။ ကျေနပ်ချက်လည်းပါ၊ မကျေနပ်ချက်လည်းပါ သတင်းမီဒီယာနှင့် တရားရုံးအကြောင်း ရင်ဖွင့်ပါလေသည်။ တရားရုံးနှင့် သတင်းမီဒီယာအကြောင်း ဆွေးနွေးမည်ဆိုပါက ရည်ညွှန်းဥပဒေမှာ သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာနည်းဥပဒေများ၊ သတင်းမီဒီယာကျင့်ဝတ်၊ တရားရုံးသတင်းမီဒီယာလက်စွဲတို့ကို အခြေခံရမည်ဖြစ်ပေသည်။

သတင်းမီဒီယာဥပဒေပုဒ်မ(၆)

သတင်းမီဒီယာသမားတစ်ဦးသည်

(က) ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေး အဆင့်အတန်း သတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်း၊ ရေးသားချက်များမှအပ အများပြည်သူ သိရှိခွင့်ရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။

(ခ) အများပြည်သူ၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော အစိုးရမဟုတ်သည့်အသင်း၊ အဖွဲ့၊ လုပ်ငန်းများမှ သတင်းအချက်အလက်များကို ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တောင်းယူကြည့်ရှုခွင့်ရှိသည်။

သတင်းမီဒီယာသမားတိုင်း

သတင်းမီဒီယာသမားတိုင်းသည် သတင်းမီဒီယာဥပဒေကို လေ့လာဖတ်ရှုသိရှိနားလည်သင့်ပေသည်။ မိမိမှာ ဘာအခွင့်အရေးရှိ သလဲ။ အဆိုပါ အခွင့်အရေးကရော ဥပဒေနှင့်ညီရဲ့လား။ မောင်မှန်ကန်တို့လို သတင်းထောက်များအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်လေ သတင်းထောက်လောကဖွံ့ဖြိုးတိုးတက်လေဖြစ်ပေသည်။ အချို့သတင်းထောက်များမှာ အခွင့်အရေးကိုသာလိုချင်ပြီး တာဝန်ကိုမသိကြပေ။ ထို့ကြောင့် ခုတ်ရာတခြား၊ ရှရာတခြားဆိုသလို ဖြစ်တတ်ပေသည်။

သတင်းအချက်အလက်ရယူခွင့်

သတင်းမီဒီယာနည်းဥပဒေများ၊ အခန်း(၉)တွင် သတင်းအချက်အလက်ရယူခွင့်အကြောင်း ဖော်ပြထားလေသည်။

အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို တောင်းခံရာတွင် သတင်းမီဒီယာသမားသက်သေခံကတ်ပြား ပြသ၍ သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်နှင့် အမှန်တကယ်ကျသင့်သည့် အဖိုးအခမှလွဲ၍ အခြားအပိုဆောင်းစရိတ်များ၊ အဖိုးအခများပေးရန် မလိုဘဲ တောင်းယူကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ရှိပေသည်။

သတင်းအချက်အလက်ထုတ်ပြန်ရန် တာဝန်ရှိသည့် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမဆို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း မရှိစေရပေ။

ဥပဒေနှင့် မကိုက်ညီကြောင်း သတင်းတောင်းခံသူက တိုင်ကြားလာပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဖြေရှင်းကူညီပေးပေသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းပုဂ္ဂိုလ်များအကြား ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးခြင်းဖြင့် ပြဿနာများ ပြေလည်နိုင်ပေသည်။ ဆောင်ရွက်ချက်အသေးစိတ်ကို ဥပဒေ၊ နည်းဥပဒေများတွင် ဖော်ပြထားပေသည်။

အငြင်းပွားမှုများ

အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရန် ညှိနှိုင်းဖြေရှင်းရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ပေးသည်။

သတင်းမီဒီယာကျင့်ဝတ်

သတင်းမီဒီယာသမားတိုင်း ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ လိုက်နာကျင့်သုံးရမည့် သတင်းမီဒီယာကျင့်ဝတ်ကို မမေ့အပ်ပါ။ တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုကိုအခြေခံရပါမည်။ ကိုယ်ရေးလွတ်လပ်ခွင့်နှင့် အများပြည်သူအကျိုးစီးပွားကို ခွဲခြားသိရှိရပေမည်။ ပြင်းထန်ကြမ်းတမ်းသော ဘာသာစကားအသုံးအနှုန်း မသုံးရပေ။ ပုဂ္ဂလိက အကျိုးစီးပွားနှင့် သြဇာလွှမ်းမိုးမှုများမရှိရ စသည် စသည်ဖြင့် လိုက်နာပွားများအပ်သော ကျင့်ဝတ်ကိုစောင့်ထိန်းရပါမည်။

သတင်းထောက်မောင်မှန်ကန်၏မေးခွန်း

" တရားရုံးတွေနဲ့ သတင်းထောက်တွေ မကြာခဏ ပြဿနာပွားနေကြတယ်။ သိရှိလိုက်နာဖို့ အချက်တွေကြိုတင်ရှင်းပြပါ ဆရာ"ဟု မေးခွန်းမေးလာသည်။ တရားရုံးမှာသတင်းရယူရာတွင် သိရှိလိုက်နာရန် အချက်များမှာ-

(က) တရားရုံးသို့ သတင်းရယူရန်လာရောက်ရာတွင် သတင်းထောက်အသိအမှတ်ပြုကတ် (Identity Card) ပါရှိရမည်။

(ခ) သက်ဆိုင်ရာရုံးအကြီးအကဲ၏ ခွင့်ပြုချက်တောင်းခံ၍ ကြိုတင်ချိန်းဆိုမှုပြုပြီး သတ်မှတ်ထားသော နေရာတွင်သာ နည်းလမ်းတကျ သတင်းရယူရမည်။

(ဂ) ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးရာတွင် သတ်မှတ်ထားသည့် တွေ့ဆုံခန်းအတွင်းတွင်သာ ရိုက်ကူးရမည်။ သတင်းနှင့် မစပ်ဆိုင်သည့်နေရာများတွင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးခြင်း မပြုရ။

(ဃ) သတင်းရယူသူများအနေဖြင့် အမှုသည်များနှင့်အတူ လာရောက်မေးမြန်းခြင်း၊ သတင်းရယူခြင်း မပြုရ။

(င) စစ်ဆေးဆဲမှုခင်းများနှင့် ပတ်သက်၍ မှုခင်းဖြစ်ပွားမှုသတင်းနှင့် အမှုစစ်ဆေးဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် မေးခွန်းများ မေးမြန်းနိုင်သော်လည်း အမှု၏ အရည်အသွေးနှင့် စပ်ဆိုင်သော မေးခွန်းများကို မေးမြန်းခြင်း မပြုရ။

(စ) တရားရုံးပရိဝုဏ်အတွင်း ရောက်ရှိနေသူ မည်သူတစ်ဦးတစ်ယောက်ကိုမှ ရုံးအကြီးအကဲခွင့်ပြုချက်မရရှိဘဲ မေးမြန်းခြင်း၊ သတင်းရယူခြင်း မပြုရ။

(ဆ) တရားခွင်အတွင်းသို့ ဝင်ရောက်သတင်းရယူလိုပါက တရားရုံးအကြီးအကဲ၏ ခွင့်ပြုချက်ရယူရမည်။

(ဇ) တရားခွင်အတွင်းသို့ အသံဖမ်းစက်၊ ကင်မရာ၊ လက်ကိုင်ဖုန်းများ ယူဆောင်လာခြင်း မပြုရ။

(ဈ) အမှုစစ်ဆေးစီရင်နေသည့် တရားခွင်အတွင်းသို့ တစ်နည်းနည်းဖြင့် ဗီဒီယိုရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း လုံးဝမပြုလုပ်ရ။

(ည) သတင်းရေးသားရာတွင် တရားရုံးကို မထီမဲ့မြင်ဖြစ်စေသော၊ ဖြောင့်မှန်စွာ တရားစီရင်ရေးကို ထိခိုက်စေသော ဝေဖန်ရေးသားမှုများကို ရှောင်ကြဉ်ရမည်။

(ဋ) ကလေးသူငယ်များ ပါဝင်ပတ်သက်နေသော မှုခင်းများတွင် ကလေးသူငယ်များ၏ သတင်းနှင့်ပတ်သက်၍ တရားရုံး၏ ခွင့်ပြုချက်ရရှိမှသာ ရေးသားဖော်ပြရမည်။

(ဌ) ထုတ်ပြန်ပေးသည့် သတင်းနှင့်စပ်လျဉ်း၍ ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ တိကျသေချာမှုရှိစေရန် တတ်နိုင်သမျှ ဆောင်ရွက်ရမည်။

(ဍ) သတင်းကို မှားယွင်းရေးသားမိကြောင်း သိလျှင်သိချင်း ဆောလျင်စွာ လူသိရှင်ကြား ပြန်လည်ဖြေရှင်းပေးရမည်။

(ပ) သတင်းရေးသားရာတွင် တည်ဆဲဥပဒေ၊ ဓလေ့ထုံးတမ်းများနှင့် မီဒီယာကျင့်ဝတ်များကို လိုက်နာရေးသားရမည်။

(ဏ) ဥပဒေတစ်ရပ်ရပ်အရ ကန့်သတ်ထားသော စာရင်းဇယားများ၊ ဓာတ်ပုံမှတ်တမ်းများ၊ စာတမ်းအမှတ်အသားရေးသားချက်များကို သတင်းရေးသားခြင်း မပြုရ။

[တရားရုံးသတင်းမီဒီယာလက်စွဲ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ထုတ်ဝေသည်။ ၂၀၁၅]

နေ့စဉ်ထုတ်သတင်းစာများ

နေ့စဉ်ထုတ်သတင်းစာများတွင် တရားရုံးနှင့် သတင်းမီဒီယာများအခန်းကဏ္ဍအကြောင်း ဖတ်နေ၊ ကြားနေရလေသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အဆင်မပြေမှုများ၊ အငြင်းပွားမှုများ ကြုံတွေ့ရင်ဆိုင်နေကြရလေသည်။ သတင်းထောက်မောင်မှန်ကန်တို့၏ လက်တွေ့ကြုံတွေ့ရသော အခက်အခဲများကိုလည်း တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဖြေရှင်းနေဆဲပါ။

စေတနာ

တရားရုံးနှင့် သတင်းမီဒီယာဆက်ဆံရေး ချောမွေ့အဆင်ပြေပါစေကြောင်း သတင်းထောက်ဘဝက လာသော၊ ကိုယ်ချင်းစာနာသော၊ လက်တွေ့ကျသော တွေးခေါ်မိသည့် ကျွန်တော်၏ စေတနာ၊ ဥပဒေအတွေးမျှသာပါ။ ။

"သတင်းမီဒီယာသမားတိုင်းသည် သတင်းမီဒီယာ ဥပဒေကို လေ့လာဖတ်ရှု သိရှိနားလည်သင့်ပေသည်။ မိမိမှာ ဘာအခွင့်အရေးရှိသလဲ။ အဆိုပါ အခွင့်အရေးကရော ဥပဒေနှင့်ညီရဲ့လား။ မောင်မှန်ကန်တို့လို သတင်းထောက်များအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်လေ သတင်းထောက်လောက ဖွံ့ဖြိုးတိုးတက်လေ ဖြစ်ပေသည်။ အချို့သတင်းထောက်များမှာ အခွင့်အရေးကိုသာလိုချင်ပြီး တာဝန်ကိုမသိကြပေ။ ထို့ကြောင့် ခုတ်ရာ တခြား၊ ရှရာ တခြားဆိုသလို ဖြစ်တတ်ပေသည်"

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှ အဆက်

စည်းကြပ်မှုအကြောင်းကြားစာ

၃၁။ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) တို့အရ စည်းကြပ်မှုကို သော်လည်းကောင်း၊ ပုဒ်မ ၂၈ အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကို သော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ စည်းကြပ်မှုကိုသော်လည်းကောင်း ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအချက်များပါဝင်သည့် စည်းကြပ်မှုအကြောင်းကြားစာကို မိမိကိုယ်တိုင် သို့မဟုတ် တာဝန်ခံအရာရှိက လက်မှတ်ရေးထိုးပြီး စည်းကြပ်ခံရသူထံ ပေးပို့ရမည် -

(က) အခွန်ထမ်းအမည်၊
(ခ) အခွန်ထမ်းမှတ်ပုံတင်အမှတ်၊
(ဂ) အကြောင်းကြားစာထုတ်ပေးသည့်ရက်စွဲ၊
(ဃ) အကြောင်းကြားစာနှင့် စပ်လျဉ်းသည့်ကိစ္စရပ်၊
(င) ပေးဆောင်ရမည့် အခွန်ပမာဏ၊
(စ) မည်သည့်နေ့ရက်နောက်ဆုံးထား၍ အခွန်ပေးဆောင်ရန် ဖော်ပြတောင်းခံချက် သို့မဟုတ် ကျသင့်သောအခွန်ကို ပေးဆောင်ပြီးကြောင်း ဖော်ပြချက်၊
(ဆ) အခွန်ပေးဆောင်ရမည့်နေရာ၊
(ဇ) စည်းကြပ်မှုကို မကျေနပ်ပါက ဆောင်ရွက်နိုင်မည့် အချိန်၊ နေရာနှင့် နည်းလမ်း။

အခွန်ရှောင်ရှားမှုကို ဟန့်တားခြင်း (Anti-avoidance)

၃၂။ ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုပြုရာတွင် အခွန်လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ထားသော သို့မဟုတ် လုပ်ကြံဖန်တီးထားသော လုပ်ဆောင်ချက်တစ်ခုကိုဖြစ်စေ၊ တစ်ခုထက်ပိုသော လုပ်ဆောင်ချက် အစဉ်အဆက်ကိုဖြစ်စေ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲနေနိုင်သည်။ ထို့အပြင် ယင်းလွဲမှားစွာ သတ်မှတ်ဖော်ပြထားသော လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်ချက်အစဉ်အဆက်ကို အခြေမခံဘဲ ယင်း၏ ပကတိစီးပွားရေး အခြေအနေမှန် (economic substance) အပေါ်မူတည်၍ စည်းကြပ်မှုပြုနိုင်သည်။

အခန်း (၆)

စီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခြင်း

အခွန်ဆိုင်ရာဆုံးဖြတ်ချက်များ

၃၃။ မည်သည့်အခွန်ဆိုင်ရာဆုံးဖြတ်ချက်များကိုမျှ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း၊ အခွန်အယူခံခုံအဖွဲ့သို့ အယူခံခြင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအခန်းနှင့်အညီ လျှောက်ထားခြင်းမှအပ အခြားစစ်ဆေးစီရင်မှုတစ်ခုခုတွင် တရားစွဲဆိုခြင်းမပြုရ။

စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း

၃၄။ (က) အခွန်ထမ်းသည် ဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ပြန်လည်သုံးသပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။
(ခ) အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကို ဖော်ပြလျက် ညွှန်ကြားရေးမှူးချုပ်ထံလျှောက်ထားရမည်။
(ဂ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏ လျှောက်ထားချက်ကို စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်နှင့် အကြောင်းပြချက်ကို အခွန်ထမ်းအားစာဖြင့် အသိပေးရမည်။

စီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ခြင်းအပေါ်အယူခံခြင်း

၃၅။ (က) အခွန်ထမ်းသည် ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ရက်ပေါင်း ၉၀ အတွင်း အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။
(ခ) အခွန်ထမ်းသည် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော်လွန်ပြီးဖြစ်သော်လည်း ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရရှိပါက အဆိုပါ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်အပေါ် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

သက်သေပြရန်တာဝန်

၃၆။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်မှအပ စည်းကြပ်မှုမှားယွင်းကြောင်း သက်သေပြရန်တာဝန်သည် စည်းကြပ်မှုကို ကန့်ကွက်သည့် အခွန်ထမ်းအပေါ်တွင် ကျရောက်သည်။

အငြင်းပွားမှုမရှိသော အခွန်ပမာဏများအပေါ် ဆိုင်းငံ့မှုမရှိစေခြင်း

၃၇။ (က) အခွန်ထမ်းက စည်းကြပ်မှုအပေါ် စီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည်သုံးသပ်ရန် လျှောက်ထားခြင်း သို့မဟုတ် အယူခံလျှောက်ထားခြင်း ပြုသော်လည်း ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၄၄ အရ အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးခြင်းမရှိလျှင် အခွန်ထမ်းသည် အငြင်းပွားမှုမရှိသော အခွန်ပမာဏများကို ပေးသွင်းမြဲပေးသွင်းရမည်။
(ခ) ညွှန်ကြားရေးမှူးချုပ်သည် အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရန် အခွန်ထမ်းအား တောင်းဆိုနိုင်သည်။

အပြီးသတ်စည်းကြပ်မှုဟုမှတ်ယူခြင်း

၃၈။ (က) စည်းကြပ်မှုတစ်ခုသည် ပုဒ်မ ၂၈ အရ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်နှင့် ပုဒ်မခွဲ (ခ) တို့နှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၃၄ တွင် ခွင့်ပြုထားသည့် ကာလစည်းကမ်းသတ်အတွင်း ပြန်လည်လျှောက်ထားမှုတစ်စုံတစ်ရာမရှိလျှင် အပြီးသတ်စည်းကြပ်မှုဖြစ်သည်ဟု မှတ်ယူရမည်။
(ခ) ပုဒ်မခွဲ (က) အရ အပြီးသတ်စည်းကြပ်မှုဖြစ်ပြီး အခွန်ထမ်းက ပုဒ်မ ၂၂ အရပြင်ဆင်ထားသော အခွန်ကြေညာလွှာကို အချိန်မီတင်သွင်းပါက ယင်းကြေညာလွှာပါ အခွန်ပမာဏသည် စည်းကြပ်ပြီးသည့် အခွန်ပမာဏထက်ပိုမိုမှသာလျှင် ပြင်ဆင်တင်သွင်းသည့် အခွန်ကြေညာလွှာသည် အကျိုးသက်ရောက်မှုရှိစေရမည်။

လျှောက်လွှာမိတ္တူပေးပို့ခြင်း

၃၉။ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၁၂ နှင့်အညီ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခြင်းခံရသူက အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်ကျေနပ်မှုမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားသည့်အခါ ထိုသို့လျှောက်ထားသည့်နေ့မှ ရက်သတ္တပတ်တစ်ပတ်အတွင်း လျှောက်ထားသူက ထိုလျှောက်လွှာမိတ္တူကို လျှောက်ထားခံရသူသို့ ပေးပို့ရမည်။

အခန်း (၇)

အခွန်ပေးဆောင်ရန်တာဝန်နှင့် အခွန်ပေးဆောင်ခြင်း

အခွန်ပေးဆောင်ရန်တာဝန်နှင့် ပေးဆောင်ရမည့် သတ်မှတ်ရက်

၄၀။ (က) အခွန်ပေးဆောင်ရန် တာဝန်ရှိသူတိုင်းသည် အခွန်ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အချိန်ကာလတွင်အခွန်ကို ပေးဆောင်ရမည်။
(ခ) ပုဒ်မခွဲ (က) နှင့် မဆန့်ကျင်စေဘဲ အခွန်ပမာဏကို စည်းကြပ်မှုအကြောင်းကြားစာတွင် ဖော်ပြထားသည့်နေ့ရက်တွင်သော်လည်းကောင်း၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) အရ သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) အရစေ့ရောက်ကြောင်း သတ်မှတ်ဖော်ပြထားသည်ဟု မှတ်ယူရမည့် နေ့ရက်တွင်သော်လည်းကောင်း ပေးဆောင်ရမည်။
(ဂ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်နေရာနှင့် နည်းလမ်းအတိုင်း အခွန်ကိုပေးဆောင်ရမည်။

ကိုယ်စားပြုသူ၏တာဝန်နှင့် ဝတ္တရားများ

၄၁။ (က) ဤဥပဒေအရပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူ ဆိုသည်မှာ အောက်ပါ တစ်ဦးဦးကိုဆိုသည်-
(၁) ဥပဒေအရ မစွမ်းဆောင်နိုင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ယင်း၏ ကိုယ်စားဝင်ငွေကိုဖြစ်စေ၊ အကျိုးခံစားခွင့်ကိုဖြစ်စေ လက်ခံရရှိသည့် သို့မဟုတ် လက်ခံပိုင်ခွင့်ရှိသည့်အုပ်ထိန်းသူ သို့မဟုတ် မန်နေဂျာ၊
(၂) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ အဓိကတာဝန်ရှိသူ၊
(၃) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်ပုဂ္ဂိုလ်၊
(၄) ယုံမှတ်အပ်နှံမှုဖြစ်ပါက ယုံမှတ်အပ်နှံခြင်းခံရသူ၊
(၅) အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက ယင်းပုဂ္ဂိုလ်စု၏ကိုယ်စား ရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊
(၆) ပြည်ထောင်စုအစိုးရဖြစ်ပါက ယင်း၏ကိုယ်စား ရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊
(၇) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဖြစ်ပါက ယင်း၏ကိုယ်စား ရငွေပေးငွေများကို စာရင်းပြုစုရန်တာဝန်ရှိသည့်ပုဂ္ဂိုလ်၊
(၈) နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ သံရုံး သို့မဟုတ် ကောင်စစ်ရေးရာဌာနခွဲဖြစ်ပါက ယင်း၏ကိုယ်စားနိုင်ငံတော်အတွင်း၌ ရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊
(၉) နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ ပြည်ပတွင်နေထိုင်သူဖြစ်ပါက နိုင်ငံတော်အတွင်းရှိ ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သော လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ မန်နေဂျာ သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သူ။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသော ကိုယ်စားပြုသူတစ်ဦးသည် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိပါက ညွှန်ကြားရေးမှူးချုပ်က ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြောင်း အကြောင်းကြားစာဖြင့် ကြေညာပေးနိုင်သည်။
(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူတိုင်းသည် အခွန်ပေးဆောင်ခြင်းအပါအဝင် ယင်းပုဂ္ဂိုလ်အပေါ် ဤဥပဒေအရ သတ်မှတ်ထားသည့်တာဝန်များ သို့မဟုတ် ဝတ္တရားများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။
(ဃ) ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ(ဂ)အရ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူပေးဆောင်ရမည့်အခွန်ကို ယင်း၏ လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင်ရှိနေသော ထိုပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်မှန်သမျှ၏ တန်ဖိုးပမာဏအတိုင်းအတာအထိသာ ပေးဆောင်ရန်တာဝန်ရှိသည်။
(င) ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားပြုသူသည် ယင်းပုဂ္ဂိုလ်၏ ကိုယ်စား ပေးဆောင်လိုက်သည့် အခွန်ပမာဏကို ယင်းပုဂ္ဂိုလ်ထံမှပြန်လည်ရယူရန်သော်လည်းကောင်း၊ ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင် သို့မဟုတ် ထိန်းချုပ်ခြင်းအောက်တွင်ရှိနေသော ထိုပုဂ္ဂိုလ်ပိုင်ဆိုင်သည့် ငွေကြေးများအနက်မှ အခွန်ပေးဆောင်လိုက်သည့် ပမာဏကို ထိန်းသိမ်းထားခြင်းကိုသော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။
(စ) ကိုယ်စားပြုသူ ပေးဆောင်ရန်ရှိသည့် အခွန်ကိုပေးဆောင်ခြင်းမပြုရသေးမီ ယင်းကိုယ်စားပြုသူသည် အောက်ပါအတိုင်းဆောင်ရွက်ခဲ့လျှင် ယင်းအခွန်ကို ပေးဆောင်ရန် ကိုယ်တိုင်တာဝန်ရှိစေရမည်-
(၁) လက်ခံရရှိသည့် သို့မဟုတ် စုဆောင်းရရှိသည့် အခွန်ပေးဆောင်ရန် ငွေကြေးကို လွှဲပြောင်းခြင်း၊ ပေးချေခြင်း သို့မဟုတ် ကုန်ခန်းအောင် ဆောင်ရွက်ခြင်း သို့မဟုတ်
(၂) ယင်းကိုယ်စားပြုသူ၏ လက်ဝယ်တွင်ရှိနေသည့် သို့မဟုတ် အခွန်ပေးဆောင်ရမည့် အချိန်ကျရောက်ပြီးမှ ကိုယ်စားပြုသူထံရောက်ရှိလာသည့် အခွန်ထမ်းပိုင်ဆိုင်သည့် ငွေကြေး သို့မဟုတ် ရန်ပုံငွေမှ အခွန်ကို တရားဝင်ပေးဆောင်နိုင်ခဲ့စေကာမူ ပေးဆောင်ခြင်းမရှိဘဲ ယင်းငွေကြေး သို့မဟုတ် ရန်ပုံငွေအား ကုန်ခန်းအောင်ဆောင်ရွက်ခြင်း။
(ဆ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားပြုသူက ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် ယင်းပုဂ္ဂိုလ် ထမ်းဆောင်ရမည့် တာဝန်များမှ သက်သာခွင့်မရှိစေရ။
(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးတွင် ကိုယ်စားပြုသူနှစ်ဦး သို့မဟုတ် ယင်းထက်ပိုမိုထားရှိပါက ဤပုဒ်မပါ တာဝန်နှင့်ဝတ္တရားများသည် ကိုယ်စားပြုသူများတွင် ပူးတွဲ၍သာမက ကိုယ်စီကိုယ်ငှလည်း တာဝန်ရှိစေရမည်ဖြစ်ပြီး ယင်းတာဝန်များကို ကိုယ်စားပြုသူတစ်ဦးဦးအား ထမ်းဆောင်စေနိုင်သည်။
(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က အခြားနည်းအားဖြင့် ညွှန်ကြားခဲ့သည်မှအပ အောက်ဖော်ပြပါ ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းနှင့် အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းသည် တူညီ၍ တစ်ခုတည်းဖြစ်သည်ဟု မှတ်ယူရမည် -
(၁) အစုဝင် သို့မဟုတ် အဖွဲ့ဝင်အားလုံးမဟုတ်သော်လည်း တစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးတစ်ယောက်ထက်ပို၍ အနားယူခြင်း သို့မဟုတ် နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ အစုဝင်အသစ် သို့မဟုတ် အဖွဲ့ဝင်အသစ် ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားတရားဝင်ဖွဲ့စည်းထားခြင်းမရှိသည့် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်မှု မရှိတော့ခြင်း၊
(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှအပ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းအသစ်တစ်ခုကို ကျန်ရှိသည့် အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ ကျန်ရှိသည့်အဖွဲ့ဝင်များနှင့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အဖွဲ့ဝင်အသစ်များဖြင့်ဖြစ်စေ ဖွဲ့စည်းခြင်း၊
(၃) ဖျက်သိမ်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းကဆောင်ရွက်ခဲ့သည့်လုပ်ငန်းကို အသစ်ဖွဲ့စည်းလိုက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းက ဆက်လက်ဆောင်ရွက်လျက်ရှိခြင်း။
(ည) အခွန်ထမ်းသေဆုံးပြီးနောက်တွင်ဖြစ်စေ၊ အခွန်ထမ်း၏ ပိုင်ဆိုင်မှုကို ကြွေးမြီဖြင့် သိမ်းဆည်းခံရပြီးနောက်တွင်ဖြစ်စေ ယင်းပိုင်ဆိုင်မှုကို စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ယင်းကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ဦးဖြင့်သော်လည်းကောင်း အခွန်စည်းကြပ်ထိုက်သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျှင် သို့မဟုတ် အခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းကိုရပ်စဲရေးအတွက် ဆောင်ရွက်လျှင် အခွန်ထမ်း၏ပိုင်ဆိုင်မှုကို ကိုယ်စားပြုဆောင်ရွက်သည့် စီမံဆောင်ရွက်သူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ဤဥပဒေပါ ရည်ရွယ်ချက်များအလို့ငှာ ယင်းအခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းအတွက် အခွန်ထမ်းအဖြစ် မှတ်ယူရမည်။

(ဆက်လက်ဖော်ပြပါမည်)

ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း

စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ မြိတ်ခရိုင်များတွင် ဒေသခံအဖွဲ့အစည်း (သို့) အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံကိန်းကျေးရွာများတွင် ဒီရေတောပြန်လည်ထိန်းသိမ်းရေးနှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် လုပ်ငန်းအဆိုပြုလွှာ (Service Provider) များခေါ်ယူခြင်း

ဒိန်းမတ် - မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၆ - ၂၀၂၀) အရ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ ပူးပေါင်း၍ "ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရပ်တည်နေထိုင်နိုင်ရန် အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း (FDCCA) စီမံကိန်း"ကို ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်တို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၅) နှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဒီရေတောများပြန်လည်ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ပါဝင်စားသည့် ဒေသခံအဖွဲ့အစည်း (သို့) အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအဆိုပြုလွှာများအား အဆိုပြုတင်ပြ လျှောက်ထားနိုင်ပါကြောင်းနှင့် ခရိုင် (၁) ခုစီအတွက် အဖွဲ့အစည်း (၁) ခု စီ ရွေးချယ်၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းကာလ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လထဲတွင်စတင်နိုင်ရန် မျှော်မှန်းထားပြီး စီမံကိန်း၏ ၂၀၁၉-၂၀၂၀ လုပ်ငန်း စီမံချက်တွင် ပါဝင်ဆောင်ရွက်ရမည် ဖြစ်သည်။ လုပ်ငန်းစီမံချက်ကာလ သက်တမ်းတိုးခြင်းရှိ/မရှိအား ရွေးချယ်ခံရသည့် ဝန်ဆောင်မှုအဖွဲ့တစ်ဖွဲ့ချင်း၏ ဝန်ဆောင်မှုအပေါ် မူတည်၍ စီမံကိန်းကာလတလျှောက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဓိကတာဝန်နှင့် ဝတ္တရားများ

လျှောက်ထားမည့် အဖွဲ့များ အနေဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

၁။ စစ်တွေ၊ ကျောက်ဖြူ နှင့် မြိတ်ခရိုင် တို့ရှိ စီမံကိန်းကျေးရွာများ၏ သဘာဝဘေးအန္တရာယ်ထိခိုက်နိုင်မှုဆန်းစစ်ချက်လုပ်ငန်း၏ ရလဒ်များကို အစုအဖွဲ့လိုက်ဆွေးနွေး တိုင်ပင်သည့် ပွဲများကျင်းပရန်။

၂။ စီမံကိန်းကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ထိခိုက်မှုအား တုံ့ပြန်နိုင်ရေးစီမံချက်များ ပေါ်ပေါက်လာစေရန်၊ ကနဦးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများတွင်ကူညီဆောင်ရွက်ရန်။

၃။ ဒီရေတောပြန်လည်တည်ထောင်ခြင်းနှင့် ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာစေရန် သစ်တောဦးစီးဌာနအား ကူညီဆောင်ရွက်ရန်။

လုပ်ငန်း မျှော်မှန်းရလဒ်များ

၁။ ခရိုင် (၃) ခုအတွင်းရှိ စီမံကိန်းကျေးရွာများ၌ သဘာဝဘေးအန္တရာယ်ထိခိုက်နိုင်မှု ဆန်းစစ်ချက်လုပ်ငန်း၏ ရလဒ်များအပေါ် အခြေခံ၍ ကျေးရွာအလိုက် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရှိသည့်လုပ်ငန်းစီမံချက် (Village Resilience Plans) များရေးဆွဲရန်။

၂။ ခရိုင် (၃) ခုအတွင်းရှိ ကျေးရွာ ဆွေးနွေးပွဲများမှ ရလဒ်များ၊ ကျေးရွာအလိုက် လိုအပ်ချက်များ စသည်တို့အား စုစည်း အနှစ်ချုပ် တင်ပြရန်။

၃။ သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ဒေသအစုအဖွဲ့များပူးပေါင်း၍ ခရိုင် (၃) ခုအတွင်းရှိ စီမံကိန်းကျေးရွာများအတွက် သဘာဝဘေး အန္တရာယ်ထိခိုက်မှု တုံ့ပြန်နိုင်ရေးစီမံချက်များပေါ်ထွက်လာစေရန်။

စံသတ်မှတ်ချက်များ

ဝင်ရောက်ရွေးချယ်ခံမည့် အဖွဲ့အစည်းများသည် ဒေသခံအခြေစိုက်အဖွဲ့အစည်းဖြစ်ရန်လိုအပ်ပြီး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

- စစ်တွေ၊ ကျောက်ဖြူနှင့် မြိတ်ခရိုင်များအတွင်း အခြေပြုဖွဲ့စည်းထားရမည် (သို့မဟုတ်) ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိသက်ဆိုင်ရာမြို့နယ်/ခရိုင်များအတွင်း အခြေပြုဖွဲ့စည်းထားရမည်။
- စီမံကိန်းဆောင်ရွက်မည့် ခရိုင်အတွင်းရှိ အစိုးရဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံရှိရမည်။
- ရွှမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သော ကိစ္စရပ်များတွင် အတွေ့အကြုံရှိရမည်။
- စီမံကိန်းဆောင်ရွက်မည့် ခရိုင်များအတွင်းရှိ မြို့နယ်များနှင့် ပတ်သက်သည့် နယ်မြေ အတွေ့အကြုံများ ကြွယ်ဝရမည်။
- သစ်တော/ဒီရေတောများနှင့် ဆက်စပ်သည့် ကိစ္စရပ်များတွင် လုပ်ငန်းဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်သည်။

လျှောက်လွှာပိတ်ရက်

၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၁ရက် (၁၆:၀၀) နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ လုပ်ငန်းအဆိုပြုလွှာ လျှောက်ထားမည့် အဖွဲ့ အစည်းများအနေဖြင့် လျှောက်လွှာနှင့် TOR အသေးစိတ်တို့အား "ပရောဂျက်ဒါရိုက်တာ၊ FDCCA စီမံကိန်း၊ ရေဝေရေလဲဒေသ အုပ်ချုပ်ရေးဌာန၊ သစ်တောဦးစီးဌာန (email- watershedfdmonrec@gmail.com) နှင့် Mr. Anders Poulsen, International Technical Advisor (email- afpoulsen@gmail.com) လိပ်စာများသို့ ဆက်သွယ်ရယူနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်ရန်

ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန၊ သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဖုန်း: +၉၅ ၆၇ ၃ ၄၀၅၃၉၈၊ +၉၅ ၆၇ ၃ ၄၀၅၁၁၅

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY
NATIONAL ELECTRIFICATION PROJECT
SPECIFIC PROCUREMENT NOTICE

Date : 12th June, 2019
Invitation for Bids
IDA, Credit No : 5727-MM
Contract Title : **Installation of Distribution Lines and Transformers for Adaptation Villages in Sagaing, Magway, Shan (North), Shan (South), Bago (East), Bago (West), Monfor National Electrification Project**
Reference No: MOEE-NEP/C1-W16/19

1. The Republic of the Union of Myanmar has received financing from the World Banktowards the cost of the National Electrification Project, and intends to apply part of theproceeds towards payments under the contract for Installation of Distribution Lines andTransformers **MOEE-NEP/C1-W16/19 for Adaptation Villages in Sagaing, Magway, Shan (North), Shan (South), Bago (East), Bago (West), Mon.**

2. The Ministry of Electricity and Energy now invites sealed bids from eligible biddersfor **Installation of Distribution Lines and Transformers MOEE-NEP/C1-W16/19 for Adaptation Villages in Sagaing, Magway, Shan (North), Shan (South), Bago (East), Bago (West), Mon** in the following locations.

The number and identification of lots comprising this installation bidding **MOEE-NEP/ C1-W16 /19**process for Sagaing, Magway, Shan (North), Shan (South), Bago (East), Bago (West), Mon is:

Lot 1: Sagaing Region - 68 villages
Lot 2: Shan(North) State, Bago(West) Region and Bago-(East) Region - 68 villages
Lot 3: Shan (South) State, Mon State and MagwayRegion - 55 villages

3. Bidding will be conducted through the National Competitive Bidding procedures asspecified in the World Bank's Guidelines: Procurement of Goods, Works and Non-ConsultingServices under IBRD Loans and IDA Credits & Grants by World Bank Borrowers("Procurement Guidelines"), and is open to all eligible bidders as defined in the ProcurementGuidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank'spolicy on conflict of interest.

4. Interested eligible bidders may obtain further information from Project ManagementOffice (National Electrification Project), Project Manager and nep.pmomoep@gmail.com]and inspect the bidding documents during office hours [09:30 to 16:00 hours] at the addressgiven below.

5. A complete set of bidding documents in English may be obtained free of charge byinterested eligible bidders upon the submission of a written application to the address below.The Bidding Documents will be issued through email only.

6. Bids must be delivered to the address below on or before **12th July, 2019 (10:00 A.M)**-Myanmar Time. Electronic bidding will not be permitted. Late bids will be rejected. Bidswill be publicly opened in the presence of the bidders' designated representatives and anyonewho choose to attend at the address below.

7. All bids must be accompanied by "Bid-Security"

8. The address (es) referred to above is (are):

Attention: **Project Manager**
Project Management Office (National Electrification Project)
Office Building No.27, Ministry of Electricity and Energy
City: **Nay Pyi Taw**
Country: **The Republic of the Union of Myanmar**
Zip Code: **15011**
Telephone: **+95 67 3431175**
Facsimile number: **+95 67 3431176**
Electronic mail address: **nep.pmomoep@gmail.com**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၂) နဝမတန်း(ဂ)မှ မောင်သူရမင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးညို ၈/စလန(နိုင်)၁၇၇၄၂၆ ဖြစ်ပါသည်။ **ဦးဖိုးညို**

ဖခင်အမည်မှန်

လေးမျက်နှာမြို့နယ်၊ ပန်းတောကြီးအထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇော်လင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၁၄/လမန(နိုင်)၀၁၀၂၈၇ ဖြစ်ပါသည်။ **ဦးကျော်ဝင်း**

ဖခင်အမည်မှန်

လေးမျက်နှာမြို့နယ်၊ ပန်းတောကြီး အထက တက္ကသိုလ်ဝင်တန်း(C)မှ မမိုးသူဇာနှင့် ပဥ္စမတန်း(C)မှ မောင်မျိုးမင်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၁၄/လမန(နိုင်)၀၇၉၁၂၅ ဖြစ်ပါသည်။ **ဦးမောင်နိုင်**

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက (၁) တက္ကသိုလ်ဝင်တန်း(D) မှ (ဘ) ဦးသိန်းလှိုင်၏သား အမည်မှန်မှာ မောင်လင်းထက်နိုင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(H) မှ မောင်တင်ဆန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၈/မသန(နိုင်)၀၄၃၆၉၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(H) မှ မနှင်းပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွေးမောင် ၈/မသန(နိုင်) ၁၂၇၃၆၃ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(H) မှ မနွေးအိသူ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာလွင် ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ယုံဖု ၁၃/သပန(နိုင်)၀၄၀၅၄၀ ၏ နိုင်ငံသားမှတ်ပုံတင်ကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၁၆၄၁၈၇၂**

ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန
ဗန်းမော်ခရိုင်
အဝေရာအားကစားခန်းမအဟောင်းအား ဈေးပြိုင်လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် အဝေရာအားကစားခန်းမဟောင်း(အလျား ၁၂၅'×အနံ ၈၅')ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ သွပ်မိုးအား ခန်းမဖျက်သိမ်းရေးကော်မတီမှ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ မည်သူမဆို ဝင်ရောက်လေလံဆွဲဝယ်ယူနိုင်ရန် ကြေညာအပ်ပါသည်။

လေလံတင်ရောင်းချမည့်ရက် - ၂၂-၆-၂၀၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီ

ရောင်းချမည့်နေရာ - အဝေရာအားကစားခန်းမ၊ ဗန်းမော်မြို့

အသေးစိတ်သိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၉-၂၆၀၀၃၈၈၉၇၊ ရုံးဖုန်း-၀၇၄-၅၀၅၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန
ဗန်းမော်မြို့

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

သဃ်န်းကျွန်းမြို့နယ်နေ ဦးစိုးမြင့်၏သား မောင်ကျော်စွာနီ၏ အမည်မှန်မှာ မောင်ကျော်ဇာနည် ၁၂/သဃက(နိုင်)၁၇၁၂၃၅ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၀-၁၉၈၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မင်းပြားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မနီနီဆန်း၏ ဖခင်အမည်မှန်မှာ ဦးမြဖော်အောင် ၁၁/မပန (နိုင်) ၀၇၇၄၄၃ ဖြစ်ပါကြောင်း။ **ဦးမြဖော်အောင်**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်ထွေးအောင် ၉/တကန(နိုင်)၂၃၂၀၈၀၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၂၆၄၇၁၅၂**

ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ အထက(ခွဲ) အောင်ကုန်း အဋ္ဌမတန်းမှ မောင်ဟိန်းပြည့်စုံဦး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်းထိုက် ၉/လဝန(နိုင်)၁၆၉၉၇၄ ဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်းထိုက်**

အမည်ပြောင်း

မင်းမြတ်ခိုင် ၁၀/ပမန(နိုင်)၀၀၀၄၈၅၏သား ပေါင်မြို့၊ အထက (ပေါင်) ဆဋ္ဌမတန်း Grade-7 မှ မင်းညီထက်သာအား မင်းညီမြတ်သာ ဟု ပြောင်းလဲခေါ်ပါရန်။ **မင်းညီမြတ်သာ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂H၊ မြေကွက်အမှတ်-၄၇၂I°/B၊ ဧရိယာ ၀.၁၁၃ဧက၊ မြေအမျိုးအစား-ဂရန်ရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၂)၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် (၁) ဦးမြင့်သန်း ၁၂/ဒဂန(နိုင်)၀၂၂၉၄၀၊ (၂) ဒေါ်တင်မာမြင့် ၁၂/ကတတ(နိုင်)၀၁၂၁၇၀တို့မှ တရားဝင်အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ၂၈-၄-၂၀၁၇ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်အရ ဦးဝင်းနောင် (ဘ)ဦးမောင်ကြီး ၁၃/တကန(နိုင်)၁၃၅၄၆၀မှ တစ်ဦးတည်းဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဦးစိုးတင့်ဆွေ (ဘ)ဦးချစ်ပေါ ၅/ပလန(နိုင်)၀၅၃၁၂၉ သိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့၊ အမှတ် ၁၉၁၊ ၂၇လမ်း၊ ၈၁×၈၂ ကြားနေ ဒေါ်မိမိစံ(ခ)ဒေါ်ဖျင်ဝှမ် ၁/မကန(နိုင်)၀၇၉၇၃၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးစိုးတင့်ဆွေ (ဘ)ဦးချစ်ပေါ ၅/ကလန(နိုင်)၀၅၃၁၂၉မှ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၈၄)၊ ပဒဲကောမြောပိုင်း၊ ဦးပိုင်အမှတ် ၁၆/ဃ၊ ၁၇/တ၊ ၃၄/က၊ ၃၄/ခ၊ ဧရိယာဧက(၂၀ဒသမ ၅၅)မြေဧကနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မန္တလေးမြို့ အရပ်တွင် ငွေကျပ်သိန်းတစ်ထောင်စရန်ပေးစာချုပ်ချုပ်ဆို၍ လည်းကောင်း၊ ကျန်ငွေ ကျပ်သိန်းတစ်ထောင်ပေးအပ်၍လည်းကောင်း စရန်ပေးကတိစာချုပ်နှင့် အရောင်းအဝယ်ကတိစာချုပ်များ ချုပ်ဆိုကာ အထွေထွေကိုယ်စားလှယ်စာ ပြုလုပ်လွှဲအပ်၍ ဒေါ်မိမိစံ(ခ)ဒေါ်ဖျင်ဝှမ်အား လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပါသည်။ ယင်းသို့ ရောင်းချရာတွင် ဦးပိုင်အမှတ် ၃၄/ခ လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇) မူရင်းတစ်စောင်နှင့် ဦးပိုင် ၃၄/ခ၏ မြေစာရင်းပုံစံ(၁၀၅)တို့အား (၃၁-၈-၂၀၁၇)ရက်တွင် ဒေါ်မိမိစံ(ခ)ဒေါ်ဖျင်ဝှမ်ထံ လာရောက်ပေးအပ်မည်ဖြစ်ကြောင်း၊ (၁-၈-၂၀၁၇) ရက်တွင် ပြုလုပ်သည့်အရောင်းအဝယ်စာချုပ်ပေါ်တွင် လယ်ယာမြေရောင်းချသူ ဦးစိုးတင့်ဆွေ ၅/ပလန(နိုင်)၁၅၃၁၂၉မှ ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့သော်လည်း ယနေ့တိုင် လာရောက်ပေးအပ်ခြင်း မရှိသေးပါ။ သို့ဖြစ်ပါ၍ ဤကြေညာချက်ထုတ်ပြန်သည့်ရက်မှ ခုနစ်ရက်အတွင်း ဒေါ်မိမိစံ(ခ)ဒေါ်ဖျင်ဝှမ်ထံသို့ ဦးပိုင် ၃၄/ခ၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)မူရင်းနှင့် မြေစာရင်းပုံစံ-၁၀၅(မူရင်း)တို့အား လာရောက်အပ်နှံပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မိမိစံ(ခ)ဒေါ်ဖျင်ဝှာ

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၁၆/၈၉)
အမှတ် ၅၃၂၊ ကြက်မင်းတွန်ရပ်၊ ကျောက်ဆည်မြို့၊ ဖုန်း-၀၉-၅၆၄၁၄၉၃

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် ပြင်ဆင်ဖြည့်စွက်ခြင်း)

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လိုင်းနှင့်ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခေါ်ယူခဲ့သော တင်ဒါများအတွက်ထပ်မံဖြည့်စွက်ပြင်ဆင်လိုက်ပါသည်။

(က) Tender No.44(T) to 59(T), 62(T) နှင့် 67 (T)/JICA/ESE/2018-2019 (1Year) ဖြင့် ခေါ်ယူခဲ့သော တင်ဒါ(၁၈) စောင်ပါ စည်းကမ်းချက်များမှအပိုဒ်(၂၁)အား အောက်ပါအတိုင်း ဖြည့်စွက်လိုပါသည်။

- ဓာတ်အားခွဲရုံစတင်တည်ဆောက်သည့်အခါပူးတွဲ Electronic Copy File ပါနမူနာ Drawing များအတိုင်း တည်ဆောက်သူမှ Approved Drawing များပြုစုတင်ပြရမည်ဖြစ်ပါသည်။
- မြို့ပြတည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ လုပ်ငန်းအပ်နှံသည့်အခါ Working Drawing အား လုပ်ငန်းဆောင်ရွက်ခဲ့သည့်အတိုင်း Final Drawing (သို့မဟုတ်) As built Drawing ပြုစုပြီး ဓာတ်အားခွဲရုံထိန်းသိမ်းမောင်းနှင်ရေးလုပ်ငန်းများအတွက် Hard Copy (၃)စုံနှင့် Electronic Copy အား တည်ဆောက်သူမှတစ်ပါတည်းလွှဲပြောင်းပေးရမည်။

(ခ) Tender No.47(T), 48(T), 50(T) to 55(T) , 58(T), 60(T) to 66(T)/JICA/ESE /2018-2019(1Year) ဖြင့် ခေါ်ယူခဲ့သော တင်ဒါ (၁၆)စောင်တွင်ပါဝင်သည့် ကွန်ကရစ်တိုင်များတွင် ၁၈ မီတာကွန်ကရစ်တိုင်အတွက် (၂)တိုင်အဆက်(9M+9M) အပြင်(12M+6M)ကိုလည်းကောင်း၊ ၁၅မီတာကွန်ကရစ်တိုင်အတွက်(၂)တိုင်အဆက် (9M+6M)အပြင် (8M+7M)နှင့် (10M+5M) ကိုလည်း လက်ခံသုံးစွဲမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် ပြန်လည်ကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)ရန်ကုန်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများ ဝယ်ယူရန်အတွက် ၈-၆-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာပါ(စာမျက်နှာ-၂၁)တွင် ရက်ရွှေ့ဆိုင်းထားခဲ့သော အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၁၈-၆-၂၀၁၉ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါသည်။ ထပ်မံ၍ လျှောက်လွှာဝယ်ယူလိုပါက ၁၇-၆-၂၀၁၉ရက် နောက်ဆုံးထား၍ ပေးသွင်းနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၁၄)၊အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၈-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၁၄)၊အောင်ဇေယျတံတားဝင်း လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့

မိဘအမည်မှန်

တကောင်းမြို့၊ တကောင်း (အထက) တက္ကသိုလ်ဝင်တန်းမှ မမာလာ ၉/တကတ(နိုင်)၀၀၉၂၃၇ ၏မိဘအမည်မှန်မှာ ဦးမြင့်သွေးနှင့် ဒေါ်မာမာဝင်းဖြစ်ပါသည်။

ဦးမြင့်သွေး-ဒေါ်မာမာဝင်း

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခေါင်းလည်အထက(ခွဲ)သတ္တမတန်းမှ မနှင်းယုမွန်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းစိုး ၉/ကပတ(နိုင်)၂၁၂၄၇၆ ဖြစ်၍ ၎င်း၏ အမည်မှန်မှာ ဦးလှိုင်(ခ)ဦး မင်းမင်းစိုးမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလှိုင်(ခ)ဦးမင်းမင်းစိုး

ဖခင်အမည်မှန်

ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ကောက်ရိုးပုံကျေးရွာ အလက(ခွဲ)မှ အဋ္ဌမတန်းအောင် မထက်ထက်စိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းယုနိုင် ၉/မတရ (နိုင်) ၁၂၀၀၈၉ ဖြစ်ပါကြောင်း။

ဦးစန်းယုနိုင်

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခေါင်းလည်အထက(ခွဲ)သတ္တမတန်းမှမစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းနိုင် ၉/ကပတ(နိုင်)၁၉၂၃၇၁ ဖြစ်၍ ၎င်း၏အမည်မှန်မှာ ဦးရဲမင်းနိုင် (ခ) ဦးရဲဝင်းနိုင်မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရဲမင်းနိုင်(ခ)ဦးရဲဝင်းနိုင်

မိဘအမည်မှန်

တောင်သာမြို့၊ ဇဂျမ်းအထက၊ နဝမတန်းမှ မောင်သက်နိုင်ဦး၏မိဘအမည်မှန်မှာ ဦးဝင်းမောင် ၉/တသန(နိုင်)၀၈၅၄၅၄ နှင့် ဒေါ်အေးသန်း ၉/တသန(နိုင်)၀၂၆၈၈၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ မြို့ရှေ့အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မနှင်းနှင်းလှဲ့၏ဖခင် ဦးကျော်သန်းဌွေး(ခ)ဦးဌွေး ၁၀/ကထန(နိုင်)၀၇၄၄၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်သန်းဌွေး(ခ)ဦးဌွေး

အမည်မှန်

ရေနံချောင်းမြို့၊ ဝက်ဂေါင်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအေးမွန်၏ အမည်မှန်မှာ မအေးအေးမွန်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးသန်းငြိမ်းဖြစ်ပါကြောင်း။

မအေးအေးမွန်

တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ ရေဝေအထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်နိုင်ထက်ဦး၏ဖခင် ဦးဝင်းမြင့်(ခ)ဦးမြင့်ဝင်းလေး ၉/မထလ(နိုင်)၀၉၄၁၈၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဝင်းမြင့်(ခ)ဦးမြင့်ဝင်းလေး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၁၇၄၊ အခန်း-စီ(၂)(မြေညီထပ် +ပထမထပ်) နှစ်ခန်းတွဲတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ဆက်စပ်သမျှသော အကျိုးခံစားခွင့်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဦးအောင်ထူး ၁၃/ကတန(နိုင်) ၀၅၃၀၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဆွေ ၉/ပသက(နိုင်) ၀၀၁၆၂၇က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့်တို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင်(LL.B) စဉ်-၂၅၁၆၅ **ဦးအေးမင်းသူ(LL.B)** စဉ်-၂၆၁၉၉

အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

မိဘပြည်သူများသို့ ပီအမ်ဂျီ PMG သောက်ရေသန့်မှဂုဏ်ယူစွာဖြင့် အသိပေးတင်ပြခြင်း

Peace Myanmar Group Co., Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးသော **PMG Myanmar** သောက်ရေသန့်နှင့် **PMG Crush** သောက်ရေသန့်သည် ဘယ်ဂျီယံနိုင်ငံဘရပ်ဆဲလ်မြို့၌ ကျင်းပပြုလုပ်သော ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ဆုတံဆိပ်ပေါင်း ၃၀၀၀ ခန့်ထဲမှ ရွေးချယ်ချီးမြှင့်ခံရသော မြန်မာပြည်၏ပထမဦးဆုံးနိုင်ငံတကာ အမြင့်ဆုံး ရွှေတံဆိပ်ဆု **(Monde Selection Award 2019 - Grand Gold)** ကို ထိုက်တန်စွာ ဆွတ်ခူးရရှိပါကြောင်း မြန်မာနိုင်ငံသူ၊ နိုင်ငံသား မိဘပြည်သူတို့အား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အသိပေး တင်ပြအပ်ပါသည်။

"ကမ္ဘာမြေ စိမ်းလန်းသာယာဖို့ ပလပ်စတစ်လျှော့ချ သုံးစွဲစို့"ဟူသော ဆောင်ပုဒ်နှင့် အညီ **PMG Co., Ltd.** အနေဖြင့်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအလေးထားဆောင်ရွက်သည့်အနေဖြင့် ပလပ်စတစ်သုံးစွဲမှု လျှော့ချရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဖော်ပြပါအတိုင်း **PMG** ထုတ်ကုန် ပလပ်စတစ်ဘူးများ **0.3 Liter, 0.5 Liter, 1 Liter** ၏အဖုံး **(Cap)** ပေါ်တွင် ပါရှိသော ပလပ်စတစ်ပါကင်ပတ် **(Cap Seal)** များကို ဖြုတ်၍ ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပါကြောင်း စားသုံးသူ မိဘပြည်သူများအားလေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

Student's Companion
ဓာတ်ဆောင် 09-795 677 588; 09-795677598
09-250 664 645; 09-959515571
ဓာတ်အုပ် 09-500 2378; 09-795 456 795

W7 PNY EC ပညာရှာ ပညာရှိပီသာ
စနစ်သစ်မှာမေးခွန်းပုံစံသစ်နှင့်အတူ ထူးချွန်စွာအောင်မြင်လိုသော Repeater များ အမြန်ဆက်သွယ်ပါ။
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
: 09-965055412,09-505 5412,09-764351400

ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ ဆိတ်မူကျေးရွာအုပ်စု၊ စံပညာမွန်ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ရဲမာန်ပြည့်၏ ဖခင်အမည်မှန်မှာ ဦးစောဝင်းထိုက် ၁၄/ဒဒရ(နိုင်)၀၉၇၃၁၅ဖြစ်ပါကြောင်း။

စောဝင်းထိုက်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့နယ်၊ အုတ်ရှစ်ကန်အုပ်စု၊ သပြေသာကျေးရွာနေ မောင်ပြည့်စုံအောင် အထက(၁)နဝမတန်း(C)နှင့် မအိမွန်မွန်မျိုး တို့၏ဖခင် ဦးဌွေးဦး ၅/ရဘန(နိုင်)၁၄၆၅၀၁နှင့် ဦးဖိုးပြူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဌွေးဦး(ခ)ဦးဖိုးပြူး

ဖခင်အမည်မှန်

ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အထက နဝမတန်းမှ မောင်ဇော်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၅/ထခန(နိုင်)၀၈၆၀၁၂ ဖြစ်ပါကြောင်း။

ဦးသန်းဝင်း

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကျော်ကျော်ဟန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၇/သဝတ(နိုင်)၁၀၀၇၇၄ ဖြစ်ပါကြောင်း။

ဦးမြင့်နိုင်

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မခင်စန္ဒာကျော်၏ မိခင်အမည်မှန်မှာ ဒေါ်နွယ်နွယ်စိုး ၁၄/လမန(နိုင်)၀၇၃၂၇၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အောင်ပန်းမြို့၊ အထက(၅) နဝမတန်း (က)အောင်မှ မောင်ရဲလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇောထွန်း ၈/ပခက(နိုင်) ၁၇၄၂၂၁ ဖြစ်ပါကြောင်း။

ဦးကျော်ဇောထွန်း

ဖခင်အမည်မှန်

ဟင်္သာတမြို့နယ်၊ ကညင်ငူအုပ်စု အထက(တွဲ)အုပ်ပုံ နဝမတန်းအောင်မှ မောင်ချစ်ပြည့်စုံအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၁၄/လမန(နိုင်) ၀၆၈၇၀၄ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/6816 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၄၉၄၆ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးသီရိ ၁၄/ဘကလ(နိုင်)၁၈၀၅၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပဲခူး)**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၁၉၇၂ Jianshe 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၈/ဆမန(နိုင်)၀၁၃၁၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပဲခူး)**

အိမ်ခြံမြေပညာပေးသင်တန်းတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) မှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)မှ စီစဉ်ကျင်းပသော အိမ်၊ခြံ၊မြေ ပညာပေးသင်တန်း(၅/၂၀၁၉)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသဖြင့် သင်တန်းမတက်ရောက်ရသေးသော အသင်းဝင်များ(အားလုံး) မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသင်းမဝင်ရသေးသော စိတ်ပါဝင်စားသည့် အိမ်ခြံမြေအကျိုးဆောင်များလည်း အချိန်မီ အသင်းဝင်ရောက်၍ သင်တန်း တက်ရောက်နိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ သင်တန်းကြေးအခမဲ့

သင်တန်းဖွင့်လှစ်မည့်အစီအစဉ်

သင်တန်းဖွင့်မည့်ရက် - ၁၄-၆-၂၀၁၉ရက် မှ ၁၆-၆-၂၀၁၉ရက် အထိ(၃)ရက်

သင်တန်းဖွင့်လှစ်မည့်အချိန် - မွန်းတည့် ၁၂ နာရီမှ ညနေ ၅နာရီအထိ

သင်တန်းဖွင့်လှစ်မည့်နေရာ - သီရိရတနာခန်းမ၊ တော်ဝင်နှင်းဆီစားသောက်ဆိုင်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်

သင်ကြားမည့်ဘာသာရပ်များ- (၁)မြို့ပြမြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ (၂)အခွန်အကြောင်းသိကောင်းစရာ၊ (၃) မြို့ပြကျေးရွာမြေယာဥပဒေ၊(၄) လယ်ယာမြေဥပဒေများ၊ (၅) စာချုပ်စာတမ်းဥပဒေများ၊ (၆) ဥပဒေဆိုင်ရာသိကောင်းစရာများ၊ (၇)အကျိုးဆောင်ဥပဒေကြမ်း၊ (၈)လူမှုဆက်ဆံရေးပညာ

ဆက်သွယ်ရန်။ ။ ဖုန်း-၀၉-၄၅၀၀၀၉၆၉၀၊၀၉-၈၉၁၄၉၇၃၃၂၊ ၀၉-၄၃၁၀၈၂၉၁၊ ၀၉-၄၄၈၀၂၅၇၄၂၊ ၀၉-၄၃၁၇၁၇၃၄၊ ၀၉-၂၅၀၁၆၁၂၇၁၊ ၀၉-၅၀၇၃၃၇၇

ထုတ်လုပ်သူပြောင်းလဲလိုကြောင်းကြေညာခြင်း

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ပြည်ပထုတ်လုပ်သူ Jinjiang Luoshan Anlu Hygiene Product Co.,Ltdမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများ ကိုမူလထုတ်လုပ်သည့် Jinjiang Luoshan Anlu Hygiene Product Co.,Ltd မှ Fujian Benma Daily Chemical Limitedသို့ ထုတ်လုပ်သူပြောင်း လဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

စဉ်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
၁။	Lethwei Kyaw Anti-Mosquito Coils	Meperfluthrin0.05%	Provisional	P2017-3349

သို့ဖြစ်ပါ၍ အဆိုပါထုတ်လုပ်သူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးအဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Jinjiang Luoshan Anlu Hygiene Product Co.,Ltd
N0.118 Wuan Industrial Aera,Luoshan Town, Jinjiang City, Fujian Province,P.R.CHINA
TEL:(86)595-88195885

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

၁၂-၆-၂၀၁၉ရက်တွင်ကျရောက်သော

ဖေဖေပါမောက္ခ Dr.U Than Aye

(ဆီးနှင့်ကျောက်ကပ်အစားထိုးခွဲစိတ်ပါရဂူ)

နှင့်

မေမေပါမောက္ခ Dr.Daw Khin Ohn Chit

(သားဖွားနှင့်မီးယပ်ပါရဂူ)

တို့၏ မင်္ဂလာသက်တမ်း နှစ်(၅၀)ပြည့်ရွှေရတု အခါသမယမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်သည့်တိုင် ချစ်သောသမီး၊ သား၊ မြေးများနှင့်အတူ ဘုန်းကြီးလို့အသက်ရှည်စွာ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ရရှိပိုင်ဆိုင်နိုင်ပါစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ချစ်လှစွာသောသမီး၊ သား၊ မြေးများနှင့်
မောင်နှမဆွေမျိုးတစ်စု

ဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နေ ဦးကျော်ဇေယျ (ဒု-လဝကမှူး-ကွတ်ခိုင်မြို့)-ဒေါ်ယင်းမာ (လ/ထ ညွှန်ကြားရေးမှူး၊ စီမံကိန်းရုံး၊ သိန္နီမြို့)တို့၏ သမီးငယ်၊ မောင်ထူးဇေယျမြင့် (ပညာရေးတက္ကသိုလ်၊ စစ်ကိုင်း)၏ညီမ မမိုးဇေယျမြင့် (မထ-၄၃၅)သည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မိတ္ထီလာမြို့ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်းမှ ဘာသာစုံဂုဏ်ထူး (မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)နှင့် အောင်မြင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဘဘ ဦးမြင့်ဆွေ(ဥက္ကဋ္ဌ၊ မြို့နယ်အသင်းစု ဝမ်းတွင်းမြို့)
ဦးဦးနှင့် တီတီများ (စိန်ကြယ်၊ အထည်ဆိုင်၊ ဝမ်းတွင်းမြို့)
ဦးမြတ်မင်း-ဒေါ်သန္တာဆွေ (စိန်တောင်ရောင်းဝယ်ရေး၊ မိတ္ထီလာမြို့)
ညီမလေး ဖူးမြတ်ပွင့်

ဖခင်အမည်မှန်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉) ပဥ္စမတန်း(B)မှ မောင်ထူးစံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးသိန်း ၉/လဝန(နိုင်)၂၁၄၄၃၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မခင်မို့မို့ဝင်း တက္ကသိုလ်ဝင်တန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ဖြစ်ပါကြောင်း။

မိဘအမည်မှန်

မုဒုံမြို့နယ်၊ ကွေ့ဝမ်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ Grade-7 မှ မယဉ်ယဉ်ခိုင်နှင့် Grade-6 မှ မောင်အာကာတူးတို့၏ မိဘအမည်မှန်မှာ ဦးအောင်ဇော် ၆/ရဖန(နိုင်)၀၆၃၀၇၁နှင့် ဒေါ်လှကေသီခိုင် ၁၀/မဒန(နိုင်)၀၇၅၃၇၇ ဖြစ်ပါကြောင်း။

ဦးအောင်ဇော်-ဒေါ်လှကေသီခိုင်

စက်မှုဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ယာဉ်အို/ယာဉ်ဟောင်းအပ်နှံရာမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများဖြစ်သည့် ယာဉ်ပေါ်ပါ ထိုင်ခုံနှင့် ရေတိုင်ကီတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချခြင်းအား ဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၄-၆-၂၀၁၉ ရက်
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၅-၇-၂၀၁၉ရက်၊ ညနေ ၄နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းစုံစမ်း၍ လာရောက်ထုတ်ယူနိုင်ပါသည်။

စီမံရေးရာဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၈၊၀၆၇-၄၀၅၁၅၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နေပြည်တော်ကောင်စီ
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေစာရင်းတွင်ပါရှိသည့် နိုင်ငံတော်အထောက်အပံ့မှရငွေ(ပြည်တွင်း) (EU Budget Grant) ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိအစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တွင် ဆောင်ရွက်ရန်ရှိသည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အလုပ်ရုံ ၁ထပ် Steel Structure (၁၅၀'×၇၅')(၂)လုံး (ရေ/မီး၊ မိလ္လာအပါအဝင်)

(ခ) ဆရာ/မဆောင် RC(၄)ခန်းတွဲ၊ (၄)ထပ် (၇၈'×၉၄')(၂)လုံး (ရေ/မီး၊ မိလ္လာအပါအဝင်)

(ဂ) ဆရာ/မဆောင် RC(၄)ခန်းတွဲ၊ (၄)ထပ် (၈၂'×၅၇')(၂)လုံး(ရေ/မီး၊ မိလ္လာအပါအဝင်)

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၄-၆-၂၀၁၉ရက်

၃။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၆-၂၀၁၉ရက်

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

၅။ **တင်ဒါဖွင့်မည့်ရက်** - ပြန်လည်ကြေညာပါမည်

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၃၄၀၄၀၂၀
တင်ဒါကော်မတီ၊ နေပြည်တော်ကောင်စီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
လမ်း၊ တံတားဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ လမ်းလုပ်ငန်းများဆောင်ရွက်ရာ၌ အရည်အသွေးထိန်းသိမ်းကွပ်ကဲနိုင်ရန်အတွက် လမ်းဓာတ်ခွဲခန်းတစ်ခု တည်ထောင်မည်ဖြစ်၍ လမ်းဓာတ်ခွဲခန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူ၍ ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ဝယ်ယူမည့်ပစ္စည်း** - Laboratory Equipments and Chemical Reagents

(ခ) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၀၁၉ ခုနှစ်၊ ဇွန် ၁၁ ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီ

(ဃ) **တင်ဒါရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - လမ်း၊ တံတားဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - တစ်စုံလျှင်(၁၀၀၀၀ိ/-)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်း၊ တံတားဌာန- ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ-၁၅၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/2492 Mitsubishi Fuso Truck(8x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေတင် ၁၂/ဒပန(နိုင်)၀၃၀၀၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရွာသာကြီး)၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက ကျွဲခြံ၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းရတီအောင်၏ ဖခင်အမည်မှန်မှာ ဦးသူရလင်း ၁၀/ပမန(နိုင်)၀၇၉၅၂၀ ဖြစ်ပါကြောင်း။ **ဦးသူရလင်း**

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက၊ ကော့ပေါက်၊ နဝမတန်းမှ မရွှေနဒီဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၁၀/မလမ(နိုင်)၂၀၅၆၄၀ ဖြစ်ပါသည်။ **ဦးမောင်ဇော်**

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အမက(လွန်) ကော့တွန်ကွင်း၊ စတုတ္ထတန်းမှ မဖြိုးပြည့်သဇင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၁၀/မလမ(နိုင်)၂၀၅၆၄၀ ဖြစ်ပါသည်။

ဦးမောင်ဇော်

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ မုတ္တမ၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆင်ဖြူရုပ်၊ တက္ကသိုလ်ဝင်တန်းမှ မဇင်မာထွေး၏ ဖခင်အမည်မှန်မှာ ဦးသက်ရွှေ ၁၀/ပမန(နိုင်)၀၂၄၉၆၄ ဖြစ်ပါကြောင်း။

ဦးသက်ရွှေ

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၀)၊ သတ္တမတန်းမှ မဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၁၀/ပမန(နိုင်)၀၈၉၂၈၆ ဖြစ်ပါကြောင်း။

ဦးမြင့်သိန်း

အမည်ပြောင်း

မြောက်ဦးမြို့နယ်၊ ငမဲပြင်ကျေးရွာ၊ အမက၊ တတိယတန်းမှ မြနှင့်သော်အား ရွှေသဒ္ဒါလှိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **ရွှေသဒ္ဒါလှိုင်**

အမည်ပြောင်း

ဦးအေးအောင်မော်-ဒေါ်တင်တင်အေးတို့၏သမီး မော်လမြိုင်မြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မမေမြတ်နိုးမော်အား မမေဟန်သူ ဟု ပြောင်းလဲခေါ်ပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အထက(၅)ကန်နား နဝမတန်း(A)မှ မဟိန်းစန္ဒာဝင်း၏ ဖခင် ဦးထိန်ဝင်းနှင့် ဦးထိန်လင်း ၉/ပမန(နိုင်)၀၇၂၃၃၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထိန်ဝင်း(ခ)ဦးထိန်လင်း**

အမှားပြင်ဆင်ချက်

၉-၆-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၄)တွင် ပါရှိသော သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း ကြော်ငြာတွင် ဒေါ်ကေသီစံ ၉/ပမန(နိုင်)၂၀၇၇၆၉ အစား ၉/ပမန(နိုင်)၂၀၇၇၆၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂၊ မြေကွက်အမှတ် ၂၆၄၊ ဧရိယာ ၀ဒသမ၀၄၀ဧကအား ဦးကျော်ငွေ(ဘ) ဦးမာဒင် ၉/ပမန(နိုင်)၀၀၆၄၉၉မှ ကျမ်းကျိန်လွှာအမှတ် ၄၆၂/၂၀၁၉၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၄-ဘီ)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ကေ၊ မြေကွက်အမှတ် ၁၁၁အမ်(၃)/၄-၃ဘီနှင့် မြေကွက်အမှတ် ၁၁၁အမ်(၃)/၄-၃စီ၊ မြေအမျိုးအစား မြေပိုင်မြေ၊ ယင်းမြေ(၂)ကွက်၏ အမည်ပေါက်မှာ (၁) ဒေါ်ခင်သိန်းဝင်း၊ (၂) ဒေါ်သန်းသန်းဝင်း၊ (၃) ဒေါ်ချိုချိုဝင်း၊ (၄) ဒေါ်လှလှဝင်း၊ (၅) ဒေါ်နွဲ့နွဲ့ဝင်း မြေကွက်ဖြစ်ပါသည်။ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၀၆၁/၉-၇-၂၀၁၈)ဖြင့် (၁)ဦးထွန်းဦး ၁၂/ဗဟန(နိုင်)၀၇၄၆၂၄၊ (၂)ဒေါ်သန်းသန်းဝင်း ၁၂/ဗဟန(နိုင်)၀၄၈၄၀၀၊ (၃) ဒေါ်လှလှဝင်း ၁၂/ဗဟန(နိုင်)၀၄၈၂၈၂၊ (၄) ဒေါ်နွဲ့နွဲ့ဝင်း ၁၂/ဗဟန(နိုင်)၀၄၆၈၅၄၊ (၅) ဦးဘုန်းကြွယ် ၁၂/ကတတ(နိုင်)၀၀၅၆၇၀၊ (၆) ဦးစိုးမြင့် (ခ) ဦးစိုးအောင် ၁၂/ဗဟန(နိုင်)၀၄၇၂၂၅၊ (၇) ဒေါ်ချိုချိုဝင်း ၁၂/ဗဟန(နိုင်)၀၄၇၂၈၀ တို့မှ ရရှိခဲ့ပြီး ၎င်းတို့အနက် ဦးထွန်းဦး၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်လှလှဝင်း၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးဘုန်းကြွယ်၊ ဦးစိုးမြင့် (ခ)ဦးစိုးအောင်တို့မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၀၁၉/၃-၇-၂၀၁၈ ဖြင့် ဦးသီဟသို့ ကိုယ်စားလှယ်လွှဲအပ်ခဲ့ကြောင်း အထောက်အထားနှင့်အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ ဒေါ်ချိုချိုဝင်း (မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-MA 819399)မှ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ နယူးယောက်မြို့ကောင်စစ်အရာရှိရှေ့ လက်မှတ်ရေးထိုး၍ ဦးသီဟသို့ လွှဲအပ်ခဲ့သည့်အထူးကိုယ်စားလှယ်လွှဲစာ (ယင်းကိုယ်စားလှယ်စာပါဒေါ်ချိုချိုဝင်း လက်မှတ်မှန်ကန်ကြောင်း ကောင်စစ်ဝန်ချုပ်ရုံး၏ ၁၀-၇-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၉/၀၅၀၂၁၀ ဖြင့် ထောက်ခံချက်) အထောက်အထား၊ ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆မှ ယင်းကိုယ်စားလှယ်လွှဲစာလွှဲသူတို့ သက်ရှိထင်ရှားရှိပြီး ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၈၃၆

ဒေါ်စုစုဝင်း(ကိုယ်တိုင်နှင့် အယူခံတရားလို၂၊၃တို့၏ အခွင့်ရကိုယ်စားလှယ်)ပါ ၃	**နှင့်**	ဒေါ်သိင်္ဂီခင် ပါ ၅ (ကွယ်လွန်သူဦးခင်မောင်ကြည်၏ တရားဝင်ကိုယ်စားလှယ်များ)
အယူခံတရားလိုများ		**အယူခံတရားပြိုင်များ**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမ ပထမအယူခံမှုအမှတ် ၁၉/၂၀၁၈ကို အယူခံမှု။

အယူခံတရားပြိုင် (၁)ဒေါ်သိင်္ဂီခင်၊ (၂)ဒေါ်ကေသီခင်၊ (၄)ဒေါ်ဇာနည်ခင်၊ (၅)ဦးဇေယျမင်းခင် (ကွယ်လွန်သူ ဦးခင်မောင်ကြည်၏ တရားဝင်ကိုယ်စားလှယ်များ)၊ အမှတ်(၅၄)၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) တို့သိစေရမည်။

ယခုအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုများ၏ တရားလွှတ်တော်ရှေ့နေ ဦးစိုးစိုးသိဏ်းက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆လျှောက်လွှာနှင့်အတူ အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၉ ခုနှစ် ၊ ဇွန် ၁၉ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ကဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁-နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇွန် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းသိန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းသည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဝန်ထမ်းမိသားစုများ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းသည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းသည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီးနှင့်ဇနီး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းသည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်
ဝန်ထမ်းမိသားစုများ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းသည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ချိုချိုဝင်း မိသားစု
ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်စိန်ဝင်း (ငြိမ်း) ညွှန်ကြားရေးမှူး

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

သူငယ်ချင်း ဗိုလ်ကြီးရဲမြင့်အောင်(ငြိမ်း)(ဒုတိယဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-(ဒေါ်စန်းစန်းဝေ)တို့၏အစ်ကို ဗိုလ်မှူး ကျော်စိန်ဝင်း(ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ သာသနာ့တက္ကသိုလ်(မန္တလေး)၊ ယဉ်ကျေးမှုနှင့်သာသနာရေးဝန်ကြီးဌာနသည် ၁၁-၆-၂၀၁၉ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၇)မှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်စိန်ဝင်း (ငြိမ်း) ညွှန်ကြားရေးမှူး၊

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးကျော်စိန်ဝင်း(ငြိမ်း)သည် ၁၁-၆-၂၀၁၉ရက် နံနက် ၆း၁၅နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ်(၇၅)၊ သူရတပ်ခွဲ
ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

ဦးကျော်စိန်ဝင်း(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ခုတင်-၅၀၀ဆံ့အထူးကုဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်၊
သင်ကြားစီမံဆရာတော်များနှင့်စာသင်သားရဟန်းတော်များ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

ဗိုလ်မှူးကျော်စိန်ဝင်း(ငြိမ်း)၊ ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ နွယ်သာကီလမ်းနေ ဦးသန်းစိန်(ဓမ္မာစရိယ)-ဒေါ်သန်းသန်း(ဆရာမ-ငြိမ်း)တို့၏သား၊ ဦးမြင့်သန်းဦး(ဒု-ဦးစီးမှူး၊ ကျေးလက်လမ်းတံတား)-ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးမြင့်ဦး(ဌာနမှူး)-ဒေါ်ကြူကြူသင်း၊ ဦးမြင့်ကျော်-ဒေါ်ဝင်းဝင်းလှိုင်၊ ဦးရဲမြင့်အောင်(ဒု-ဌာနမှူး)-(ဒေါ်စန်းစန်းဝေ)၊ ဦးဖြိုးပြည့်ဝင်း-ဒေါ်ခက်ဝါ၊ ဒေါ်စန္ဒာသန်း(ကြေးမုံသတင်းစာတိုက်)တို့၏ညီ၊ မောင်၊ အစ်ကို၊ တူ၊ တူမခုနစ်ယောက်တို့၏ဦးကြီး၊ ဦးလေး၊ စလေမြို့၊ မြို့မရပ်နေ ဦးခင်မောင် (ဆရာကြီး-ငြိမ်း)-ဒေါ်သောင်းရင်တို့၏သားသမက်၊ ဦးသုမန၊ (ဦးသန်းထွဋ်)-ဒေါ်ထွေးထွေးတို့၏ညီ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်အမှတ်(၆၀)၊ အခန်းအမှတ်(၃)၊ မြေညီထပ်နေ ဒေါ်မိုးမိုး(အလက-၁၊ ဒဂုံ) ၏ချစ်လှစွာသောခင်ပွန်း၊ မဝင်းပပရွှေ(အမျိုးသားပြတိုက်ရန်ကုန်)၊ မောင်သောင်းနိုင်ကျော်တို့၏ဖခင်သည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်အမှတ်(၆၀)၊ အခန်းအမှတ်(၃)၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

ဦးကျော်စိန်ဝင်း(ညွှန်ကြားရေးမှူး)၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

ဦးကျော်စိန်ဝင်း(ညွှန်ကြားရေးမှူး)၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

ဦးကျော်စိန်ဝင်း(ညွှန်ကြားရေးမှူး)၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အရာထမ်း၊ အမှုထမ်းများ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဦးမောင်ချိန်
ကော့ပေါက်ရွာ၊ ကော့ကရိတ်မြို့နယ်
အသက်(၈၈)နှစ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ပေါက်ရွာနေ (ဦးအုန်းဖေ-ဒေါ်သင်းမြိုင်)တို့၏သား၊ [ဒေါ်စောရင်(ခ)ဒေါ်ကရင်မ]၏ခင်ပွန်း၊ (ဦးဂျပန်)၏အစ်ကို၊ ဦးထွန်းရှိန်-ဒေါ်ခင်စိန်ကြည်၊ ဦးအုန်းမှတ်-ဒေါ်ခင်မေ၊ ဦးစံမြင့်-ဒေါ်မြကြည်၊ ဦးတင်စိန်၊ ဦးမျိုးအောင်-ဒေါ်မြင့်စန်း (ထခွဲကော့ဘိန်း)၊ (ဦးမျိုးမြင့်)-ဒေါ်အေးခိုင်၊ ဒေါ်မိခင်ချိုချိုယဉ်(Save the Children စစ်တွေ)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးအေသည် ၁၁-၆-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၁း၄၉နာရီတွင် ကော့ပေါက်ရွာနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးကျော်သန်း (အင်္ဂလိပ်စာ) အသက်(၈၈)နှစ်

လားရှိုးမြို့နေ (လမ်းဝန်ထောက်ဦးဆာသလင်-ဒေါ်အိမ်) တို့၏သား၊ (ဦးစီကိုကို-ဒေါ်သောင်းမြ)တို့၏ညီမောင်၊ အင်းစိန်(GTI)၊ ဟသ်ာတ(GTI)၊ စက်မှုအထက(၁)နတ်မောက်၊ စက်မှုအထက(၂)ဘောင်ဒရီ၊ မန္တလေးILBC ကျောင်းဆရာကြီးဖြစ်သူ ဦးကျော်သန်းသည် ၉-၆-၂၀၁၉ရက် နံနက် ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၆-၂၀၁၉ရက်မွန်းလွဲ ၁နာရီတွင် စုနောင်နောင်ဂေဟာ၊ ဦးသန်းဝင်းနောင်-ဒေါ်ခင်သန်းမြင့်(ခ)မငယ်တို့၏နေအိမ်၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၃)၊ သဇင်လမ်း၊ လားရှိုးမြို့မှ ကာသိုလိပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးသွားပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေတပည့်များအား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းတင် (မာန်အောင်၊ အမ်း)
အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ပြင်တန်းလမ်းနေ (ဦးဖိုးနီထွန်း-ဒေါ်သဲစိန်)တို့၏သမီး၊ (ဦးထွေးဇံ-ဒေါ်နှင်းမြဦး)တို့၏ သမီးချွေးမ၊ (ဦးထွန်းယဉ်)၏ဇနီး၊ ဦးမြတ်လင်း(စင်ကာပူ)-ဒေါ်ခင်ဝင်းမော်၊ ရန်ကုန်မြို့၊ ၃၂လမ်း၊ အမှတ် ၁၅၈ (ဒုတိယထပ်)နေ ဦးထွန်းမောင်-ဒေါ်နီလာမော်(ထက်-အုပ်တော်လန်း)၊ ဦးဇော်မင်းထွန်း(အင်ဂျင်နီယာ)တို့၏မိခင်၊ မယဉ်မေသက်(အင်းစိန် GTI)၊ မနှင်းအိရွှေရည်တို့၏ဘောင်ဘောင်ကြီး၊ ဒေါ်သန်းရှင်၊ ဒေါ်ခင်ခင်သန်း၊ (ဦးသန်းဖေ)၊ (ဒေါ်သန်းရင်)တို့၏အစ်မ သည်၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃း၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဒေါက်တာကျော်မြင့်
အထွေထွေရောဂါကုသမားတော်
မဟာစည်သာသနာ့ရိပ်သာ အလုပ်အမှုဆောင်အဖွဲ့နာယက
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ဂန္ဓမာ ၃လမ်း၊ အမှတ်(၉၅/၉၆)နေ (ဦးယုဝ-ဒေါ်စိန်ဖြူ)တို့၏သား၊ ဒေါ်မြမြရီ၏ခင်ပွန်း၊ ဒေါက်တာသန်းဟိန်း(Singapore)၊ ဦးကိုကိုအောင်-ဒေါ်မျိုးဆန်းသိမ်းတို့၏ဖခင်၊ မောင်မျိုးမင်းစွမ်း၊ မောင်မင်းဇေယျာကိုတို့၏အဘိုးသည် ၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။

[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမြရှိန် (ရွှေဘို)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး
အသက်(၆၉)နှစ်

ရွှေဘိုမြို့၊ (၁)ရပ်ကွက်နေ (ဦးဘိုရောင်-ဒေါ်စံစံ)တို့၏သား၊ ဦးစန်းလွင်-ဒေါ်ခင်အေးအေး၊ ဦးမောင်မောင်တို့၏အစ်ကို၊ ဦးဇင်ထိုက်(ဒု-မြို့နယ်ဥပဒေအရာရှိ၊ စစ်ကိုင်း)၏ဦးကြီး ဦးမြရှိန်သည် ၁၀-၆-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။**ဦးသန်းအောင်-ဒေါ်စိန်မမ**
ဦးအောင်သန်းမြင့်-ဒေါ်စန်းစန်းအေး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်စိုး (ပန်းချီ-ကိုစိုး)
မြန်မာလက်မှု(အုန်းခွံ)ပညာရှင်
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကုန်းဘောင်(၁၄)လမ်း၊ အမှတ်(၁၁၅၂/ခ)နေ (ဦး သောင်းငွေ-ဒေါ်မြိုင်)တို့၏သား၊ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ ဦးဥက္ကံသ၊ ဒေါ်ဗေဒါ၊ ဦးခင်မောင်ဘို-ဒေါ်ဝင်းဝင်းကြည်တို့၏ညီမောင်၊ ဦးတင့်လွင်-ဒေါ်အေးအေးမြင့်၊ ဦးခင်လတ်-(ဒေါ်သင်းသင်းထွေး)တို့၏အစ်ကို၊ ကိုပြည့်စုံသွင်-မမေသူနိုင်၊ ကိုမျိုးသန့်ဇင်-မစုလှိုင်တို့၏ဖခင်၊ မောင်နေလင်းပိုင်(ပိုင်ပိုင်)၏အဘိုးသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၆-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဦးခင်မောင်ချို
တံတားမြို့
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ တိုက် ၂၃၁၊ အခန်း(၃)နေ (ဦး ကြီးမောင်-ဒေါ်ကျင်နွဲ့)တို့၏သား၊ ဦးစံမြင့်-ဒေါ်ခင်မြတို့၏ သားသမက်၊ ဒေါ်ယုယုစံ၏ခင်ပွန်း၊ မောင်ချမ်းငြိမ်းကို၊ မအေးအေးအောင်တို့၏ဖခင်သည် ၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့) ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိုးလှ (ဆောမြို့) B.A,H.G.P,R.L
တရားရေးဝန်ထမ်း(ငြိမ်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဧယျာဝဂလမ်း၊ အမှတ် ၅၂၄(က)နေ(ဦးဘဖေ-ဒေါ်စစ်မေ)တို့၏သား၊ (ဦးဖိုးငြိမ်း-ဒေါ်လေးသန့်)တို့၏ သားသမက်၊ (ဒေါ်ပုလေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းညွန့်၊ ပြည်တွင်းအခွန်၊ ငြိမ်း)-ဒေါ်ခင်ဝင်းအောင်၊ (တကကဝင်းမြင့်၊ ငြိမ်း၊ မြို့တော်စည်ပင်)၊ ဒေါ်ခင်နွဲ့ဝင်း(အထပြ၊ ငြိမ်း၊ အထက-၁၊တောင်ဥက္ကလာပ)၊ ဦးဇာဂရ(ခ)ဘုန်းကြီးဦးဆွေမြင့်၊ ဗိုလ်မှူးမောင်မောင်လွင်(ရေ/ငြိမ်း)ထွေ/ဂျာ(ငြိမ်း)ပြည်တွင်းရေကြောင်း-(ဒေါ်သောမာရွှေ၊ အလပြ၊ ငြိမ်း၊ အထက-၂၊ ဗိုလ်တထောင်)၊ ဦးကျော်ရွှေ(MPPE၊ ငြိမ်း)၊ (PUMA Co. လေကြောင်းလိုင်း)-ဒေါ်ထားထားရီမြင့်၊ ဦးမောင်မောင်မြင့်(ဗိုလ်မှူး)-ဒေါ်သဇင်ရွှေ(အလပြ-ငြိမ်း)၊ ဦးထိန်လင်း(MPPE၊ငြိမ်း)-ဒေါ်မာမာရီမြင့်၊ (ဦးမောင်မောင်လေး)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဆရာ ဦးညီညီ
အသက်(၆၆)နှစ်

MCC Institue Campus များတွင် စာသင်ကြားလျက်ရှိသော ဆရာ ဦးညီညီ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MCC Group

ဒေါ်မြင့်မြင့်ဝင်း အသက်(၆၆)နှစ်
ပြည်နယ်စက်မှုလယ်ယာဌာန၊ မော်လမြိုင်(ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ Dလမ်း၊ 14 C2 နေ (ဦးထွန်းမြင့်-ဒေါ်သန်းစိန်)တို့၏သမီး၊ ဦးညွန့်အောင်(CID၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုဝင်းနိုင်ဦး-မသန္တာကျော်၊ မောင်မျိုးနိုင်ဦးတို့၏ချစ်လှစွာသောမိခင်သည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

တောင်သာမြို့နယ် အသင်း(ရန်ကုန်)
ဦးသိန်းထွန်းအောင်
အသက်(၆၂)နှစ်

အသင်း၏ နာယက တာဝန်ထမ်းဆောင်ခဲ့သော (ဦးမြသောင်း-ဒေါ်စန်း) ပွဲရုံလုပ်ငန်းတို့၏သား၊ အသင်းဝင် ဦးတိုးဝင်း(ခ)ဦးဇာနည်-ဒေါ်ခင်မြမြစန်း တို့၏ညီ/မောင်၊ အသင်းဝင် ဒေါ်တင်နုရီ၊ ဒေါက်တာညီညီဇော်-ဒေါ်ဝေဝေသောင်း၊ ဒေါ်စန္ဒာမြသောင်း၊ ဦးဇာနည်အောင်-ဒေါ်သူ ဇာမြသောင်းတို့၏အစ်ကို၊ ဒေါ်ထွေးထွေး၏ခင်ပွန်း၊ မအိဝတီအောင်၏ဖခင်၊ အသင်းဝင် ဦးသိန်းထွန်းအောင်သည် ၇-၆-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်စိန်ဝင်း (ညွှန်ကြားရေးမှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၄)နှစ်

ဦးကျော်စိန်ဝင်း(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ခုတင်-၅၀၀ဆံ့အထူးကုဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
သာသနာရေးဦးစီးဌာန

ဦးစိန်မြင့်
ရွှင်ပျော်ပျော် စားသောက်ဆိုင်
ကျောက်တန်းမြို့
အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၇၆)နေ (ဦးကျုံးကျုံး-ဒေါ်ရင်ရင်)တို့၏သား၊ (ဦးအုန်းမြင့်)-ဒေါ်ငွေဝင်းတို့၏သားသမက်၊ ဒေါ်ခင်ဝင်းလှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ရွှေ-ဒေါ်ရင်မြတို့၏ညီ၊ ဦးမျိုးဝင်း-ဒေါ်နွဲ့နွဲ့စိန်၊ (ဦးမြင့်လှိုင်)-ဒေါ်ဝေဝေသန်း၊ ဦးစိုးမြင့်အောင်၊ ဦးဆန်းညွန့်-ဒေါ်ထွေးထွေးစိန်တို့၏အစ်ကို၊ ကိုဥက္ကာကျော်-မစုစုထွေး၊ ကိုကျော်ဇံမြ-မစုမာကျော်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကျောက်တန်းမြို့၊ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဟာမီအေး(ခ)မာမီအေး
(ဂျာမနီသံရုံး-ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်နေ (ဦးထွန်းရှိန်-ဒေါ်နု)တို့၏သမီးချွေးမ၊ (ဦးစံထွန်းအေး-ဒေါ်မဲ)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၅)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၂၃၆)၊ အခန်း(၂)နေ (ဦးမင်းဆွေ)၏ဇနီး၊ ဦးတင်မောင်ဆွေ(မြန်မာ့မီးရထား)-ဒေါ်ကျော့ကျော့အောင် (မြန်မာ့မီးရထား)၊ [ဦးဝင်းဆွေ(ခ)ကိုဖိုးတိုး]၊ ဒေါ်ခိုင်ခိုင်ဆွေ(MRTV)၊ ဒေါ်အေးအေးဆွေတို့၏မိခင်သည်၁၁-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၅း၀၅နာရီတွင် သဃ်ာန်းကျွန်း(စံပြ)ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၆-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၇နာရီတွင်ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု**

ဦးကိုကို(ခ)ဦးဂျယ်ရီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မဟူရာလမ်း၊ အမှတ်(၂)နှင့် ဒဂုံမြို့နယ်၊ ပြည်အနောက်ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၁၆/ဒီ)နေ (ဦးကျော်လှိုင်-ဒေါ်မြင့်ပို)တို့၏သား၊ ဦးဘိုစိုး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ခင်နှင်းဆီတို့၏မောင်၊ ဦးကျော်မိုးဝင်း-ဒေါ်လှလှမော်၊ ဦးကျော်စွာအောင်-ဒေါ်ခင်သီတာမော်၊ ဦးဇော်လင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးညီညီထွေး-ဒေါ်နိုင်နိုင်မော်တို့၏အစ်ကို၊ မောင်စိုင်းကျော်မင်းဦး-မဝင်းလဲ့လဲ့နှင်းဆီဘို၊ ဒေါက်တာအေးမြမြနှင်းဆီဘို၊ မသင်းပျံ့ပျံ့နှင်းဆီဘို၊ မောင်သူရကျော်၊ မောင်မင်းကျော်အောင်၊ မောင်ရှင်းသန့်အောင်၊ မောင်ရဲရင့်၊ မောင်သီဟမြတ်သူတို့၏ဦးလေးသည် ၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ မနော်ဟရီလမ်း၊ အမှတ်၁၆/ဒီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကိုအောင်ဇော်မော်
(B.E Mechanical)
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ အမှတ်(၁)နေ ဦးမောင်ကို(ဒုရဲမှူးကြီး-ငြိမ်း)-(ဒေါ်သန်းနွဲ့) တို့၏မြေး၊ ဦးသန်းဇော်-ဒေါ်ဆွေဆွေထွန်းတို့၏သား၊ ဦးမင်းဇော်-ဒေါ်ရွှေစင်ဦး၊ ဦးဝင်းဇော်-ဒေါ်အေးအေးသန့်၊ ဒေါ်မေမျိုးဇော်(ပြည်နယ်မှူး၊ ကယားပြည်နယ်-D.I.C.A)၊ ဦးမိုးဇော်ကို-ဒေါ်ဝတ်ရည်အောင်တို့၏တူ၊ မောင်ဘုန်းဇော်မော် (စံမြင့်မော် ကိုယ်ပိုင်အထက်တန်းကျောင်း)၏အစ်ကို၊ မသူဇာလှိုင်(B.Arch) Architecture, Crown Adraneed Construction)၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၁၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ထိုင်းနိုင်ငံ၌ကျင်းပသည့် ဂျူနီယာစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မြန်မာအသင်း ပူးတွဲတတိယရရှိ

ရန်ကုန် ဇွန် ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၄ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သော 25th SEA Junior & Cadet Table Tennis Championships 2019 ပြိုင်ပွဲတွင် မြန်မာစားပွဲတင်တင်းနစ်အသင်း ဂျူနီယာ အမျိုးသားအသင်းလိုက်ပူးတွဲတတိယဆု ရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲ၌ မြန်မာအုပ်စုတွင် ထိုင်း၊ ဖိလစ်ပိုင်၊ ဘရူနိုင်း တစ်အုပ်စု၊ စင်ကာပူ အုပ်စုတွင် မလေးရှား၊ ဗီယက်နမ်၊ လာအို နိုင်ငံတို့က တစ်အုပ်စု လေးနိုင်ငံ နှစ်အုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့်ရှုံးနိမ့်ပြီး ဘရူနိုင်းအသင်းကို သုံးပွဲပြတ်နှင့် ဖိလစ်ပိုင်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းသည် တစ်ဖက်အသင်းအုပ်စုမှ အုပ်စုပထမရရှိသော စင်ကာပူအသင်းကို ရှုံးနိမ့်ကာ မလေးရှားအသင်းနှင့်အတူ ပူးတွဲတတိယဆု ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာစားပွဲတင် တင်းနစ်အသင်းသည် အသက် ၁၅ နှစ်အောက်၊ ၁၈ နှစ်အောက်ပြိုင်ပွဲ၌ တစ်ဦးချင်း၊ နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ အခုသွားပြိုင်တဲ့ကစားသမားတွေ ဆီးဂိမ်းမှာ ပါဝင်ပါတယ်။ ဆီးဂိမ်းအတွက် လက်ရှိ လက်ရွေးစင်ရယ်၊ အကြီးတန်းရယ်၊ အခု သွားပြိုင်တဲ့ကစားသမားတွေရယ် အုပ်စုပတ်လည်ကစားကြပြီး ဆီးဂိမ်းအတွက် လူရွေးသွားမှာ ဖြစ်ပါတယ် " ဟု အတွင်းရေးမှူး ကိုအောင်ခိုင်က ပြောသည်။

အောင်ပွဲရ စားပွဲတင်တင်းနစ်အားကစားအဖွဲ့သည် ဇွန် ၁၀ ရက် ညပိုင်းက ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ မိဘဆွေမျိုးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အေကေလင်း

အောင်ပွဲရ စားပွဲတင်တင်းနစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။

တိုက်စစ်မှူး အောင်သူ စင်ကာပူဘက်သို့ ထိုးဖောက်လာစဉ်။
ဓာတ်ပုံ-MFF

မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် စင်ကာပူကို အနိုင်ရ

ရန်ကုန် ဇွန် ၁၁

နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့သည် ယနေ့ ညနေပိုင်းက စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ကျင်းပရာ မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရွေးစင်အဆင့်တွင် စင်ကာပူအသင်းကို အနိုင်မရသည်မှာ ကြာမြင့်နေပြီဖြစ်သည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယခုခြေစမ်းပွဲတွင် စင်ကာပူမြေ၌ နိုင်ပွဲရယူနိုင်ခဲ့သည်။ ဒဏ်ရာမှပြန်ကောင်းလာပြီး မြန်မာ့လက်ရွေးစင်အသင်း၌ ပထမဆုံးပြန်လည်ကစားခွင့်ရသည့်ပွဲ၌ တိုက်စစ်မှူး ကျော်ကိုကို ခြေစွမ်းပြပြီး နှစ်ဂိုးစလုံး သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နည်းပြသစ် ရာဒူလိုဗစ်လက်ထက် ပထမဆုံးပွဲဖြစ်ပြီး တိုက်စစ်တွင် ကျော်ကိုကိုနှင့် အောင်သူကို အသုံးပြုကာ တစ်ကျော့ပြန်လက်ရွေးစင် ရန်အောင်ကျော်ကို ကွင်းလယ်၌ စည်သူအောင်၊ မောင်မောင်လွင်၊ လှိုင်းဘိုဘိုတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ခံစစ်တွင် ဂိုးသမား ကျော်ဇင်ထက်က အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကာ နောက်တန်းတွင် ဝင်းမိုးကျော်၊ ဇော်မင်းထွန်း၊ စိုးမိုးကျော်နှင့် နန္ဒကျော်တို့ ကစားခဲ့သည်။ ပွဲအစ ၄ မိနစ်မှာပင် မြန်မာအသင်း ဂိုးစရခဲ့ပြီး ကျော်ကိုကိုက အောင်သူ၏ ပေးပို့မှုမှ တစ်ဆင့် သွင်းယူခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ✤

စာမျက်နှာ ၁၂ ကော်လံ ၅

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
၂၀၁၉ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့တွင်းက ဒို့အိမ်များ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဒို့အိမ်အဖွဲ့

“ဒီဘက်ခေတ်ကလေးတွေ သိပ်သနားဖို့ကောင်းတာပဲ။ လွတ်လွတ်လပ်လပ် ဆော့ကစားဖို့ နေရာဆိုတာ မရှိသလောက်ပဲ” ဟု ကြည့်မြင်တိုင်မြို့နယ်မှ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်က နံနက်ပိုင်း တွေ့ဆုံနေကျလက်ဖက်ရည်ဆိုင်တွင် အကြောင်းတရားတစ်ခုအပေါ် ဆွေးနွေးကြရင်း ပြောခဲ့သည်ကို ပြန်အမှတ်ရမိခဲ့သည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ သည်ဘက်ခေတ်ကလေးများသည် ကလေးပီပီ ပြေးပြေးလွှားလွှား ပျော်ပျော်ပါးပါး ဆော့ကစားရန်နေရာများ ရှားပါးသွားပြီဖြစ်သည်။

အထပ်မြင့်အဆောက်အအုံ၊ တိုက်ခန်းများ အတွင်း၌သာ အချိန်ကုန်ကြီးပြင်းလာကြရသူများ ဖြစ်လာသည်။ လမ်းသွယ်ပင်ဖြစ်လင့်ကစား အဆက်မပြတ်လာတတ်သော ယာဉ်အသွားအလာများကြောင့် ယာဉ်အန္တရာယ်က အချိန်မရွေး ဖြစ်ပေါ်လာနိုင်မည်ကို စိုးရိမ်ရသော အခြေအနေများဖြစ်သည်။

စာရေးသူတို့ ငယ်ငယ်က တူတူပုန်းတမ်းကစားလျှင် အိမ်ကြိုအိမ်ကြား၊ အိမ်အောက်များသို့ အငြိအစွန်းမရှိ ပြေးနိုင်ပုန်းနိုင်ခဲ့ကြသည်။ နောက်ဖေးလမ်းကြားများဆိုလျှင်လည်း အမှိုက်သရိုက် မရှိ၊ ဒိုးပစ်နိုင်၊ ဂေါ်လီပစ်နိုင်သည့်အနေအထားအထိ ရှင်းလင်းခဲ့ကြသည်။ ကိုယ့်အိမ်နောက်ဖေးကို တံမြက်စည်းလှည်း ရှင်းလင်းထားကြသည်။

အလယ်တန်း၊ အထက်တန်း၊ ကျောင်းကြီးများဆိုပါက ဘောလုံးကွင်းနှင့်ကစားရန် မြေအကျယ်အဝန်းရှိကြသည်။ နောက်ပိုင်းကျောင်းအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ခြင်းကြောင့် အချို့သော ကျောင်းကြီးများတွင် အားကစားကွင်းများ၊ ဆော့ကစားရန်မြေကွက်လပ်များသည် တစ်စတစ်စ ပျောက်ကွယ်လာခဲ့သည်ကို တွေ့မြင်နေရသည်။

တစ်ဖန် ယခင်က တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်များမှသည် အထပ်မြင့်တိုက်တာများက ခေတ်ပြိုင်တိုးတက်မှုအဖြစ် နေရာယူလာကြသည်။ ယခင်က တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်တစ်လုံးတွင် မိသားစုတစ်စု၊ နှစ်စုမှသည် အခန်းပေါင်းများစွာသော တိုက်များပေါ်တွင် အိမ်ထောင်စုများ သိပ်သည်းလာခဲ့သည်။ မိသားစုများ များပြားလာခဲ့သည်။

ထိုနည်းတူ မိသားစုများ၏ စွန့်ပစ်ပစ္စည်းအမှိုက်များသည် အဆပေါင်းများစွာ ထွက်ပေါ်လာခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြို့နယ် ၃၃ မြို့နယ်မှထွက်သော အမှိုက်တန်ချိန်မှာ နေ့စဉ် ၂၅၀၀ ခန့်ရှိသည်ဟု သိရသည်။ နေ့စဉ်သိမ်းဆည်းသော၊ စည်ပင်အမှိုက်ပုံးများထဲ ရောက်ရှိသော အမှိုက်များဖြစ်သည့် နောက်ဖေးလမ်းကြားနှင့် မြောင်းအတွင်းသို့ စွန့်ပစ်သော အမှိုက်များကလည်း ထိုနည်းပင် ရှိပေမည်။ နောက်ဖေးလမ်းကြားသို့ စည်းကမ်းမဲ့စွန့်ပစ်သော အမှိုက်များက နှစ်နှင့်ချီ ကြာမြင့်လာသောအခါ တောင်ပို့တစ်ခုပမာ ထုထည်အဖြစ် တည်ရှိလာခဲ့သည်။ ထို့အတွက် နောက်ဖေးလမ်းကြားများသည် ရွံရှာဖွယ်နေရာတစ်ခုအဖြစ် သတ်မှတ်၍ အများသူငါ ရှောင်ကြဉ်ရာနေရာများ ဖြစ်လာခဲ့သည်။

အချပ်ပို (ဃ) သို့

ဒို့အိမ်အဖွဲ့သည် နောက်ဖေးလမ်းကြား ဥယျာဉ်ကို ၂၀၁၆ ခုနှစ်အတွင်းက ပန်းဘဲတန်းမြို့နယ်အတွင်း ၂၇ လမ်းနှင့် ၂၈ လမ်းအကြားတွင် အစပျိုးစမ်းသပ်မှုအဖြစ် တည်ဆောက်ခဲ့သည်ဟု သိရသည်။ ဤသို့ဆောင်ရွက်ရာတွင် မြို့နယ်မှ တာဝန်ရှိသူများ ရပ်မိရပ်ဖများ၊ ရပ်ကွက်လူမှုရေးအဖွဲ့ဝင်များ၊ လမ်းနေပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

အစိမ်းရောင် ရန်ကုန်မြို့ဖြစ်ဖို့ဆိုလျှင် . . .

ဇင်လင်းမြင့်

> “ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်ပေမယ့် အစိမ်းရောင်ဧရိယာတွေ မလျော့ပါးအောင် ထိန်းသိမ်းဖို့ဆိုတာ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်ဝိုင်းဝန်းဆောင်ရွက်မှ ရပါလိမ့်မယ်။ ရန်ကုန်မြို့မှာ မြို့နယ်အလိုက်၊ ရပ်ကွက်နဲ့ ကျေးရွာတွေအလိုက် သစ်ပင်သစ်တောတွေ ပြုစု ထိန်းသိမ်းဖို့ ထိထိရောက်ရောက် တိုက်တွန်းဖို့တော့ လိုအပ်နေပါတယ်”

“ ရန်ကုန်မြို့ကို အစိမ်းရောင်မြို့အဖြစ် တည်ရှိအောင် ကျွန်တော်တို့ကြိုးစားနေပါတယ်” လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမမှာ ဇွန် ၅ ရက်က ပြုလုပ်ခဲ့တဲ့ မီဒီယာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

သစ်ပင်သစ်တောပြုန်းတီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေ

တကယ်တော့ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်း ပြည်ပစီးပွားရေးရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ရာ မြို့ဖြစ်သလို အထပ်မြင့်နေအိမ်တိုက်တာအဆောက်အအုံတွေ ပေါများရာ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ မိုးပျံတိုက်တာအဆောက်အအုံတွေ တစ်နေ့တခြားထွက်ပေါ်လာတာနဲ့အမျှ၊ အိမ်ရာအဆောက်အအုံစီမံကိန်းတွေ တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်နေတာနဲ့အမျှ ရန်ကုန်မြို့ရဲ့သစ်ပင်သစ်တောပြုန်းတီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေရပါတယ်။

ရန်ကုန်မြို့မှာ အကောင်အထည်ဖော်ဖို့ ရှိနေတဲ့ စီမံကိန်းပေါင်း ၈၀ ခန့်ရှိတဲ့အထဲမှာ သစ်ပင်နဲ့ အစိမ်းရောင်ဧရိယာ လျော့ပါးထိခိုက်စေမယ့် ဧရိယာတွေလည်း ပါဝင်နေပါတယ်။ ဒါကြောင့်လည်း နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် အရှိန်အဟုန်နဲ့ ဖြစ်ပေါ်လာမယ့် ရန်ကုန်မြို့မှာတော့ အစိမ်းရောင်ဧရိယာတွေ မလျော့ပါးသွားအောင် ကြိုးစားထိန်းသိမ်းသွားမယ်လို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောတာဖြစ်ပါတယ်။

သစ်ပင်သစ်တောတွေ ပြုစုထိန်းသိမ်း

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်ပေမယ့် အစိမ်းရောင်ဧရိယာတွေ မလျော့ပါးအောင် ထိန်းသိမ်းဖို့ဆိုတာ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်ဝိုင်းဝန်းဆောင်ရွက်မှ ရပါလိမ့်မယ်။ ရန်ကုန်မြို့မှာ မြို့နယ်အလိုက်၊ ရပ်ကွက်နဲ့ ကျေးရွာတွေအလိုက် သစ်ပင်သစ်တောတွေ ပြုစုထိန်းသိမ်းဖို့ ထိထိရောက်ရောက် တိုက်တွန်းဖို့တော့ လိုအပ်နေပါတယ်။

ပြည်သူတွေရဲ့ကျန်းမာရေးကို အကျိုးပြု

ခေတ်မီမြို့တစ်မြို့ တည်ထောင်တဲ့အခါပဲဖြစ်ဖြစ်၊ တည်ရှိပြီးသားမြို့တစ်မြို့မှာပဲဖြစ်ဖြစ် သဘာဝစိမ်းလန်းဧရိယာ ၃၀ ရာခိုင်နှုန်းထားရှိပေးရမယ်လို့ သစ်တောဆိုင်ရာ နိုင်ငံတကာသုတေသနပညာရှင်တွေက ဆိုထားပါတယ်။ ဒါမှ လေထုသန့်စင်မှု၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုတွေ ဖြစ်ပေါ်စေပြီး နေထိုင်တဲ့ပြည်သူတွေရဲ့ကျန်းမာရေးကို အကျိုးပြုစေမှာ ဖြစ်ပါတယ်။

ရန်ကုန်မှာတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့မြို့နယ်ပေါင်း ၃၃ မြို့နယ်မှာ နှစ်စဉ်မိုးရာသီတိုင်းမှာ သစ်ပင်ခြောက်သိန်းစိုက်ပျိုးတဲ့ အစီအစဉ်တွေရှိနေပြီး ခြောက်သွေ့ရာသီမှာတော့ သစ်ပင်တွေ ထိန်းသိမ်းမှုပြုလုပ်နေပါတယ်။ ပြီးခဲ့တဲ့နှစ် ဇူလိုင်လက လှော်ကားရေဝေးရေလဲ ဧရိယာအတွင်းမှာ စည်ပင်သာယာရေးကကေ ၄၀ ခန့်မှာ ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ ဆီသပြေ၊ ကုက္ကို၊ ရေတမာစတဲ့ အပင်ပေါင်း ၂၁၆၀၀ ကို စိုက်ပျိုးခဲ့ပါတယ်။

ရန်ကုန်မြို့ရဲ့ ပြည်သူ့ဧရိယာတွေမှာ ရှုခင်းသာတွေ ဖန်တီးတာတွေ၊ မြေလွတ်တွေမှာ အရိပ်ရအပင်တွေ စိုက်ပျိုးတာတွေ၊ သစ်ပင်၊ သစ်တောတစ်အုပ်တစ်မစိုက်ပျိုးတာတွေကိုတော့ ပြုလုပ်နေတာတွေ ရှိပါတယ်။ ဒါပေမယ့် လက်ရှိထက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ဖို့တော့ လိုအပ်နေဆဲ ဖြစ်ပါတယ်။

အပူဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရ

အင်းလျားကန်၊ ကန်တော်ကြီးတို့လို ဧရိယာတွေမှာ အနီးပတ်ဝန်းကျင် ဧရိယာတွေမှာ အဆောက်အအုံတွေ မဆောက်လုပ်ဖို့ တားမြစ်သင့်ပါတယ်။ ရန်ကုန်မြို့ရဲ့ အစိမ်းရောင်ဧရိယာတွေ လျော့နည်းလာတာကြောင့် ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် ဧပြီလမှာတောင် အပူချိန် ၄၂ ဒသမ ၂ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရှိခဲ့တာမို့ ရန်ကုန်ပြည်သူတွေအပူဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရပါတယ်။

ရန်ကုန်မြို့မှာ စည်ပင်သာယာရေးကော်မတီရဲ့ပန်းခြံပေါင်း ၆၃ ခုရှိပြီး ကစားကွင်းပေါင်း ၁၁၂ ကွင်း ရှိပါတယ်။ အဲဒီပန်းခြံနဲ့ ကစားကွင်းတွေကိုတော့ ရန်ကုန်မြို့တော် ပန်းဥယျာဉ်နဲ့ အားကစားကွင်းများဌာနက စည်းကမ်းချက် ၁၅ ချက်နဲ့ ထိန်းသိမ်းစောင့်ရှောက်ပြီး ပြုစုပျိုးထောင်မှုတွေ ပြုလုပ်နေပါတယ်။ ဒါပေမယ့် အချို့စီမံကိန်းတွေ၊ အထပ်မြင့်အိမ်ရာအဆောက်အအုံစီမံကိန်းတွေကြောင့် ပန်းခြံနဲ့ ကစားကွင်းတွေ၊ ဥယျာဉ်တွေကို ထိခိုက်ဆုံးရှုံးမှုတွေ ရှိနေတာကို သတိပြုဟန့်တားသင့်တာတော့ အမှန်ပါပဲ။

ဒါ့အပြင် ရန်ကုန်မြို့ရဲ့ လမ်းဆုံအဝိုင်းတွေ၊ တြိဂံကျွန်းတွေ၊ လမ်းအလယ်ကျွန်းတွေ၊ ကားလမ်းဘေးဝဲယာတွေမှာ သစ်ပင်၊ ပန်းမန်တွေ အမြဲစိမ်းလန်းရှင်သန်နေအောင် စည်ပင်သာယာရေးက ဆောင်ရွက်နေသလို ပြည်သူတွေကလည်း ဝိုင်းဝန်းထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဆက်စပ်နေတဲ့ဌာနဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ လျှပ်စစ်၊ ဆည်မြောင်း၊ သစ်တော၊ ဆက်သွယ်ရေးစတဲ့ ဌာနတွေကလည်း သစ်ပင်မခုတ်သင့်တာတွေ မခုတ်ရအောင် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

ကားလမ်းတိုးချဲ့မှုကြောင့် လမ်းဘေးသစ်ပင်တွေ ပြိုလဲရတာတွေ၊ ခုတ်အားကြီးတွေနဲ့ မလွတ်ကင်းလို့ သစ်ပင်သစ်ကိုင်းတွေ ခုတ်ရတာတွေ၊ ရေမြောင်းတူးတာတွေ၊ ဆက်သွယ်ရေးမြေအောက်လိုင်းတွေ၊ ရေပိုက်လိုင်းတွေကြောင့် ရန်ကုန်မြို့တွင်းမှာ သစ်ပင်ပန်းမန်နဲ့ အရိပ်ရပင်တွေ ထိခိုက်ပျက်စီးမှု ရှိနေပါတယ်။

စိမ်းလန်းတဲ့မြို့တွေအဖြစ်ထိန်းသိမ်း

နိုင်ငံတကာမြို့ကြီးတွေမှာ အဆောက်အအုံတွေ တည်ဆောက်ရင် အဲဒီအဆောက်အအုံနဲ့တွဲပြီး ပန်းဥယျာဉ်တွေတွဲပြီး တည်ဆောက်စေတာတွေ၊ ပန်းဥယျာဉ်ငယ်တွေ ထည့်သွင်းဖော်ထုတ်စေတာတွေ၊ တိုက်ခန်းတိုင်းမှာ သစ်ပင်စိုက်ပျိုးမှုကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ဖို့ အစီအမံတွေ၊ ချမှတ်တာတွေ ဆောင်ရွက်စေပြီး စိမ်းလန်းတဲ့မြို့တွေအဖြစ် ထိန်းသိမ်းမှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

နိုင်ငံတကာအချို့မြို့တွေမှာ အထက်တန်းကျောင်းသားတွေကို တစ်နှစ်မှာ အပင်ငယ် ၁၀ ပင်စီ စိုက်ပျိုးခိုင်းတာတွေ ဆောင်ရွက်နေသလို ပြုပြင်ထိန်းသိမ်းမှုတွေကိုလည်း အချိန်ရတိုင်း လုပ်ကိုင်စေပါတယ်။ ရန်ကုန်မြို့မှာလည်း အထက်တန်းကျောင်းတွေမှာ စိမ်းလန်းစိုပြည်အောင် သစ်ပင်ပန်းမန်စိုက်ပျိုးမှုကောင်းမွန်တဲ့ကျောင်းတွေကို ဆုတွေချီးမြှင့်ပြီး ကျောင်းအလိုက်ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စိမ်းလန်းစိုပြည်မှုကို သတိပြုအလေးထားစိတ်တွေ ဖြစ်ပေါ်အောင် ဆောင်ရွက်စေခြင်း ဖြစ်ပါတယ်။

ရန်ကုန်မြို့ကို စိမ်းလန်းတဲ့ မြို့ကြီးတစ်မြို့ဖြစ်ဖို့ဆိုရင် မြို့ပြဧရိယာတွေမှာ သစ်ပင်တွေ စိုက်ပျိုးဖို့လိုသလို ထိန်းသိမ်းဖို့လည်း လိုအပ်နေပါတယ်။ ရန်ကုန်မြို့ရဲ့ သစ်ပင်သစ်တောဧရိယာဟာ လက်ရှိအနေအထားနဲ့ မလျော့ပါးဘဲ တိုးပွားဖို့လိုအပ်တာမို့ အစိမ်းရောင်မြို့အဖြစ် ရေရှည်ရပ်တည်ဖို့ဆိုတာ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှ ရမှာအမှန်ပါပဲ။ ။

မိုးဦးချိန်မှာ ချင့်ချိန်ကာ၊ ခရီးသွားပါ ရန်ကုန်မှာ

ရှင်နော်၊ ဓာတ်ပုံ-မောင်ယဉ်ဦး

မိုးဦးကျရာသီဖြစ်၍ မြို့တော်ရန်ကုန်တွင် အပူဓာတ်က လျော့ပါးစပြုလာပြီဖြစ်သည်။ သို့သော် ရန်ကုန်မြေသားတို့က ထိုက်သင့်သော မိုးစက်မိုးပေါက်တို့ကို မသောက်စို့ရသေး၍ လုံလောက်သော အအေးဓာတ်ကို ရန်ကုန်သူရန်ကုန်သားတို့ မခံစားရသေးချေ။ အရပ်မျက်နှာအဘက်ဘက်မှ တစ်ချက်တစ်ချက် တိုက်ခတ်လာသောလေပွေလှိုင်းများက သာမန်မြေစိုက်တဲကလေးများကို လဲပြိုသွားစေသည်။ ရုတ်ခြည်းရောက်လာပြီး ရွာချတတ်သော ရန်ကုန်မိုးကြောင့် လမ်းသွားလမ်းလာများ ရုတ်ရုတ်သဲသဲ ဖြစ်သွားတတ်သည်ကလည်း ရန်ကုန်မြို့၏ မရိုးအီနိုင်သော မြင်ကွင်းအချို့ဖြစ်သည်။

မိုးရွာစဉ် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ

ထိုသို့ မရိုးအီနိုင်သော မိုးဦးကျမြင်ကွင်းများထဲတွင် မိုးရေစိုရွှဲရွှဲဖြင့် သွားလာနေကြရသော ရန်ကုန်သူ ရန်ကုန်သားများ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ရှာဖွေလုပ်ကိုင်စားသောက်နေကြရသော ဈေးသည်များ၊ ကျောင်းသား ကျောင်းသူလေးများ၊ ဝန်ထမ်းများစသည် စသည်ဖြင့် လူထုလူတန်းစားအမျိုးမျိုးပါဝင်သည်။ မိုးကရွာ လမ်းကပိတ်သည့်အကြားတွင် လိုရာခရီးကို ဘေးမသီရန်မခအောင် ဂရုစိုက်သွားလာနေကြရသည်။ ရန်ကုန်ကားမှတ်တိုင်တစ်ခု၌ ကားတစ်စီးဆိုက်လာတိုင်း သူ့ထက်ငါ အလုအယက် ကားပေါ်ရောက်အောင် တိုးဝှေ့ တက်ကြရသည်။ မိုးထဲရေထဲတွင် မရပ်လိုသောကြောင့်ပင်ဖြစ်သည်။ ဤသည်မှာကား မိုးရွာစဉ် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ အနက်မှ တစ်ခုတစ်လေပင်။

ရန်ကုန်မြို့တော်မှ လူများသွားရောက်အလုပ်လုပ်ကိုင်ရာ၊ ရန်ကုန်မြို့တော်သို့ လူများလာရောက်အလုပ်လုပ်ကိုင်ရာ ရေခြားမြေခြားနှင့်အနီးဆုံးမြို့သည် ဒလမြို့ဖြစ်သည်။ ရန်ကုန်မြစ်၏တစ်ဖက်ကမ်းတွင် ဒလမြို့အပါအဝင် ဆိပ်ကြီးခနောင်တိုနှင့် အခြားကျေးရွာများစွာရှိသည်။ ၎င်းတို့သည် ရန်ကုန်မြို့သို့ လာရောက်ရာတွင် ရေလမ်းကိုသာ အဓိကအသုံးပြုကြရသည်။ ချယ်ရီကူးတို့များ၊ ရန်ကုန်ဝါးတားဘတ်စ်နှင့် စက်တပ်သမ္ဗန်များသည် အဆိုပါဒေသနေပြည်သူများအတွက် အားကိုးအားထားပြုစရာယာဉ်များပင်ဖြစ်သည်။ ဒေသနေပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည်လည်း အဆိုပါ ရေယာဉ်များကိုသာ အားပြုသွားလာနေကြရသည်။

စက်တပ်သမ္ဗန်ပေါ် တက်ရသည်မှာ အန္တရာယ်ရှိသော စွန့်စားမှုတစ်ခုပင်ဖြစ်

သို့ဖြစ်ရာ အဆိုပါရေယာဉ်များတွင် အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဖောကွင်းများ လုံလောက်စွာ တင်ဆောင်ထားနိုင်ရေးသည် အရေးကြီးလှသည်။ မိုးတွင်းကာလစက်တပ်သမ္ဗန်များ အန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ပေးသင့်သည်။ လှေအဆင်း၊ မြင်းအတက်ဟူသော ရှေးစကားရပ်အတိုင်း ငြိမ်သက်ခြင်းမရှိသော ရေပြင်ထဲတွင် ရပ်ထားသော စက်တပ်သမ္ဗန်ပေါ် တက်ရသည်မှာ အန္တရာယ်ရှိသော စွန့်စားမှုတစ်ခုပင်ဖြစ်သည်။ စက်တပ်သမ္ဗန်များသာမက ကူးတို့များ၊ ဝါးတားဘတ်စ်များပေါ်သို့ အတက်အဆင်းပြုချိန်သည်လည်း လွန်စွာသတိထားရမည့်အချိန်ဖြစ်သည်။ ထို့အတွက် မိုးတွင်းကာလတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးထားသော လုံခြုံရေးအရာရှိများကို သင်္ဘောဆိပ်များတွင် တာဝန်ချထားပေးနိုင်လျှင် သင့်တော်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် ဒလ-ရန်ကုန် ပြေးဆွဲနေသော ရေယာဉ်ကို တွေ့ရစဉ်။

> "ရန်ကုန်တစ်ဖက်ကမ်းသို့ ခေါက်တုံ့ခေါက်ပြန် သွားလာနေသော ရေယာဉ်များတွင် သတ်မှတ်ထားသည့် ဝန်အတိုင်းသာ ခရီးသည်ကို တင်ဆောင်သင့်သည်။ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် လုပ်ငန်းစဉ်များကို သင်္ဘောမထွက်ခွာမီ ခရီးသည်များအား ကြိုတင်အသိပေးထားသင့်သည်။ ရန်ကုန်မြစ်အတွင်းကို ခဏတာ ဖြတ်သန်းစဉ်အချိန်၌ပင် မိုးရွာနေစဉ်သော်လည်းကောင်း၊ မိုးရွာခါနီးအချိန်များတွင်သော်လည်းကောင်း အသက်ကယ်အင်္ကျီများကို မဖြစ်မနေခရီးသည်များအား ဝတ်ဆင်ထားစေသင့်သည်။ သို့မှသာ အန္တရာယ်တစ်စုံတစ်ရာကြုံတွေ့လာပါက မိမိအသက်ကို ကယ်တင်နိုင်မည်ဖြစ်"

သတ်မှတ်ထားသည့် ဝန်အတိုင်းသာ ခရီးသည်ကို တင်ဆောင်သင့်

ရန်ကုန်တစ်ဖက်ကမ်းသို့ ခေါက်တုံ့ခေါက်ပြန်သွားလာနေသော ရေယာဉ်များတွင် သတ်မှတ်ထားသည့် ဝန်အတိုင်းသာ ခရီးသည်ကို တင်ဆောင်သင့်သည်။ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် လုပ်ငန်းစဉ်များကို သင်္ဘောမထွက်ခွာမီ ခရီးသည်များအား ကြိုတင်အသိပေးထားသင့်သည်။ ရန်ကုန်မြစ်အတွင်းကို ခဏတာဖြတ်သန်းစဉ်အချိန်၌ပင် မိုးရွာနေစဉ်သော်လည်းကောင်း၊ မိုးရွာခါနီးအချိန်များတွင် သော်လည်းကောင်း အသက်ကယ်အင်္ကျီများကို မဖြစ်မနေ ခရီးသည်များအား ဝတ်ဆင်ထားစေသင့်သည်။ သို့မှသာ အန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့လာပါက မိမိအသက်ကို ကယ်တင်နိုင်မည်ဖြစ်သည်။

မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုကို စနစ်တကျ အရေးယူသင့်

ရန်ကုန်မြစ်နှင့်ပတ်သက်၍ တာဝန်ရှိသော သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှလည်း ပြည်သူများ ဘေးအန္တရာယ်ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းတုံ့ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ထားသင့်သည်။ အမြဲမပြတ်လေ့ကျင့်နေသော ကျွမ်းကျင်ကယ်ဆယ်ရေးဝန်ထမ်းများ တာဝန်ချထားသင့်သည်။ မြစ်အတွင်းသွားလာနေကြသောရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုကို စနစ်တကျ အရေးယူသင့်သည်။ မြစ်ကမ်းပါးချောင်းကမ်းပါးအနီးနေထိုင်ကြသော ကျေးရွာများအား မြစ်ရေကြီးမှုဒဏ်မခံရအောင် အချိန်မီအသိပေးသင့်သည်။

သီးခြားရေယာဉ်များ စီစဉ်ထားသင့်

အသက်အရွယ်ကြီးရင့်သူများ၊ ကျောင်းသားကျောင်းသူအရွယ် ကလေးငယ်များကို တစ်ဦးချင်းတစ်ယောက်ချင်း ရေယာဉ်ပေါ်သို့ အတက်အဆင်းခွင့်မပြုသင့်ပေ။ တာဝန်ကျဝန်ထမ်းများချထား၍ လိုက်ပါစောင့်ရှောက်သင့်သည်။ ထူးခြားသော အခြေအနေများ ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သီးခြားရေယာဉ်များ စီစဉ်ထားသင့်သည်။ မြစ်အတွင်းဝင်ထွက်သွားလာနေသော ပင်လယ်ကူးသင်္ဘောကြီးများကို ဂရုပြုမောင်းနှင်သင့်သည်။ ရေယာဉ်မှူးများ အနေဖြင့်လည်း သတ်မှတ်တန်ချိန်အတိုင်းသာ ဝန်တင်မောင်းနှင်သင့်သည်။ စက်တပ်သမ္ဗန်များတွင်လည်း ခွင့်ပြုထားသော လူဦးရေအတိုင်းသာ တင်ဆောင်သင့်ပေးသည်။

ဤသည်တို့မှာမိုးရာသီကာလ၌ ချင့်ချိန်သွားလာသင့်သော ရန်ကုန်ခရီးသွားများအတွက် သတိမူစရာများပင် ဖြစ်ပါတော့သည်။ ။

ရန်ကုန်မြို့ နောက်ဖေးလမ်းကြားတွင် သန့်ရှင်းသာယာလှပမှုကြောင့် မြို့နေပြည်သူများ သွားလာနေမှုကို တွေ့ရစဉ်။

အချပ်ပို (က) မှ

ဤတွင် ပရဟိတ သဘောဆောင်သည့် "ဒို့အိမ်အဖွဲ့" သည် ပေါ်ပေါက်လာခြင်းဖြစ်သည်။ "လူအားလုံးအသုံးပြုနိုင်သော ဒီဇိုင်းကောင်းမွန်သည့် အများပြည်သူဆိုင်ရာ နေရာများသည် ရန်ကုန်နေလူထုအတွက် ကောင်းကျိုးများဆောင်ကြဉ်းပေးနိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်" ဟူသော ဖွင့်ဟသံနှင့်အတူ ဒို့အိမ်အဖွဲ့သည် မြို့တွင်း နောက်ဖေးလမ်းကြားများကို "နောက်ဖေးလမ်းကြားဥယျာဉ်များ" အဖြစ် ပြောင်းလဲဖော်ဆောင်လာခဲ့ခြင်းဖြစ်သည်။

နောက်ဖေးလမ်းကြား ဥယျာဉ်များ ဖော်ဆောင်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများ၊ လူငယ်ပန်းချီဆရာအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ဆောင်ရွက်သကဲ့သို့ အခြားသော NGO Spring Accelerator အရှေ့အာဖရိက၊ တောင်အာရှနိုင်ငံတို့မှ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုလည်း ရှိခဲ့သည်ဟု သိရသည်။

ဒို့အိမ်အဖွဲ့သည် နောက်ဖေးလမ်းကြားဥယျာဉ်ကို ၂၀၁၆ ခုနှစ်အတွင်းက ပန်းဘဲတန်းမြို့နယ်အတွင်း ၂၇ လမ်းနှင့် ၂၈ လမ်းအကြားတွင် အစပျိုးစမ်းသပ်မှုအဖြစ် တည်ဆောက်ခဲ့သည် ဟု သိရသည်။

ဤသို့ ဆောင်ရွက်ရာတွင် မြို့နယ်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်လူမှုရေးအဖွဲ့ဝင်များ၊ လမ်းနေပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ကလေးများလွတ်လပ်စွာ အစုအဖွဲ့ဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဆော့ကစားနိုင်သကဲ့သို့ လူကြီးများစိတ်လက်ပေါ့ပါးစွာ အနားယူနိုင်ခြင်းအပြင် ကိုယ်လက်လှုပ်ရှားရာနေရာလေးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။

လက်ရှိကာလတွင်မူ ဒို့အိမ်အဖွဲ့အနေဖြင့် ကျောက်တံတားမြို့နယ်အတွင်း၌ ဆိပ်ကမ်းသာလမ်းနှင့် ၃၉ လမ်းကြား(အလယ်ဘလောက်)၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ၃၅ လမ်းကြား (အပေါ်ဘလောက်)၊ ၄၁ လမ်းနှင့် ၄၂ လမ်းကြား (အပေါ်ဘလောက်)တွင် လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ်အတွင်း၌ ၃၁ လမ်းနှင့် ၃၂ လမ်းကြား (အလယ်ဘလောက်)၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ၃၁ လမ်းကြား(အလယ်ဘလောက်)၊ ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား(အပေါ်ဘလောက်)၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား(အလယ်ဘလောက်) နှင့် ၃၀ လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား (အပေါ်ဘလောက်) တို့တွင် နောက်ဖေးလမ်းကြားဥယျာဉ်များအဖြစ် ရှစ်ခုတိုင် ဖော်ဆောင်နိုင်ခဲ့ပြီကို တွေ့ရသည်။

ဤတွင် အဋ္ဌမမြောက် နောက်ဖေးလမ်းကြား ဖွင့်လှစ်ပွဲတွင် ဗိုလ်ဆွန်ပက်လမ်းမှ ပြည်သူတစ်ဦးက "ထင်တောင်မထင်မိဘူး။ ရှုပ်ပွနေတဲ့လမ်းကြားတစ်ခုကို အခုလိုလှလှပပနဲ့သန့်ရှင်းအောင် ပြုလုပ်ပြီးကလေးတွေ၊ လူကြီးတွေ စိတ်ပျော်ရွှင်ဖွယ် အနားယူနိုင်အောင် လုပ်ဆောင်ပေးတဲ့အတွက် လုပ်ဆောင်ပေးတဲ့အဖွဲ့တွေ၊ လူကြီးတွေကို ကျေးဇူးတင်ပါတယ်။ တည်မြဲအောင်ထိန်းသိမ်းဖို့ကတော့ ကျွန်တော်တို့ နေထိုင်သူတွေရဲ့တာဝန်တစ်ခုပါပဲ" ဟု မှတ်ချက်ပေးခဲ့ဖူးသည်။

ဒို့အိမ်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံဒေါ်အေးမြတ်သူနှင့်တွေ့ဆုံခဲ့ရာတွင် ၎င်းက "အခုဆိုနောက်ဖေးလမ်းကြားများ တည်ဆောက်နေသလိုကျွန်မတို့ ဒို့အိမ်အဖွဲ့က အသက် ၁၀ နှစ်ကနေ ၁၉နှစ်အကြား မိန်းကလေးတွေကို စုစည်းပြီး တိုင်ပင်ဆွေးနွေးမှုတွေ ပြုခိုင်းတယ်။ အကြံဉာဏ်တွေ ပေးခိုင်းတယ်။ ဆုံးဖြတ်ချက်တွေ ချခိုင်းတယ်။ တည်ဆောက်မှုအပိုင်းတွေမှာ ဦးဆောင်မှုပြုခိုင်းတယ်။ သူတို့လေးတွေက နောင်တစ်ချိန်မှာ နိုင်ငံ့အတွက် အကျိုးပြုလာနိုင်တဲ့ကလေးတွေမို့ပါ။ အဲဒီအစီအစဉ်က ပြီးခဲ့တဲ့ ဇွန် ၂ ရက်နေ့ကပဲ လှိုင်သာယာမြို့နယ် တမာကျွန်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ နောက်လာမယ့် ဇွန် ၂၂ ရက်မှာလည်း ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက်မှာ ပြုလုပ်ဖို့ အစီအစဉ် ရှိပါတယ်" ဟု ဆိုထားသည်။

ထို့အပြင် ဒို့အိမ်အဖွဲ့အနေဖြင့် မြို့ပြအမွေအနှစ် ပြုပြင်ထိန်းသိမ်းရေးကဏ္ဍကိုလည်း ဖော်ဆောင်လျက်ရှိနေကြောင်း သိရသည်။

ရန်ကုန်မြို့သည် သမိုင်းဝင်အချက်အချာနေရာများ လက်ရာမပျက်တည်ရှိနေသေးသည့် အာရှတိုက်၏တစ်ခုတည်းသော မြို့ဖြစ်သည်။ မြို့ပြအမွေအနှစ်အဆောက်အအုံများသည် ရန်ကုန်၏ သက်ဝင်လှုပ်ရှားခဲ့သော အတိတ်ကိုသာမက အရေးပါသော အနာဂတ်အခွင့်အလမ်းများကိုပါ ထင်ဟပ်နေသည်။ သို့သော် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မြို့ပြတိုးတက်မှု၊ ဆောက်လုပ်ရေးလုပ်ငန်းများ တစ်ဟုန်ထိုးလုပ်ဆောင်လာမှုတို့ကြောင့် အမွေအနှစ်အဆောက်အအုံအများအပြားဖြိုချဖျက်ဆီးမှုများ ရှိလာခဲ့သည်။

ဒို့အိမ်အဖွဲ့အနေဖြင့် မြို့ပြအမွေအနှစ် အဆောက်အအုံများကို ထိန်းသိမ်းခြင်းသည် အဆောက်အအုံများ၏ ရုပ်ပိုင်းအသွင်အပြင်ကိုသာမက မြို့တစ်မြို့၏ သမိုင်းနှင့် ယဉ်ကျေးမှုလက္ခဏာများ၊ ရပ်ကွက်တစ်ခု၏ လူမှုဆိုင်ရာသရုပ်၊ မိသားစုများ၏ ဂုဏ်ယူဖွယ်ပိုင်ဆိုင်မှုများကိုပါ ထိန်းသိမ်းရာရောက်သည်ဟု ဖော်ပြမှုနှင့်အတူ မြို့ပြအမွေအနှစ် ပြုပြင်ထိန်းသိမ်းရေးကိုပါ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြထားမှုကို တွေ့ရသည်။ ဤသို့ ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်သူ ပိုင်ရှင်တို့သဘောထားဆန္ဒနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်း သိရသည်။

ဤကဲ့သို့ ဒို့အိမ်လေးများ နောက်ဖေးလမ်းကြား ဥယျာဉ်လေးများကို ဒို့အိမ်အဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဖန်တီးဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ ရှေ့ကာလများတွင်လည်း ဆက်လက်ဖော်ထုတ်သွားမည်ဟု သိရသည်။ ရေရှည်တည်တံ့ရေး၊ အမှိုက်ကင်းစင်စေရေး အစဉ်ထာဝရ အသုံးပြုနိုင်ရေးအတွက်မှာမူ ထိုဥယျာဉ်ငယ်များသို့ လာရောက်ကြသောသူများ၊ ရပ်ကွက်၌ ဖွဲ့စည်းထားသော ကော်မတီများ၊ ရပ်ကွက်နေပြည်သူများကပါ ပူးပေါင်းထိန်းသိမ်းခြင်းဖြင့် မြို့တော်ကြီး ယခုထက်ပိုမိုသာယာသန့်ရှင်းလှပစေရေးအတွက် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့ နောက်ဖေးလမ်းကြားတစ်နေရာ၌ ဒီဇိုင်းလက်ရာများဖြင့် ပုံဖော်ထားမှုကို တွေ့ရစဉ်။

"နောက်ဖေးလမ်းကြား ဥယျာဉ်များ ဖော်ဆောင်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများ၊ လူငယ်ပန်းချီဆရာအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ဆောင်ရွက်သကဲ့သို့ အခြားသော NGO Spring Accelerator အရှေ့အာဖရိက၊ တောင်အာရှနိုင်ငံတို့မှ အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်မှုလည်း ရှိခဲ့"